# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာ စောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၆၃)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ - ထိုင်း သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ် ထိုင်းရိုးရာ မျက်နှာဖုံးစွပ်အကဖျော်ဖြေပွဲသို့ တက်ရောက်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ - ထိုင်း သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ အကအဖွဲ့တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၁**

မြန်မာ - ထိုင်း သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းရိုးရာ မျက်နှာဖုံးစွပ်အက ဖျော်ဖြေပွဲကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေးသည်။

ဖျော်ဖြေပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံယဉ်ကျေးမှုဝန်ကြီး H.E.Mr.Vira Rojpojchanarat နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုအနုသုခုမကို စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ အဝင်မုခ်ဦး၌ ခင်းကျင်းပြသထားသည့် ထိုင်းနိုင်ငံ သမ္မဆက်တက္ကသိုလ် ထိုင်းခါဒီ သုတေသနဌာန၏ ပုဂံမြို့ဟောင်းရှိ မဟာသိမ်တော်ကြီး ဥပေါသဒခန်းမရှိ နံရံဆေးရေးပန်းချီ ပုံတူများနှင့် ဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုသည်။


စာမျက်နှာ ၃ ကော်လံ ၁ ✤


## (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၄၁ တွဲကို ယူရိုငွေ ၂၅၉၈၂၃၉ ဖြင့် ရောင်းချနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၁**

၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၄၁ တွဲကို ယူရိုငွေ ၂၅၉၈၂၃၉ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

အခြေခံဈေးယူရိုငွေ ၅၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ပုလဲအတွဲပေါင်း ၃၆၀ ကို ဇွန် ၂၀ ရက်နှင့် ၂၁ တို့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ယခုပြပွဲတွင် အမြင့်ဆုံးဈေးရရှိခဲ့သည့် ပုလဲအတွဲ၏ တန်ဖိုးမှာ ယူရိုငွေ ၃၂၉၉၉ ဖြစ်ပြီး အနည်းဆုံးဈေးရရှိခဲ့သည့် ပုလဲအတွဲ၏ တန်ဖိုးမှာ ယူရိုငွေ ၇၈၈ ဖြစ်ကြောင်း သိရသည်။

ပုလဲလုပ်ငန်းကော်မတီအတွင်းရေးမှူး လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်မြမြဝင်းက “မြန်မာနိုင်ငံကနေ ထွက်ရှိတဲ့ ပုလဲတွေဟာ တနင်္သာရီတိုင်းဒေသကြီး ပုလဲမွေးမြူရေးစခန်းများက ထွက်ရှိတာဖြစ်ပါတယ်။ အမြင့်ဆုံးဈေးရရှိခဲ့တဲ့ ပုလဲအတွဲဟာ ပုလဲအလုံးရေ ၅၂၄ လုံး၊ အလေးချိန် ၄၃၃ ဒသမ ၈၅ မိုမီရှိပါတယ်၊ တန်ဖိုးအနည်းဆုံးအတွဲကတော့ ပုလဲအလုံးရေ ၆၇ လုံး၊


စာမျက်နှာ ၄ ကော်လံ ၁ ❐







မြန်မာ့အလင်း

# ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့၏ ထုတ်ပြန်ချက်

ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ၂၀၁၈ ခုနှစ် ဇွန်လ ၂၀ ရက်နေ့၌ ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်၌ သုံးပွင့်ဆိုင်နားလည်မှု စာချွန်လွှာရေးထိုးခြင်းနှင့် မြန်မာအစိုးရမှ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခြင်းတို့အပေါ် ထောက်ခံအားပေးကြောင်း ဖော်ပြထားပါသည်။ ဤသတင်းထုတ်ပြန်ချက်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရ၏ ရခိုင်ပြည်နယ်အရေးဆိုင်ရာ ကိုင်တွယ်ဆောင်ရွက်မှုတို့သည် မှန်ကန်မှုရှိရုံသာမက ထောက်ခံမှုပါရရှိနေကြောင်း ပေါ်လွင်ထင်ရှားပါသည်။

ကမ္ဘာတစ်လွှားရှိ အဖျက်အမှောင့်အင်အားစုတို့က ရခိုင်ပြည်နယ်အရေးကို အကြောင်းပြုလျက် မြန်မာနိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားတို့က နေရပ်စွန့်ခွာသွားသူများ ရခိုင်ပြည်နယ်သို့ ပြန်လာမည့်အရေးအပေါ် မလိုလား၊ ဆန့်ကျင်သယောင် ဝါဒဖြန့် ထိုးနှက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့က မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် **(UNDP)** နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး **(UNHCR)** တို့အကြား နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ခြင်းသည် အဖျက်အမှောင့်အင်အားစုတို့၏ မလိုတမာ ဝါဒဖြန့်တိုက်ခိုက်မှုတို့ကို တုံ့ပြန်အလဲထိုးလိုက်ခြင်း ဖြစ်ပါသည်။ အဆိုပါ သုံးပွင့်ဆိုင်နားလည်မှု စာချွန်လွှာက နိုင်ငံတော်အစိုးရအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ မိမိတို့၏ သဘောဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာဖြင့် နေရပ်သို့ ပြန်လည်အခြေချ နေထိုင်ရေးအပေါ် ဆန့်ကျင်ခြင်းမရှိကြောင်းကို သက်သေထူပြသခဲ့ခြင်း ဖြစ်ပါသည်။

ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့၏ အဆိုပါထုတ်ပြန်ချက်၌ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြထားသည့် အကြံပေးချက်များအား အပြည့်အဝ အကောင်အထည်ဖော်ခြင်းကို ထောက်ခံအားပေးကြောင်း ဖော်ပြထားပါသည်။ ဤသည်မှာလည်း နိုင်ငံတော်အစိုးရ၏ ရခိုင်ပြည်နယ်အရေးအပေါ် အမြော်အမြင်ရှိရှိ သုံးသပ်ကိုင်တွယ် ဆောင်ရွက်ခဲ့ခြင်းအပေါ် ဥရောပသမဂ္ဂက ထောက်ခံမှုပြုလုပ်လိုက်ခြင်း ဖြစ်ပါသည်။ ထို့အပြင် အဆိုပါ ထုတ်ပြန်ချက်၌ ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများက ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန်အတွက် သီးခြားကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဆုံးဖြတ်ချက်အပေါ် ကြိုဆိုပါကြောင်းကိုပါ ဖော်ပြထားပါသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဤဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံက လူ့အခွင့်အရေး ချိုးဖောက်မှုများကို မျက်ကွယ်ပြုနေလေဟန် ဝါဒဖြန့်ထိုးနှက်မှုတို့အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိ တုံ့ပြန်လိုက်ခြင်း ဖြစ်ပါသည်။ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့၏ ဤထုတ်ပြန်ချက်သည် ဥရောပသမဂ္ဂ၏ ဒေသတွင်းထုတ်ပြန်ကြေညာချက်၊ မြန်မာနိုင်ငံအတွင်းရှိ ဥရောပသမဂ္ဂအဖွဲ့ဝင် သံရုံးများမှ အကြီးအကဲတို့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်သော ထုတ်ပြန်ချက်ဖြစ်၍ ဥရောပသမဂ္ဂတစ်ဖွဲ့လုံးအား ကိုယ်စားပြုဖော်ပြမှု အပြည့်အဝရှိပါသည်။ နိဂုံးချုပ်အနေဖြင့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့၏ ဤထုတ်ပြန်ချက်သည် ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် နိုင်ငံတော်အစိုးရက မှန်ကန်မျှတစွာ ကိုင်တွယ်ဆောင်ရွက်နေသည်ကို သက်သေထူလိုက်ခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၀/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)**

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင် ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့်ပုဒ်မခွဲ(စ)၊ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ပုဒ်မခွဲ(ခ)၊ပုဒ်မခွဲ(စ)နှင့်ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးလှဦးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၄၈/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)**

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသည် ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁ ရက် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်)နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မုတ်သုံလေ အားကောင်း

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။ **မိုး/ဇလ**

# ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးများသို့ လာရောက်ကြသည့် တရားရုံးအသုံးပြုသူများ၏ ကနဦးစစ်တမ်းများကောက်ယူခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၂၁**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ချမှတ် အကောင်အထည်ဖော်လျက်ရှိသည့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်း(၂၀၁၈-၂၀၂၂) အရ ၂၀၁၈ ခုနှစ် မြန်မာတစ်နိုင်ငံလုံးရှိ တရားရုံး ၁၈ ရုံး၌ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (Case Management Programme) ကို ဆောင်ရွက်ရန် ရွေးချယ်သတ်မှတ်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးရှိ တရားရုံး ၁၈ ရုံးအနက် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးလည်း ပါဝင်ခဲ့ရာ တရားရုံးသို့ လာရောက်ကြသည့် တရားရုံးအသုံးပြုသူများ၏ ကနဦးစစ်တမ်းများ ကောက်ယူခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းမှ စတင်၍ အဆိုပါ ခရိုင်တရားရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

ကနဦး စစ်တမ်းများကောက်ယူခြင်း အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒုတိယ ခရိုင်တရားသူကြီး ဦးမိုးကျော်က ကနဦး စစ်တမ်းကောက်ယူခြင်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် ယနေ့ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ရုံးချိန်အတွင်း၌ ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားရုံးအသုံးပြုသူများအဖြစ် တရားရုံးသို့ လာရောက်ကြသည့် အမှုသည်များ၊ သက်သေများ၊ ရှေ့နေများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဥပဒေအရာရှိများ၊ အမှုသည်များ၏ ဆွေမျိုးသားချင်းများ၊ တရားခံများ၊ အခမဲ့ ဥပဒေအထောက်အကူပြုရှေ့နေများ၊ အခြားကိစ္စများဖြင့် တရားရုံးသို့ ရောက်ရှိလာကြသူများကို စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်း စစ်တမ်းကောက်ယူခြင်းကို လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် Women’s Federation for Peace က ဦးဆောင်ပြီး ယင်းအဖွဲ့မှ လူငယ်များ၊ လှိုင်သာယာ လူငယ်ကွန်ရက်အဖွဲ့မှ လူငယ်များ၊ ဒဂုံရှေ့ဆောင်အဖွဲ့မှ လူငယ်များ၊ Rainbow Women Organization အဖွဲ့မှ လူငယ်များက ကူညီဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။



ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးများသို့ လာရောက်ကြသည့် တရားရုံးအသုံးပြုသူများ၏ ကနဦးစစ်တမ်းများကို လူမှုအဖွဲ့အစည်းများမှ လူငယ်များက ကောက်ယူနေကြစဉ်။ ဓာတ်ပုံ-ရဲထွဋ်

ဆက်လက်၍ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကနဦးအနေဖြင့် အညွှန်းကိန်းတစ်ခုအဖြစ် ရရှိနိုင်ရန် တရားရုံးအသုံးပြုသူများ၏ စစ်တမ်းကောက်ယူခြင်းကို ဆောင်ရွက်ရန်မှာ လိုအပ်ချက်တစ်ရပ်အဖြစ် စတင်ဆောင်ရွက်ပြီးနောက် အချိန်ကာလတစ်ခု ရောက်ရှိသည့်အခါ တရားရုံးအသုံးပြုသူများ၏ စစ်တမ်းကို ထပ်မံကောက်ယူ၍ တရားရုံးအသုံးပြုသူများ၏ တရားရုံးများအပေါ် ယုံကြည်ကိုးစားမှု မြင့်တက်လာခြင်းကို တိုင်းတာနိုင်မည်ဖြစ်သဖြင့် ကနဦး စစ်တမ်းကောက်ယူခြင်းမှာ အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**သတင်းစဉ်**

# စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထု ကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၁**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲတွင် ပါမောက္ခ ရဲမြ၊ ပါမောက္ခ ခင်ပြုံးကြည်၊ ပါမောက္ခ မြသီတာ၊ ပါမောက္ခ ထင်အောင်စော၊ ပါမောက္ခ သန်းသန်းဌေးနှင့် ပါမောက္ခ မာမာကြည်တို့က ဟောပြောမည်ဖြစ်ပြီး ပြည်သူလူထု ကျန်းမာရေးအသိပညာပေး ဟောပြောပွဲတွင် ပါမောက္ခ ခင်ပြုံးကြည်က အသည်းရောင်ရောဂါ ဘီနှင့်စီရောဂါအကြောင်း သိကောင်းစရာ၊ ပါမောက္ခ မြသီတာက သားအိမ်ခေါင်းရောဂါကာကွယ်ပါ၊ ပါမောက္ခ မာမာကြည်က ဆေးဝါးအကြောင်း သိကောင်းစရာ၊ ဒေါက်တာ ဝင်းဇော်က သွေးချိုဆီးချိုရောဂါကာကွယ်ပါ ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်း၊ ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **ဗထူး**

*ထင်သာမြင်သာပြုပြင်စရာ*

# မြစ်ကြီးနားမြို့ရှိ နုတထောင်ဂေါက်ကွင်းလမ်းကြား ပျက်စီးနေ၍ ပြုပြင်ပေးစေလို

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နုတထောင်ဂေါက်ကွင်းလမ်းကြားသည် ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ သွားလာအသုံးပြုနေသော လမ်းဖြစ်သည်။ ယခုအခါ အဆိုပါလမ်းမှာ အချိန်ကြာမြင့်လာသည်နှင့်အမျှ လမ်းအသုံးပြုမှုများလာသဖြင့် ချိုင့်ခွက်များ၊ ရေအိုင်များဖြင့် ပြည့်နှက်နေ၍ ရပ်ကွက်နေပြည်သူများ သွားလာရေးအခက်တွေ့နေကြသည်။



လမ်းအသုံးပြုသူများအနေဖြင့် ဤလမ်းနေရာရောက်လျှင် ချိုင့်ခွက်များကို ရှောင်တိမ်းရင်း အချင်းချင်းတိုက်မိ၍ စက်ဘီး၊ဆိုင်ကယ်များ တိမ်းမှောက်ခြင်းတို့ ဖြစ်ပေါ်ခြင်းများ ကြုံတွေ့နေကြရသည်။ ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အဆင်းအတက် ဖြစ်နေသည့် အဆိုပါလမ်းကို သွားလာရေးအဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် ကျောင်းသား ကျောင်းသူများ၊ လမ်းသွားလမ်းလာများနှင့် ရပ်ကွက်နေပြည်သူများက မျှော်လင့်တောင့်တနေကြကြောင်း သိရသည်။ **လဘန်အောင်(ကချင်မြေ)**



## ကြည့်ရှုအားပေး

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ မြန်မာ - ထိုင်း သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ထိုင်းနိုင်ငံ အနုပညာဦးစီးဌာနမှ တော်ဝင်အကအဖွဲ့နှင့် မြန်မာနိုင်ငံ အနုပညာဦးစီးဌာနမှ မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့တို့ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် ထိုင်းရိုးရာ မျက်နှာဖုံးစွပ် အက၏ ရာမယဏဇာတ်ကို ကြည့်ရှုအားပေးစဉ်။

သတင်းစဉ်

✤ *ရှေ့ဖုံးမှ*

ထို့နောက် ထိုင်းရိုးရာ မျက်နှာဖုံးစွပ် အက ဖျော်ဖြေပွဲကို ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Jukr Boon-Long နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**တူညီသောယဉ်ကျေးမှု**

ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long က ထိုင်း - မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ပန်းချီပြပွဲ၊ မျက်နှာဖုံးစွပ် အကဖျော်ဖြေပွဲ၊ ထိုင်းရုပ်ရှင်ပွဲတော်နှင့် ထိုင်းအစားအစာပွဲတော်တို့ကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အထိမ်းအမှတ်လှုပ်ရှားမှုများ ပြုလုပ်နေစဉ်ကာလတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ထိုင်းနိုင်ငံကို ၎င်း၏ ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် လာရောက်ခဲ့ပါကြောင်း၊ ထို့အတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရာထူးတာဝန်ကို စတင်ထမ်းဆောင်စဉ်က ၎င်း၏ ပထမဆုံး နိုင်ငံတကာခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ လာရောက်ခဲ့ပါကြောင်း၊ ထို့အပြင် နှစ်နိုင်ငံအကြားတွင် ယနေ့ည ကပြမည့် ရာမယဏဇာတ်ကဲ့သို့ တူညီသော ယဉ်ကျေးမှုအနုပညာများ ပျံ့နှံ့လျက်ရှိပါကြောင်း ပြောကြားသည်။

**နှစ်နိုင်ငံ နားလည်ယုံကြည်မှု**

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ထိုင်း - မြန်မာ နှစ်နိုင်ငံအကြား ဆက်ဆံရေးကို နည်းလမ်းအမျိုးမျိုးဖြင့် တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်မြောက်ခြင်းသည် ယဉ်ကျေးမှုကဏ္ဍတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အထိမ်းအမှတ် အခမ်းအနားပွဲများကို ဆက်တိုက်ဆောင်ရွက်နေခြင်းသည် နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ခင်မင်ရင်းနှီးမှုကို တိုးတက်စေပြီး နှစ်နိုင်ငံ၏ အနာဂတ် အောင်မြင်မှုများကို အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါကြောင်း ပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး **H. E. Mr. Jukr Boon-Long** နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တော်ဝင်အကအဖွဲ့နှင့် မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့တို့ ပူးပေါင်း၍ ထိုင်းရိုးရာ မျက်နှာဖုံးစွပ်အက၏ ရာမယဏဇာတ်ကို ဇာတ်တော်ဖွင့်ခန်း၊ လေးတော်တင်ခန်း၊ သီတာဒေဝီကို ခိုးယူခန်း၊ ရာမမင်းနှင့် ဒသဂီရိတို့ စစ်ခင်းခန်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဖျော်ဖြေပွဲအပြီးတွင် မြန်မာ - ထိုင်း နှစ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး H. E. Mr. Vira Rojpojchanarat နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long တို့က ဂုဏ်ပြုပန်းလက်ဆောင်ကို ပေးအပ်ကြပြီး တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

**မန္တလေးမြို့တွင် ထပ်မံဖျော်ဖြေမည်**

ထိုင်းရိုးရာ မျက်နှာဖုံးစွပ်အက ဖျော်ဖြေပွဲကို ဇွန် ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ထပ်မံဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း မြောက်ဦးခရိုင် မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ

**မြောက်ဦး ဇွန် ၂၁**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် မြောက်ဦးခရိုင် မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများတွေ့ဆုံပွဲကို ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီက အောင်တပ်ရပ်ကွက် ခရိုင်စာရင်းစစ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဝန်ထမ်းအိမ်ရာ အဆောက်အအုံထားရှိမှု အခြေအနေများ၊ စာရင်းစစ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ မြောက်ဦးခရိုင် စာရင်းစစ်မှူးက မြောက်ဦးခရိုင်အတွင်းရှိ ကျောက်တော်၊ မင်းပြား၊ မြေပုံနှင့် မြောက်ဦးမြို့နယ်များအတွင်းရှိ စာရင်းစစ်ရုံးများ၏ စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားရာ စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က စစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်နိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့ ဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၂၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်နိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့၏ ကဏ္ဍအလိုက် ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့်ရလဒ်များအပေါ် ပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဦးအောင်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းနှင့် ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့် ပါဝင်ထိုက်သူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ တက်ရောက်ကြသည်။

ယနေ့ ဆွေးနွေးပွဲတွင် ဇွန် ၁၉ ရက်နှင့် ၂၀ ရက်တို့က ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြသည့် ရလဒ်များအပေါ် ပြန်လည်ရှင်းလင်းတင်ပြကြပြီး သုံးသပ်ဆွေးနွေးကြသည်။

နိုင်ငံရေးကဏ္ဍ ဆွေးနွေးပွဲရလဒ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးခင်ဇော်ဦးက လည်းကောင်း၊ စီးပွားရေးကဏ္ဍ ဆွေးနွေးပွဲရလဒ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေ က လည်းကောင်း၊ လူမှုရေးကဏ္ဍ ဆွေးနွေးပွဲရလဒ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးဇော်ဌေးကလည်းကောင်း၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲရလဒ်များနှင့် စပ်လျဉ်း၍ ဒေါက်တာဝါဝါမောင်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲ ကော်မတီအတွင်းရေးမှူး ဦးခင်ဇော်ဦးက ဆွေးနွေးပွဲများတွင် ယခင်စုစည်းခဲ့သည့် စုစည်းချက်များ၊ မွန်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက ရရှိခဲ့သည့်အချက်များ၊ CSO ဖိုရမ်က တင်ပြလာသည့် အချက်များကို မူတည်ပြီး ကဏ္ဍအလိုက် ဆွေးနွေးကြရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့၏ ရပ်တည်ချက်တစ်ခုကို ရရှိခဲ့ပါကြောင်း၊ ယခု အစည်းအဝေးသည် အောင်မြင်ပါကြောင်း၊ ယခုကဲ့သို့ အစည်းအဝေးများကို မကြာခဏ ပြုလုပ်သင့်ပါကြောင်း၊ တတိယအကြိမ် ညီလာခံပြီးစီးပါက လုပ်ငန်းကော်မတီအစည်းအဝေးကို မကြာခဏဆောင်ရွက်ကြပြီး ညီလာခံကို ခြောက်လတစ်ကြိမ် ကျင်းပနိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသည်။



ယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် တင်ပြနိုင်ရန်အတွက် ကဏ္ဍအလိုက်ရလဒ်များကို စုစည်းနိုင်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ အစိုးရ၏ ပါဝင်သင့် ပါဝင်ထိုက်သူများ အစုအဖွဲ့မှ ဦးဂျင်မီက "လူမှုရေးကဏ္ဍမှာတော့ မူဝါဒအဆိုပြုချက် ၁၀ ချက် ရထားပါတယ်၊ ၁၀ ချက်လုံးက ပြည့်ပြည့်စုံစုံ လုပ်ထားပါတယ်၊ နိုင်ငံရေး၊ စီးပွားရေး၊ ကဏ္ဍတွေမှာလည်း သူ့ကဏ္ဍနဲ့သူ တင်ပြနေကြပါတယ်၊ ဆက်ပြီး ဆွေးနွေးသွားဖို့လည်း ရှိပါတယ်၊ ဒုတိယအကြိမ် ပြည်ထောင်စုသဘောတူညီချက် ၄ ချက် လူမှုရေးကဏ္ဍမှာ ရထားပြီးပါပြီ၊ မွန်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲက တက်လာတဲ့စာတမ်းနဲ့ CSO တွေဘက်က တင်ပြ လာတဲ့ စာတမ်းရှိပါတယ်၊ အဲဒီစာတမ်းနှစ်ခုပေါ်မှာ အခြေခံပါတယ်၊ နောက်ပြီး စာတမ်းတစ်ခု၊ နှစ်ခုတက်လာဖို့ ရှိတယ်လို့လည်း ပြောပါတယ်၊ စာတမ်းတွေအပေါ် အခြေခံပြီး ဆွေးနွေးပါတယ်၊ စာတမ်းတွေကလည်း တော်တော်ကောင်းပါတယ်၊ ကျွန်တော်တို့ လေးလေးစားစား ဆွေးနွေးပါတယ်၊ ရလဒ်တွေက တတိယအကြိမ် -(၂၁) ရာစု ပင်လုံညီလာခံအတွက် အကျိုးဖြစ်မယ်လို့ ပြောလိုပါတယ်"ဟု ပြောကြားသည်။

**မျိုးမြင့်**

❒ ရှေ့ဖုံးမှ

အလေးချိန် ၃၀ ဒသမ ၃၀ မိုမီရှိပါတယ်၊ မြန်မာ့ပုလဲကို နှစ်စဉ် ဟောင်ကောင်မှာ သွားရောက်ရောင်းချတာ ၆ ကြိမ်ရှိပါပြီ၊ မြန်မာ့ပုလဲအရည်အသွေးကို နိုင်ငံအနှံ့အပြားက ကုန်သည်အများစုက ကြိုက်နှစ်သက်ပြီးတော့ ယခုအချိန် ဟောင်ကောင်မှာဆိုရင် မြန်မာ့ပုလဲဈေးကွက်တစ်ခုကို ခိုင်ခိုင်မာမာရရှိပြီး ဖြစ်ပါတယ်၊ ဒီပွဲမှာလည်း ထူးခြားတာက တရုတ်ကုန်သည်အသစ်တွေ တိုးလာတာ တွေ့ရပါတယ်"ဟု ပြောသည်။

၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ပြီး ပုလဲအတွဲ ၃၆၀ တွဲ၊ ကျောက်မျက်အတွဲ ၃၃၆ တွဲနှင့် ကျောက်စိမ်းအတွဲ ၆၇၉၅ တွဲ စုစုပေါင်း ၇၄၉၁ တွဲကို ခင်းကျင်းပြသထားသည်။

**ဈေးနှုန်းအဆိုပြုလွှာများထည့်သွင်း**

ယနေ့ပြပွဲသို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည် စုစုပေါင်း ၄၀၀၀ ကျော် တက်ရောက်၍ ပုလဲ၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအား ကြည့်ရှုလေ့လာကြကာ သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ဈေးနှုန်းအဆိုပြုလွှာများကို ထည့်သွင်း၍ စိတ်ကြိုက်ဝယ်ယူခဲ့ကြသည်။

ပြပွဲဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက "ပြပွဲကျင်းပရခြင်းက နိုင်ငံအတွင်းမှာရှိတဲ့ ရတနာကုန်သည်တွေ၊ အထူးသဖြင့် ရောင်းချင်တဲ့သူတွေ၊ ဝယ်ချင်တဲ့ သူတွေကို စုစည်းပေးလိုက်တာပါ၊ အခုပွဲမှာ ကျောက်စိမ်းတွဲတင်ပြတဲ့ ကုမ္ပဏီ၊ လိုင်စင်ရရှိသူပေါင်း ၅၀၀ ကျော်လောက် ရှိပါတယ်၊ လက်ရှိပြည်တွင်းရတနာကုန်သည်စာရင်းမှာ ရောင်းတဲ့သူရော၊ ဝယ်တဲ့သူရော မှတ်ပုံတင်ထားတာ ၁၂၀၀ လောက်ရှိပါတယ်၊ ဝယ်မယ့်ကုန်သည် ၆၀ လောက်ကနေ အာမခံစပေါ်ငွေသွင်းတဲ့ စာရင်းတွေ ရနေပါပြီ၊ ပြည်ပရတနာကုန်သည်က ၃၀၀၀ ကျော် ရှိပါတယ်၊ မနေ့က ပြည်ပရတနာကုန်သည် ၂၅၀၀ လောက် ဝင်ပြီးတော့ ကျောက်တွဲတွေကို လာကြည့်ကြပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "အပြင်မှာ ကျောက်စိမ်းကျောက်မျက် ရောင်းချင်တဲ့သူတွေအတွက် ကုန်သည်လေးယောက်၊ ငါးယောက်ကို ခေါ်ပြဖို့ အင်မတန်ခက်ပါတယ်၊ အဲဒီလိုပဲ ဝယ်ချင်တဲ့ကုန်သည်အနေနဲ့လည်း ကျောက်တွဲ ၄ တွဲ၊ ၅ တွဲ၊ ၁၀ တွဲကို တစ်နေရာတည်းမှာ ကြည့်ရဖို့ဆိုတာကလည်း မလွယ်ပါဘူး၊ အခုလို ကျောက်စိမ်း၊ ကျောက်မျက် အတွဲပေါင်း ၄၊ ၅၊ ၆ ထောင်ကို တစ်နေရာတည်းမှာ ကြည့်ဖို့ကပိုမလွယ်ပါဘူး၊ ဒါက ရောင်းသူ ဝယ်သူတွေရတဲ့ အကျိုးပါ။

"ရောင်းတဲ့သူတွေအနေနဲ့ ဘာတွေရလဲဆိုတော့ ဝယ်တဲ့သူတွေ အများကြီးရှေ့မှာ ရောင်းရတာဖြစ်တဲ့အတွက် ပစ္စည်းရဲ့ လက်ရှိကာလပေါက်ဈေးအမှန်ကို ရနိုင်ပါတယ်၊ ကျောက်တစ်လုံးကို အချောထည်ဖြစ်အောင် ပြန်လုပ်မယ့်သူအပေါ် မူတည်ပြီးတော့ ဈေးပေးတာ၊ ဈေးရတာ မတူပါဘူး၊ အခုပြပွဲမှာက ဈေးနှုန်းအပြိုင်ပေးတဲ့ စနစ်ကိုကျင့်သုံးပြီး အဲဒီထဲကမှ အများဆုံးပေးတဲ့သူကို ရောင်းတဲ့စနစ် ဖြစ်ပါတယ်။

"ဒီပြပွဲမှာ ကျောက်စိမ်းအတွဲပေါင်း ခြောက်ထောင်ကျော် ခင်းကျင်းပြသထားပါတယ်၊ တန်ချိန်ထောင်ကျော်ရှိပါတယ်၊ အဲဒီအထဲကနေ ဝယ်သူအနေနဲ့ သူ့အလုပ် လုပ်လို့ရမယ့် ကျောက်ကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူလို့ ရပါတယ်၊ ဝယ်သူတွေအတွက် ရွေးချယ်ခွင့် အများကြီးရှိပါတယ်၊ တန်ရာတန်ဖိုးဈေးကို ပေးဝယ်မှရပါမယ်၊ ညှိနှိုင်းဈေးမရပါဘူး၊ ဒါက ရောင်းသူဝယ်သူတွေ အဓိကရရှိတဲ့ အကျိုးဖြစ်ပါတယ်"ဟု ပြောသည်။

ကျောက်မျက်ရတနာပြပွဲများကို နေပြည်တော်တွင် ၂၀၁၀ ပြည့်နှစ်ကစပြီး ပြောင်းရွှေ့ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ၁၄ ပွဲမြောက် ရှိပြီဖြစ်ကြောင်း သိရသည်။

**အခွန်၊ အခတွေကို အပြည့်အဝကောက်ခံရရှိ**

ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက "နိုင်ငံတော်ကတော့ ဈေးနှုန်းအများဆုံးပေးတဲ့သူကို ရောင်းချပေးတာ ဖြစ်ပါတယ်၊ ရောင်းရတဲ့အပေါ်မှာ အခွန်အကောက် အပြည့်အဝ ရပါတယ်၊ အပြင်မှာရောင်းတာဆို ရောင်းရတဲ့ငွေကို အမှန်အတိုင်း ပြောဖို့၊ အခွန်ဆောင်ဖို့ဆိုတာ အကန့်အသတ်တွေ ရှိနေပါသေးတယ်၊ ဒါပေမယ့် ဒီပြပွဲမှာရောင်းတဲ့ ကျောက်တုံးတစ်တုံး၊ ကျောက်တွဲတစ်တွဲကိုတော့ ဒီဈေးနဲ့ ဒီလိုရောင်းရင် ဒီဈေးအတိုင်းကို အခွန်ဖြတ်ပြီးမှ ပိုင်ရှင်ကိုငွေချေပါတယ်၊ သက်ဆိုင်ရာ ရတနာအမျိုးအစားအလိုက် နိုင်ငံတော်က သတ်မှတ်ထားတဲ့ အခွန်၊ အခတွေကို အပြည့်အဝကောက်ခံရရှိပါတယ်၊ ကျန်တဲ့ငွေကို ပိုင်ရှင်ကိုပေးပါတယ်၊ ပစ္စည်းပေါ်မှာ သတ်မှတ်ထားတဲ့ အခွန်၊ အခ ရာနှုန်းပြည့် အပြည့်အဝရပါတယ်"ဟု ပြောသည်။

ယခုပြပွဲတွင် အနည်းဆုံးအခြေခံဈေးနှုန်း သတ်မှတ်ထားမှုမှာ ပုလဲတစ်တွဲလျှင် အခြေခံဈေး ယူရိုငွေ ၅၀၀၊ ကျောက်မျက်တစ်တွဲလျှင် အခြေခံဈေး ယူရိုငွေ ၅၀၀၊ ကျောက်စိမ်းအချောထည်ကို အခြေခံဈေး ယူရိုငွေ ၁၀၀၀၊ အရိုင်းထည်ကို အခြေခံဈေး ယူရိုငွေ ၄၀၀၀ သတ်မှတ်ထားကြောင်း၊ အခြေခံဈေးနှုန်း အများဆုံးသတ်မှတ်ချက်မှာ ယူရိုငွေ တစ်သန်းနဲ့အထက် တင်ပြရောင်းချသည့် ကျောက်စိမ်းအတွဲ ၁၄ တွဲရှိပြီး အများဆုံး ယူရိုငွေ ၁၅ သန်းဖြင့် ရောင်းချသည့် အတွဲတစ်တွဲရှိကြောင်း သိရသည်။

**ပြည်ပကုန်သည် ၃၀၀၀ ကျော်တက်**

ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက "အားလုံးကို အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်၊ အခုပြပွဲကို တရုတ်၊ ထိုင်း၊ ကနေဒါ၊ ဩစတြေးလျနဲ့ အမေရိကန်က ရတနာကုန်သည်တွေ လာရောက်ကြပါတယ်၊ တရုတ်နိုင်ငံက အများဆုံး ဖြစ်ပါတယ်၊ ပြည်တွင်းကရတနာကုန်သည် ၁၂၀၀ ကျော်နဲ့ ပြည်ပကရတနာကုန်သည် ၃၀၀၀ ကျော် ပြပွဲကို တက်ပါတယ်။"

**အဆင့်မီလက်ရာမြောက်စွာ ပြုလုပ်ရောင်းချ**

"ကျောက်စိမ်း၊ ကျောက်မျက် အချောထည်နဲ့ပတ်သက်ရင် ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်ဖြစ်ထွန်းပေါ်ပေါက်ဖို့ လိုပါသေးတယ်၊ ထိုင်းနိုင်ငံက ကုန်သည်ကပဲဝယ်ဝယ်၊ တရုတ်နိုင်ငံက ကုန်သည်ကပဲ ဝယ်ဝယ်၊ ကျောက်အရိုင်းတွေကိုပဲ ဝယ်တာများပါတယ်၊ အချောထည်တွေက Traditional နဲ့ထုလုပ်တဲ့ လက်ရာလက်သားအပေါ်မှာ မူတည်ပါတယ်၊ ဥပမာပြောရရင် ကျွန်တော်တို့ဆိုရင် ဗန္ဓုလရုပ်ကိုထုရင် ခံစားလို့ရပါတယ်၊ ဒါပေမယ့် ဒီအရုပ်ကို တရုတ်နိုင်ငံသား၊ ထိုင်းနိုင်ငံသားက ဘယ်လိုခံစားမလဲ၊ အဲဒီတော့ ကျွန်တော်တို့ထုရမှာက သူတို့ကြိုက်တဲ့၊ သူတို့ Hero ဖြစ်တဲ့၊ သူတို့ Traditional ဖြစ်တဲ့ ရုပ်တုရုပ်ထွင်းတွေ၊ ပစ္စည်းတွေကို ပြုလုပ်နိုင်ရမှာဖြစ်ပါတယ်၊ အဲဒါတွေကို အဆင့်မီ လက်ရာမြောက်စွာ ပြုလုပ်ရောင်းချနိုင်မှသာ ဈေးကွက်ရရှိလာမှာ ဖြစ်ပါတယ်၊ အဲဒီဈေးကွက်ကို သိဖို့လိုပါတယ်၊ ဈေးကွက်ရှိမှ ရောင်းတာတွေ၊ ဝယ်တာတွေဖြစ်ပြီး ထုလုပ်တဲ့သူအတွက် အဆင်ပြေမှာ ဖြစ်ပါတယ်၊ အချောထည်လုပ်ငန်းကို ကိုယ့်ဘာသာလုပ်တာထက် ဈေးကွက်နဲ့နည်းပညာရှိတဲ့ သူတွေနဲ့ ပေါင်းပြီးလုပ်ရင် အဆင်ပြေမယ်လို့ ထင်ပါတယ်၊ အချောထည်လုပ်ငန်း အောင်မြင်ဖို့ ထိထိရောက်ရောက်ပံ့ပိုးနိုင်မှ တဖြည်းဖြည်း ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။

"ပြပွဲကြီးတစ်ပွဲလုပ်ရင် ပြည်တွင်း ပြည်ပကုန်သည် သုံး၊ လေးထောင်လောက်တက်ပါတယ်၊ ဒီလူတွေရဲ့နေထိုင်မှု၊ သွားလာမှု၊ စားသောက်မှု အဲဒါတွေက ကျွန်တော်တို့နိုင်ငံသားတွေအတွက် အကျိုးရှိစေပါတယ်၊ အဲဒီအပြင် ကျောက်မျက်ကဏ္ဍနဲ့ ဆက်စပ်နေတဲ့ ဟိုတယ်နဲ့ခရီးသွားလာရေး၊ နေပြည်တော်မှာရှိတဲ့ ရောင်းရေးဝယ်တာလုပ်နေတဲ့ သူတွေကအစ ကျောက်မျက်ပြပွဲကို မှီပြီးတော့မှ ငွေကြေးစီးဆင်းမှုက ပိုမိုကောင်းမွန်ပါတယ်၊ ရောင်းသူ၊ ဝယ်ယူ၊ နိုင်ငံတော် အခွန်အခ အကျိုးကျေးဇူးတွေအပြင် ကျောက်မျက်ပြပွဲကြီးကြောင့် နိုင်ငံခြားသားတွေရဲ့ တည်းခိုမှု၊ နေထိုင်မှု၊ စားသောက်မှုစရိတ်တွေ ရရှိပါတယ်။

**စည်းကမ်းချက်များ ချမှတ်ကျင့်သုံး**

"အရင်ပွဲတွေတုန်းက ပြည်တွင်း ပြည်ပ ရတနာကုန်သည်တွေအနေနဲ့ ရတနာတန်ဖိုးရဲ့၅ ရာခိုင်နှုန်းကို အာမခံစပေါ်ငွေ ကြိုတင်ပေးသွင်းပြီးမှ ဝယ်ယူရပါတယ်၊ အခုတော့ ရတနာတန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်း ကြိုတင်ပေးသွင်းပြီးမှ ဝယ်ယူခွင့်ပြုပါတယ်၊ ကျောက်တွဲတွေကိုဝယ်ပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ဝယ်ယူပြီး တန်ဖိုးငွေအတိုင်း အပြည့်မပေးချေဘူးဆိုရင် ကြိုတင်ပေးသွင်းထားတဲ့ အာမခံစပေါ်ငွေ ၁၀ ရာခိုင်နှုန်းကို သိမ်းပါတယ်၊ ပြပွဲတွေကို ရောင်းသူဝယ်သူ နှစ်ဦးနှစ်ဖက် သင့်တင့်မျှတတဲ့ စည်းကမ်းချက်တွေချမှတ်ပြီး ကျင်းပတာဖြစ်ပါတယ်၊ နိုင်ငံတော်အနေနဲ့ ကိုယ့်နိုင်ငံသားတွေနဲ့ တိုင်းရင်းသားလုပ်ငန်းရှင် အများစု အကျိုးစီးပွားဖြစ်ထွန်းမယ့် စည်းကမ်းချက်များ ချမှတ်ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတတိယနေ့ကို ဇွန် ၂၂ ရက်တွင် မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးခြင်း၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများအား ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက် (သတင်းစဉ်)**

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ သံတွဲ၌ ကျင်းပ

**သံတွဲ ဇွန် ၂၁**

ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သံတွဲ)မှ ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီက သံတွဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြည်က ဟောပြောပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး အမှတ်(၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သံတွဲ) တပ်ဖွဲ့စုမှူး ရဲအုပ် သန်းစိုးအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် မြို့မစခန်းမှူး ဒုရဲမှူးသက်စိုးက မူခင်းကျဆင်းရေးဆိုင်ရာများနှင့် မူးဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးရာ အဋ္ဌမတန်း၊ နဝမတန်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ၃၀၀ ခန့်နှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင် (ခရိုင် ပြန်/ဆက်)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈။)**

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်**

**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)တွင် ပါရှိသော "ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ဋ)နှင့် (ဌ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များနှင့် မတော်တဆဖြစ်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာထောက်ထားခြင်းအပေါ် အခြေခံကာ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဌ) ရှေးဦးပြုစုခြင်း ပညာရပ်ပြန့်ပွားရေးအတွက် အမျိုးသားအဆင့်အစီအမံများ ဆောင်ရွက်ရန်။"

၄။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၉။(က) ကောင်စီသည် ကောင်စီဝင်များထဲမှ အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးနှင့် အချိန်ပိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ခြောက်ဦး၊ စုစုပေါင်းအဖွဲ့ဝင် ၁၁ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးအနက်မှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးတို့ကို ရွေးကောက်တင်မြှောက်ရမည်။"

၅။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေတွင်ပါရှိသော "အသင်းအဆင့်ဆင့်" ဆိုသည့်စကားရပ်များကို "အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်များ"ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၆။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များအတွက် ကြီးကြပ်မှုကော်မတီများကို လည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်များအတွက် အသင်းခွဲအမှုဆောင်အဖွဲ့များကို လည်းကောင်း၊ မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံနှင့်အလုပ်ဌာနများအတွက် အသင်းခွဲငယ်များကိုလည်းကောင်း ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ပေးခြင်းတို့ ပြုနိုင်သည်။"

၇။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ထ) ၏ နောက်တွင် ပုဒ်မခွဲ (ဒ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဒ) အသင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အသင်း၏ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကို အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ရမည်။"

၈။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီများအတွက် နာယကတင်မြှောက်ခြင်းကို လည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်အသင်းခွဲများအတွက် နာယကတင်မြှောက်ခြင်းကို လည်းကောင်း၊ မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနများ၏ အသင်းခွဲငယ်များအတွက် တာဝန်ခံတင်မြှောက်ခြင်းကို လည်းကောင်း အတည်ပြုနိုင်သည်။"

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ**

**ဥပဒေကိုပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၉။)**

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်**

**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေတွင်ပါရှိသော "ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန"ဆိုသည့်စကားရပ်များကို "ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ည-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ည-၁) **လွှမ်းမိုးပိုင်ခွင့်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားအဖွဲ့အစည်းတစ်ခုတွင် မဲပေးခွင့်၊ အဖွဲ့ဝင်ပိုင်ဆိုင်ခွင့် သို့မဟုတ် အစုစပ်ပိုင်ဆိုင်ခွင့်၏ ၅၀ ရာခိုင်နှုန်းထက် ပိုမိုသောပမာဏကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ထားသည့် ပိုင်ဆိုင်မှုအခြေအနေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အောက်ပါအခြေအနေတစ်ရပ်ရပ်ကို ဖြစ်စေ၊ အားလုံးကို ဖြစ်စေ ဆောင်ရွက်နိုင်ခွင့်ရစေသည့် ပိုင်ဆိုင်မှုအခြေအနေကို ဆိုသည်-

(၁) အခြားအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှုကော်မတီ၏ ၅၀ ရာခိုင်နှုန်း အထက်ကို ခန့်ထားနိုင်ခြင်း၊

(၂) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းများကို ကွပ်ကဲသော အဆင့်မြင့် အမှုဆောင်အရာရှိများအား ခန့်ထားခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ အဆင့်ချထားခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း၊

(၃) အခြားအဖွဲ့အစည်းတစ်ခု၏ အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု၊ အုပ်ချုပ်မှု သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခြင်း၊

(၄) အခြားအဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှုဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဓိကကျသောနေရာမှ ပါဝင်ခြင်း၊

(၅) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့်ခွဲနိုင်ခြင်း၊

(၆) အခြားအဖွဲ့အစည်းတစ်ခုက ဖြည့်ဆည်းပေးသော ဝန်ဆောင်မှု၏ သဘောသဘာဝ သို့မဟုတ် ဝန်ဆောင်မှုပုံစံ၊ စည်းကမ်းသတ်မှတ်ချက်များ၊ နှုန်းထားများကို ဆုံးဖြတ်ရာတွင် သိသိသာသာ လွှမ်းမိုးမှုပြုနိုင်ခြင်း။"

(ခ) ပုဒ်မခွဲ (ဋ) ၏ နောက်တွင် ပုဒ်မခွဲ (ဋ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဋ-၁) **ယာယီလိုင်စင်** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင်လျှောက်ထားသူ၏ လုပ်ငန်းလိုအပ်ချက်၊ နည်းပညာပိုင်းဆိုင်ရာ ဖြစ်နိုင်ခြေရှိမှုနှင့် အခြားလိုအပ်သည့် သတင်းအချက်အလက်များအတွက် အချိန်ပေးလေ့လာရန် လိုအပ်မှုတို့အပေါ် မူတည်၍ ကောင်စီက ထုတ်ပေးသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း ယာယီလိုင်စင်ကိုဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဒ)၏ နောက်တွင် ပုဒ်မခွဲ (ဓ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဓ) **အခြားအဖွဲ့အစည်း** ဆိုသည်မှာ ပုဂ္ဂလိကသတင်းစာလုပ်ငန်းနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှစ်ခုအနက်တစ်ခုခုကို ပိုင်ဆိုင်ထားရှိပြီး ကျန်လုပ်ငန်းတစ်ခုကို လုပ်ကိုင်ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။"

၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အရင်းအမြစ်၊ လှိုင်းနှုန်းစဉ်ကြီးကြပ်ရေးနှင့် စံချိန်စံညွှန်းဌာနကြီး၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ

(ဇ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
အများပြည်သူဝန်ဆောင်မှုရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ

(ဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ည) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း

(ဋ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကွန်ပျူတာပညာရှင်များအသင်း

(ဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး"
ပြန်ကြားရေးဝန်ကြီးဌာန

၅။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ပ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ပ) လိုင်စင်နှင့် ယာယီလိုင်စင်များထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် ရုပ်သိမ်းခြင်း။"

၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ကောင်စီသည် ဤဥပဒေအရ ပေးအပ်ထားသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။"

၇။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း ယာယီလိုင်စင်တစ်နှစ်။"

၈။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၅ ၏ နောက်တွင် ပုဒ်မ ၄၅-က နှင့် ပုဒ်မ ၄၅-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၅-က။ ယာယီလိုင်စင်လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၄၅-ခ။ ကောင်စီသည် ပုဒ်မ ၄၅-က အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ယာယီလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၉။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၇ တွင် ပါရှိသော "စီးပွားရေးအရ ထုတ်လွှင့်သည့်"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀ တွင်ပါရှိသော "လုပ်ငန်းတစ်ခုစီ ထက်ပို၍"ဆိုသည့် စကားရပ်၏နောက်တွင် "တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅၀ ၏ နောက်တွင် ပုဒ်မ ၅၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၅၀-က။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ခုအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကောင်စီက အဆုံးအဖြတ်ပေးနိုင်သည်။"

၁၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှု ဇုန်တစ်ခုတွင် ပုဂ္ဂလိက သတင်းစာလုပ်ငန်းကို ဖြစ်စေ၊ ပုဂ္ဂလိက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုဖြစ်စေ ပူးတွဲပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းတစ်ခုတွင် လွှမ်းမိုးပိုင်ခွင့်ကို ရရှိထားပါက အခြားလုပ်ငန်းတစ်ခုကို ၃၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်ခွင့်မပြုရ။"

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ခရီးသွား အတွေးစများ

## စုသက်မှူး (မရမ်းကုန်း)

အိန္ဒိယနိုင်ငံသို့ အလုပ်ကိစ္စနှင့် ခရီးသွားဖြစ်သည်။ အိန္ဒိယသို့သွားရန် မြန်မာနိုင်ငံကနေ ကိုလ်ကတ္တားလေဆိပ်၊ ကိုလ်ကတ္တား လေဆိပ်ကနေ နယူးဒေလီ လေဆိပ်အထိ လေယာဉ်နှစ်ဆင့် ပြောင်းစီးရသည်။ အိန္ဒိယနိုင်ငံ၏ လေကြောင်းခရီးစဉ်များတွင် ပြည်တွင်း ခရီးသွားများ စီးနင်းမှုက အင်မတန်များလှသည်။ နိုင်ငံကလည်းကျယ်၊ လူဦးရေကလည်းများသည့်အတွက် တစ်နေရာနှင့်တစ်နေရာသွားလာရာတွင် လေကြောင်းကို အဓိက အလေးထားသွားကြသည်ဟု သိရသည်။

**ဝန်ဆောင်မှု**

လေယာဉ်စီးပြီးခရီးသွားသည့်တစ်လျှောက် လေယာဉ်ပေါ်မှာကျွေးသည့် အစားအစာက သူတို့နိုင်ငံ၏ အစားအစာဖြစ်သည်။ ပူပူနွေးနွေးလေး သုံးဆောင်နိုင်အောင် ဝန်ဆောင်မှုပေးသည်ကို အထူးသဘောကျလှသည်။ လေယာဉ်စီးနေရပေမယ့် အိမ်တွင်ချက်ထားသည့်ဟင်းကို ချက်ချင်းစားရသည့်အတိုင်း ပူနွေးသည်။ စားမြိန်သည်။ နွေးထွေးမှုကို ခံစားရသည်။ ကျွန်မတို့စီးသည့် လေယာဉ်တွင် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ နိုင်ငံပေါင်းစုံမှ လူပေါင်းစုံပါသည်။ ထိုသို့ပါလာသည့်အခိုက် သူတို့နိုင်ငံ၏ ရိုးရာအစားအစာကို ပူပူနွေးနွေး သုံးဆောင်နိုင်အောင် ဝန်ဆောင်မှုပေးသည့် စနစ်ကိုတော့ အထူးနှစ်သက်မိသည်။ ဩော် ... ငါတို့လေကြောင်းလိုင်းတွေမှာလည်း ခရီးတိုပဲဖြစ်ဖြစ်၊ ခရီးဝေးပဲဖြစ်ဖြစ် ဒီလိုလေးတွေ လုပ်ပေးရင် ခရီးသွားလုပ်ငန်းတွေမှာ ပိုပြီးဆွဲဆောင်နိုင်မှာပဲလို့ တွေးမိခဲ့သည်။ ကိုလ်ကတ္တားကနေ နယူးဒေလီကိုသွားတော့ လေယာဉ်ပြောင်းစီးရသည်။ အဲဒီအခါစီးရသည့် လေယာဉ်က ဘိုးရင်းအမျိုးအစားလေယာဉ်ဖြစ်သည်။ ဒုတိယလူအများဆုံးဆံ့သည့် လေယာဉ်ဟုသိရသည်။ လူကိုးယောက်စာစီးလို့ရသည်အထိ ကျယ်ဝန်းသည်။ ထိုင်ခုံတွေမှာလည်း TV တွေတပ်ထားသည်။ Touch Screen တွေမို့ အလွယ်တကူ ဖွင့်ပိတ်လို့ရသည်။ TV ထဲမှာထည့်ထားသည့် Menu တွေကို ကြည့်လိုက်တော့ သီချင်းပါသည်။ ရုပ်ရှင်ဇာတ်ကားတွေပါသည်။ သွားရောက်နေသည့် ခရီးစဉ်အကွာအဝေးကိုပြသည့် မြေပုံပါသည်။ ရုပ်ရှင်ဇာတ်ကားတွေဆိုလျှင် သူတို့ဘာသာတွေနဲ့ကြည့်လို့ရသလို အင်္ဂလိပ်ဘာသာနဲ့ ကြည့်လို့ရအောင် ရွေးချယ်စရာလေးတွေ လုပ်ပေးထားသည်။ အသံအတွက် နားကြပ်ထားပေးထားသည်။ TV ထဲထည့်ထားသည့် ရုပ်ရှင်ဇာတ်ကားတွေအကြောင်း စာအုပ်လေးလည်း စီစဉ်ပေးထားသည်။ ငါတို့နိုင်ငံမှာလည်း လေကြောင်းလိုင်းတွေကို ဒီလိုတိုးချဲ့နိုင်ရင် ခရီးသွားကဏ္ဍမှာ ဝန်ဆောင်မှုသိပ်ကောင်းမှာပဲလို့ တွေးမိပြန်သည်။

အိန္ဒိယနိုင်ငံကို ရောက်သခိုက် ကမ္ဘာ့အံ့ဖွယ်ကိုးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်သည့် တပ်ချ်မဟာကို သွားလေ့လာခွင့်ရခဲ့သည်။ တည်းသည့်ဟိုတယ်နှင့် တပ်ချ်မဟာက နည်းနည်းဝေးသည်မို့ လေးနာရီလောက် ကားစီးလိုက်ရသည်။ တပ်ချ်မဟာနား မရောက်ခင်တစ်နေရာမှာ ကြိုပို့ကားလေးတွေကို တွေ့ရသည်။ သူတို့နိုင်ငံသားတွေလည်း ကြိုပို့ကားတွေကို စောင့်ပြီး စီးနေကြတာတွေ့ရသည်။ လမ်းလျှောက်ဖို့ကလည်းမလွယ်။ အပူရှိန်က အတော်ပြင်းသည်။ တပ်ချ်မဟာကိုသွားသည့် ထိုလမ်းမတစ်လျှောက်ကို ဓာတ်ဆီကားများပေးမဝင်ဘူးဟု သိရသည်။ ထို့အပြင် ဟိုတယ်က ငှားလာတဲ့ကားကိုထားပြီး သုံးဘီးသာပါသည့် မြန်မာ့အခေါ်ဆိုက်ကားနှင့်တူသည့် ပေါင်းမိုး အမြင့်လေးတပ်ထားသည့်ဆိုက်ကားလေးကို စီးရတော့သည်။ နည်းနည်းသားနားသည့် ဆိုက်ကားစီးလျှင် တစ်ယောက်ကို ရူပီး ၁၀၀ ပေးရသည်။ အတော်အသင့်ဟာလေးစီးလျှင်တော့ တစ်ယောက်ကို ရူပီး ၅၀ ပေးရသည်။ ဆိုက်ကားစီးရတာကလည်း သိပ်မကြာ။ တပ်ချ်မဟာထဲကိုဝင်ရန် အပေါက်ဝကို ရောက်လာသည်။ ဝင်ကြေးက နိုင်ငံခြားသားမို့ Passport ပြပြီးဝင်လျှင် ရူပီး ၅၀၀ ပေးရသည်။ Passport မပါလျှင် ဝင်ကြေးက ရူပီး ၁၀၀၀ ပေးရသည်။

**ဒေသခံများစီးပွားရေးအဆင်ပြေ**

အပြန်မှာတော့ အလာတုန်းကလို ဆိုက်ကား မစီးတော့။ နေနည်းနည်းစောင်းလာတော့ လမ်းလျှောက်မယ်ဆိုပြီး လမ်းလျှောက်ကြသည်။ လမ်းတစ်လျှောက် သူတို့ဒေသထွက် အမှတ်တရပစ္စည်းလေးတွေ ရောင်းသည့် ဆိုင်တန်းများကို ငေးရင်း လမ်းလျှောက်လာခဲ့လိုက်သည်။ လမ်းလျှောက်လာသည့်အခိုက် တပ်ချ်မဟာကို ဝင်မည့်လမ်းတစ်လျှောက် ဆိုင်ကယ်တွေ ကားတွေဝင်ခွင့်ပြုရင် ဝင်လို့ရရဲ့သားနဲ့ အဲဒီက ဒေသခံတွေ စီးပွားရေးအဆင်ပြေအောင် ဆိုက်ကားလိုဟာမျိုးလေးတွေ ဆွဲခွင့်ပေးထားတာ၊ ကြိုပို့ကားလေးတွေနဲ့ အကြိုအပို့လုပ်တာလေးတွေ၊ လမ်းတစ်လျှောက် အမှတ်တရဆိုင်လေးတွေ ဖွင့်ပေးထားတာလေးတွေကိုကြည့်ပြီး တစ်မျိုးချစ်ဖို့ကောင်းနေတယ်ဟု တွေးမိသည်။ ဒီလိုဆောင်ရွက်မှုမျိုးလေးတွေ ကျွန်မတို့မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်းများမှာ လုပ်ဆောင်လျှင်ရော မရပေဘူးလား။ မြန်မာနိုင်ငံတွင် သဘာဝအလှတရားများ မျိုးစုံရှိသည်။ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ များစွာရှိသည်။ ထိုသဘာဝအလှတရားများ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများကို ဆွဲဆောင်နိုင်ဖို့ စည်းရုံးနိုင်ဖို့ဆိုလျှင် ရိုးရာဓလေ့ဖုံးလွှမ်းနေသည့် ဆောင်ရွက်ချက်များက ချစ်ဖို့မကောင်းပေဘူးလားဟု အတွေးမျိုးစုံ တွေးမိပြန်သည်။

**စိတ်ကူးနှင့်ပုံဖော်**

အမှန်ကန်ဆုံးဝန်ခံရလျှင် သူများနိုင်ငံကိုရောက်သည့်အချိန်တွင် ကိုယ့်အမိမြန်မာနိုင်ငံကို လွမ်းမိသည်။ သူတို့နိုင်ငံရဲ့ခရီးသွားလုပ်ငန်းများမှာ ပြည်တွင်းခရီးစဉ်များမှာပင် လေယာဉ်စီးနင်းမှုက အတော်များပြားတာကိုတွေ့လျှင် ကိုယ့်နိုင်ငံအတွင်းမှာလည်း ဒီလိုတိုးတက်စေချင်သည်။ သူများနိုင်ငံမှာ ခရီးသွားလုပ်ငန်းများကို ကိုယ့်နိုင်ငံနှင့်မတူ ထူးထူးခြားခြားလေးတွေ ဆောင်ရွက်ထားတာကိုတွေ့လျှင် ငါတို့နိုင်ငံမှာလည်း ဒီလိုမျိုးလေးလုပ်လိုက်ရင် အင်မတန် အကျိုးရှိမှာပဲ၊ ခရီးသွားလုပ်ငန်းကနေရသည့် ဝင်ငွေများ တိုးတက်လာမှာပဲ စသည်ဖြင့် စိတ်ကူးနှင့်ပုံဖော်မိသည်။

**"မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းသည် ခရီးသွားလုပ်ငန်းဖြစ်သည်။ ခရီးသွားလုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖြစ်သလို နိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေကိုလည်း တိုက်ရိုက်အကျိုးပြုပေသည်။ သို့ဖြစ်လျှင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဦးတစ်ယောက်တည်းနှင့်တော့ ဆောင်ရွက်လို့မရနိုင်ပေ။ သက်ဆိုင်ရာကဏ္ဍပေါင်းစုံက သက်ဆိုင်သူအားလုံး တစုတစည်းတည်း တက်ညီလက်ညီနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်"**

ကျွန်မသည် ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့်အလုပ်ကို လုပ်နေသူမဟုတ်လင့်ကစားသူများနိုင်ငံကို ရောက်သခိုက် မိမိနိုင်ငံတွင် ပြန်လည်အသုံးချနိုင်သည့် ဆောင်ရွက်ချက်များကိုတော့ အထူးဂရုပြု လေ့လာမှတ်သားမိသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကိုလည်း အခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်မှုရစေချင်သည့် ဆန္ဒအပြည့်ရှိသည်။

တစ်နေ့ အိန္ဒိယက ပြန်ရောက်ပြီး သိပ်မကြာခင်တစ်ရက်တွင် မိတ္ထီလာကန်အလှအား မြန်မာသာမက ကမ္ဘာကသိရန် ဆောင်ရွက်သွားမည်ဆိုသည့် သတင်းတစ်ပုဒ်ကို မြန်မာ့အလင်းသတင်းစာတွင် ဖတ်မိလိုက်သည်။ ရှေးမြန်မာမင်း ၁၇ ဆက်တို့ ဆည်ဖို့ပြုပြင်ခဲ့သော နိုင်ငံကျော် မိတ္ထီလာကန်အား ပြည်တွင်း ပြည်ပခရီးသွားများ ကန်အလှကို ကြည့်ရှုခံစားနိုင်စေဖို့အတွက် လှေလှော်သွားလို့ရသည့် ကရဝိက်ဖောင်ထားရှိပြီး မိတ္ထီလာကန်အလှကို လှည့်လည်ပြသမည့်အပြင် ထိုဒေသအနီးအနားရှိသည့် ဒေသထွက်ကုန် အထူးသဖြင့် အဝတ်အထည်များအား နိုင်ငံခြားသားများအတွက် ရည်ရွယ်ပြီး ဈေးကွက်ရှာနိုင်အောင် ကြိုးစားလုပ်ဆောင်သွားမည်ဆိုတဲ့သတင်းကိုဖတ်ရတော့ အင်မတန်မှ ကြည်နူးပီတိဖြစ်ရသည်။ ထိုလုပ်ငန်းစဉ် အမြန်အကောင် အထည်ဖော်နိုင်ပါစေဟု စိတ်ထဲမှ ကြိတ်ဆုတောင်းမိသည်။

**ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဦးစားပေးဆောင်ရွက်**

ယခုဆိုလျှင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် အာရှတိုက်ရှိ ဈေးကွက်နိုင်ငံများဖြစ်သည့်ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့မှ ခရီးသည်များ ပိုမိုဝင်ရောက်နိုင်ရေး ကြိုးပမ်းလျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှာ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဟုလည်း သိထားရသည်။

မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍသည် ၂၀၁၇ ခုနှစ်မှာ ဥရောပမှ ခရီးသည်လာရောက်မှု ကျဆင်းခဲ့ပေမယ့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားခရီးသွားများ ၂ ရာခိုင်နှုန်းတိုးတက်လာသည့်သတင်းကောင်းကို ကြားရသည့်အတွက် များစွာဝမ်းသာပီတိဖြစ်ရသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်အပျော်စီး သင်္ဘောခရီးစဉ်၊ စက်တပ်ရွက်လှေ ခရီးစဉ်၊ ကား၊ ဆိုင်ကယ်၊ စက်ဘီးခရီးစဉ်၊ ပြည်တွင်းမြစ်ကြောင်းခရီးစဉ်၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်၊ ပုဂံမာရသွန်ပြိုင်ပွဲ၊ မီးပုံးပျံ ပျံသန်းခြင်းခရီးစဉ်များရှိနေသည် ဆိုတာကို ကြုံဆိုမိသည်။

**များစွာပီတိဖြစ်ရ**

မြန်မာပြည်တွင်းက ခရီးသွားဘလော့ဂ်ဂါ တစ်ဦးရေးသားသည့်စာလေးကို ဖတ်မိသည်။ ဖိလစ်ပိုင်က ရေပြာရေတံခွန်ကို သူရောက်ဖူးသည်။ ပြန်လာတော့ သူတို့ဒေသခံတွေ နိုင်ငံခြားငွေဘယ်လိုရှာလဲ တွေ့လာခဲ့သည်။ သူတို့က သူတို့ဒေသရဲ့ရေပြာရေတံခွန်ကို နာရီဝက်လောက်ကြာအောင် သေချာရှင်းပြကြသည်။ Promote လုပ်ကြသည်။ ကိုယ့်နိုင်ငံပြန်ရောက်တော့ မြန်မာနိုင်ငံအတွင်းမှာရှိသည့် နန့်မွန်ကြီး ရေတံခွန်ကိုမြင်တော့ Shock တောင်ရသွားသည်။ အလွန်ကိုသာယာလှပပြီး ကမ္ဘာကျော်မယ့် blue lagoon လို့တောင် နာမည်ပေးဖြစ်လိုက်ချင်သည်။ ဘာလို့အဲဒီလိုပြောသလဲဆို အာရှက Blue lagoon တွေ သူရောက်ဖူးသည်။ မြန်မာပြည်က ဒီရေပြာရေတံခွန်လောက် မလှလို့ ကမ္ဘာကျော်မယ့် ရေပြာရေတံခွန်လို့ ပြောတာဆိုပြီး ရေးထားသည်။ Eco Tourism ဖြစ်ရေး သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ပေးရန်လိုသည့်အကြောင်းလည်း ထည့်ရေးထားသည်။ ထို့အပြင် သူ့အနေနှင့် ဒေသခံများကို ခရီးသွားလုပ်ငန်းလုပ်ရင်း မိမိတို့ရဲ့သဘာဝအလှတရားတွေ မပျက်စီးအောင် လူတွေအလာများလို့ သဘာဝအလှတရားပျက်စီးမှာ ထိုင်ကြောက်နေမယ့်အစား ဘယ်လိုထိန်းသိမ်းကြမည်၊ အဖြေရှာရမည့် နည်းလမ်းများကို မျှဝေပေးခဲ့သည်ဟု ဖတ်ရသည့်အခါ များစွာပီတိဖြစ်ရသည်။

**ကမ္ဘာသိအောင်ဖော်ထုတ်**

မြန်မာနိုင်ငံတွင် သဘာဝအလှတရားများ များစွာရှိနေသည်။ ထို့အပြင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နေရာတွေရှိသည်။ ထိုသဘာဝအလှတရားများ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများကို ကမ္ဘာသိအောင် ဖော်ထုတ်ပြသနိုင်မှသာ မြန်မာနိုင်ငံကို ခရီးသွားဝင်ရောက်မှု အခုထက် ပိုမိုလာပေမည်။ ဥပမာဆိုရလျှင်- ပျူမြို့ဟောင်းလိုနေရာဒေသမျိုး မြန်မာနိုင်ငံမှလွဲပြီး မည်သည့်နေရာတွင် တွေ့နိုင်ပေမည်နည်း။ အင်မတန်မှ စိတ်ဝင်စားစရာကောင်းလှသည့် နေရာဖြစ်သည်။ ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ရေး ခရီးသွားမြှင့်တင်မှုအစီအစဉ်များ ပိုမိုလုပ်ဆောင်သင့်ပေသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ လမ်းပန်းဆက်သွယ်ရေး၊ တည်းခိုနေထိုင်ရေး၊ စားရေးသောက်ရေးကအစစအရာရာအဆင်ပြေပြေရရှိနိုင်အောင် ကဏ္ဍမျိုးစုံကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ထားရှိပြီး သွားလာလွယ်ကူသော ခရီးစဉ်များပေါ်ထွက်လာဖို့စီစဉ်ထားပေးဖို့ လိုပေသည်။ မြန်မာနိုင်ငံရဲ့အလှတရားများကို မြန်မာသိရုံနှင့်မပြီး ကမ္ဘာကသိအောင် နည်းမျိုးစုံနဲ့ထုတ်ပြနိုင်အောင် ကြိုးပမ်းရပေမည်။ တိုးတက်ဖို့ ထိုးထွက်ရပေမည်။ ဖေ့စ်ဘွတ်ခ်၊ တွစ်တာ၊ ယူကျု၊ အင်စတာဂရမ် စတဲ့လူမှုကွန်ရက်များ၊ ကမ္ဘာ့မီဒီယာအစီအစဉ်များကနေ ခရီးသွားလုပ်ငန်းတွေကို မြှင့်တင်ဖို့လိုသည်။ သက်ဆိုင်ရာကလည်း ထိုအစီအစဉ်ကို လုပ်နေသည်ဟု ကြားသိရသည်။ ကြိုဆိုပေသည်။ ထိရောက်အောင်မြင်အောင် လုပ်ဆောင်နိုင်ပါစေဟု ဆုတောင်းမိသည်။

မီးခိုးမထွက်သည့်စီးပွားရေးလုပ်ငန်းသည် ခရီးသွားလုပ်ငန်းဖြစ်သည်။ ခရီးသွားလုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖြစ်သလို နိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေကိုလည်း တိုက်ရိုက်အကျိုးပြုပေသည်။ သို့ဖြစ်လျှင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဦးတစ်ယောက်တည်းနှင့်တော့ ဆောင်ရွက်လို့မရနိုင်ပေ။ သက်ဆိုင်ရာကဏ္ဍပေါင်းစုံက သက်ဆိုင်သူအားလုံး တစုတစည်းတည်း တက်ညီလက်ညီနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# အလင်းရောင်စီမံချက် စနစ်ဖြင့် အိမ်သုံးမီတာများ နေ့ချင်းပြီးတပ်ဆင်ပေး

**ရွှေကျင် ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ အိမ်သုံးမီတာများအား ကျေးရွာအရောက်အလင်းရောင်စီမံချက် One Stop Service(OSS) စနစ်ဖြင့်နေ့ချင်းပြီး တပ်ဆင်ခြင်းလုပ်ငန်းကို ဇွန် ၂၁ ရက်က ရွှေကျင်မြို့နယ် ဝင်းခနိမ်ကျေးရွာအုပ်စု ဝဲကြီးကျေးရွာ၌ တပ်ဆင်ပေးခဲ့သည်။

နိုင်ငံတော်၏ အလင်းရောင်စီမံချက်အဖြစ် မြို့နှင့်အလှမ်းဝေးသောကျေးရွာအချို့ကို အိမ်သုံးမီတာများနေ့ချင်းပြီး တပ်ဆင်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ရှိ ရွှေကျင်မြို့နယ် ဝင်းခနိမ်ကျေးရွာအုပ်စု ဝဲကြီးကျေးရွာ၌ အိမ်ထောင်စု ၁၀၆ စုရှိသည့်အနက် အိမ်သုံးမီတာလျှောက်ထားသည့် အိမ်ထောင်စု ၇၅ စုအတွက် အိမ်သုံးမီတာ ၇၅ လုံးကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးကျော်လွင် ဦးဆောင်၍ လျှပ်စစ်ဝန်ထမ်းများဖြင့် နေ့ချင်းပြီးတပ်ဆင်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက သွားရောက်အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော် (ပြန်/ဆက်)



■ *ကျောဖုံးမှ*

တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ **၆လတာ (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလ အထိ) ကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့်** စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ် က ကော်မရှင်သည် အမျိုးသားပညာရေးမူဝါဒများ ချမှတ်ခြင်း၊ မူဝါဒချမှတ်ရာတွင် အထောက်အကူပြုမည့် အကြံပြုအစီရင်ခံစာများ ပြုစုခြင်းနှင့်သုတေသနများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူကို အမှန်တကယ် အကျိုးပြုနိုင်မည့်လုပ်ငန်း၊ ဆောင်ရွက်နိုင်မည့် အင်အားနှင့် လိုအပ်ချက်ရှိမှု အခြေအနေ၊ လူသားအရင်းအမြစ်အင်အား၊ ငွေကြေးအင်အား၊ ရင်းနှီးမြှုပ်နှံမှုအရ ပြန်လည်ရရှိနိုင်မည့် အကျိုးရလဒ်၏ တွက်ခြေကိုက်မှုအခြေအနေ (Cost Effectiveness)၊ ရေရှည်အကျိုးရှိစွာ ဆောင်ရွက်နိုင်မှု အခြေအနေစသည့် အကြောင်းအရာများကို ထည့်သွင်းစဉ်းစား၍ မူဝါဒချမှတ်ဆောင်ရွက်နိုင်ရေးအတွက် အချက်လက်စုဆောင်းခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း အစရှိသည်တို့ကို အလေးအနက်ထားပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် မည်သည့်အကြောင်းအရာကို မည်သည့်အတွက်နှင့် မည်သည့်အတွက်ကြောင့် မူဝါဒချမှတ်ရန် လိုအပ်သည်၊ မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်မည်၊ ရလဒ်ကို မည်သို့ ဆန်းစစ်အဖြေထုတ်၍ လိုအပ်ချက်ကို မည်သို့ဖြည့်စွမ်းမည်၊ မိဘပြည်သူများကို မည်သို့အသိပေးမည် စသည်တို့ကိုလည်း ထည့်သွင်းတွက်ချက်ရပါကြောင်း၊ ထို့ကြောင့် ကော်မရှင်သည် လိုအပ်ချက်ကို အခြေခံ၍ လက်တွေ့ကျပြီး ဖြစ်သင့်သောမူဝါဒများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ချမှတ်အကြံပြုလျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားပညာရေး ဥပဒေ ၂၀၁၄ နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၅ တို့နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားပညာရေး ဥပဒေ ၂၀၁၄ နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၅ တို့နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆ -၂၀၂၁တွင် ဖော်ပြထားသည့် ဦးစားပေးလုပ်ငန်းစဉ်များနှင့် မဟာဗျူဟာစီမံကိန်း လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောတွင် စနစ်သစ်ပညာရေးကို ပြုပြင်ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အတွက် ပြည်သူများ မျှော်လင့်နေသည့် နိုင်ငံတကာအဆင့်မီ လူငယ်မောင်မယ်များကို ပြုစုပျိုးထောင်သည့်အခါတွင် အခြေခံပညာကို သင်ယူပြီးမြောက်မှသာ တက္ကသိုလ်ပညာရပ်များကို သင်ယူနိုင်သည့်အဆင့်ရောက်ရှိအောင် စနစ်သစ်ပညာရေးကို ကူးပြောင်းဆောင်ရွက်လျက် ရှိပါကြောင်း။

ကျောင်းသား ကျောင်းသူ တိုးတက်မှု ဦးရေကို သုံးနှစ်တာကာလ နှိုင်းယှဉ်မည်ဆိုပါက ၂၀၁၅ -၂၀၁၆ ပညာသင်နှစ်တွင် ၈ ဒသမ ၆ သန်းကျော်၊ ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်တွင် ၈ ဒသမ ၈၉ သန်းနှင့် ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် ၉ ဒသမ ၁၇ သန်းအထိ ဖြစ်ပါကြောင်း၊ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အပြင် အဓိက အခက်အခဲရှိနေသည့် ဒေသများကို ဦးစားပေးဖြည့်ဆည်းပေးနိုင်ခဲ့သည့်အတွက် ကျောင်းသား ကျောင်းသူဦးရေ တိုးတက်များပြားလာသကဲ့သို့ နှစ်အလိုက် အတန်းကူးပြောင်းမှုအခြေအနေသည်လည်း အလယ်တန်း၊ အထက်တန်း၌ ကျောင်းသား ကျောင်းသူဦးရေ သိသိသာသာ တိုးတက်များပြားလာပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများကို သင်ယူမှုအခွင့်အလမ်းရရှိရုံ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းသာ မဟုတ်ဘဲ သင်ယူမှုအခွင့်အလမ်းမြင့်မားလာသကဲ့သို့ ပညာရေးအရည်အသွေး မြင့်မားစေရန်အတွက် ဆရာ ဆရာမများကို သင်တန်းပေးခြင်း၊ ဘာသာရပ်ဆိုင်ရာ အရည်အသွေးများ မြှင့်တင်ပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲခြင်း၊ ကျောင်းသုံးဖတ်စာအုပ်များ အသစ်ပြုစုဖြန့်ဝေပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ ဆရာ ဆရာမများကို မွမ်းမံသင်တန်းများပေးခြင်းနှင့် မူလတန်းပညာသင်ယူနေသူအားလုံးကို မူလတန်းပညာ သင်ယူပြီးမြောက်ရေးအတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပါအတိုင်း ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

## Grade 3 ပြီးသွားသည့် မူလတန်း ကျောင်းသား ကျောင်းသူတိုင်း စာဖတ်နိုင်၊ ရေးနိုင်၊ တွက်နိုင်မှသာ တစ်သက်တာ ဆက်လက် သင်ယူနိုင်သူများ ဖြစ်လာမည်

သင်ယူမှုအားကောင်းစေရန်နှင့် တစ်သက်တာ သင်ယူနိုင်စေရန် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျောင်းသား ကျောင်းသူများအဖြစ် ပြုစုပျိုးထောင်နိုင်ရန် ကလေးများကို ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ကလေးငယ်များကို ပြုစုပျိုးထောင်မည့် ဆရာ ဆရာများ၏ အရည်အသွေးမြင့်မားရေးနှင့် ကျား၊ မ အချိုးမျှတရေး၊ သင်တန်းများ တိုးချဲ့ရေး၊ Grade 3 ပြီးသွားသည့် မူလတန်း ကျောင်းသား ကျောင်းသူတိုင်း စာဖတ်နိုင်၊ ရေးနိုင်၊ တွက်နိုင်မှသာ တစ်သက်တာ ဆက်လက် သင်ယူနိုင်သူများ ဖြစ်လာမည် ဖြစ်ပါကြောင်း။




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

အရိုးစွဲနေသည့် အလွတ်ကျက်မှတ်မှုမှ စဉ်းစားတွေးခေါ်မှုကို အားပေးမြှင့်တင်နိုင်စေရန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် သင်ယူသူများအားလုံး စာဖတ်ရန်နှင့် အသုံးချသုတေသနများကို ဆောင်ရွက်ပြီး သုတေသနရလဒ်များမှ သုတေသနစာတမ်းများ ပြုစုခြင်း၊ သုတေသနစာတမ်းဖတ်ကြားခြင်း၊ သုတေသနဂျာနယ်များတွင် ရေးသားပြုစုပြီး နက်နက်နဲနဲ သင်ကြားသင်ယူရင်း Deep Learning ကို ဆရာနှင့် သင်ယူသူတို့ များများဆွေးနွေးနိုင်မှသာ Quality Education ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး အနေဖြင့်လည်း ပထမတန်းစားပညာရေးဖြစ်မှသာ လုပ်သားဈေးကွက်အတွင်းတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကျွမ်းကျင်သူများကို ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်သည့်အပြင် Quality Education ကို ဦးတည်တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် မိဘများ၊ ဆရာများ၊ ပြည်သူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စုပေါင်းအင်အားဖြင့်သာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ အမှတ် ၃ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ သက်ဆိုင်ရာကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်အယူခံခုံအဖွဲ့ ဥပဒေ ကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြ

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြရာတွင် အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးသတ္တမနေ့၌ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို တင်ပြခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန် ၁၁ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာခွန်ဝင်းသောင်း၊ ဦးစိုးသိန်း(ခ) ဦးမောင်စိုးနှင့် ဦးမျိုးဝင်းတို့မှ ပြင်ဆင်ချက်များ တင်သွင်း၍ အကြံပြုဆွေးနွေးခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မတီသည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ကြားနာညှိနှိုင်းသည့် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇွန်လ ၁၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေ ချုပ်ရုံး၊ နေပြည်တော်ကောင်စီနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါကြောင်း။

ယင်းသို့ ညှိနှိုင်းဆွေးနွေးခဲ့ရာတွင် အကြံပြုဆွေးနွေးခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်များကို သဘောတူလက်ခံခဲ့ကြပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ အရ ထပ်မံအစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ကာလဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အဋ္ဌမပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ၁၁ ရက် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး လွှတ်တော်၏ အဓိက လုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးအပိုင်းတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေအပါအဝင် ဥပဒေခြောက်ခုကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန်အတွက် ဥပဒေကြမ်း လေးခုကိုလည်း ပေးပို့ထားပါကြောင်း။

## ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်နှင့် ရယူထားသည့် ပြည်ပချေးငွေဆိုင်ရာလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေလွှတ်တော်က ဆွေးနွေးမှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ခဲ့

ယခုအစည်းအဝေးကာလတွင် ဥပဒေပြုရေးလုပ်ငန်းများအပြင် နိုင်ငံတော်သမ္မတက အဆိုပြုခန့်အပ်တာဝန်ပေးလိုသည့် ပြည်ထောင်စုဝန်ကြီးတစ်ဦးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် တစ်ဦးတို့အတွက် လွှတ်တော်၏ သဘောတူညီချက်ရယူပေးခဲ့ပြီး ဒုတိယဝန်ကြီးတစ်ဦးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး လေးဦးခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကိုလည်း လွှတ်တော်က မှတ်တမ်းတင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်ခြင်းနှင့်စပ်လျဉ်းသည့် သဝဏ်လွှာ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးခံယူရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးခြင်းအပါအဝင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေရှင်းလင်းတင်ပြချက်၊ အရေးပေါ်ရန်ပုံငွေ ခွဲဝေသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်တစ်ခု၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ အစီရင်ခံစာအမှတ်(၃)တို့ အပါအဝင် အစီရင်ခံစာသုံးခု၊ ပြည်ထောင်စုလွှတ်တော် ပထမသက်တမ်း ငါးနှစ်ကာလနှင့် ဒုတိယသက်တမ်း ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်နှင့် ရယူထားသည့် ပြည်ပချေးငွေဆိုင်ရာလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ရှင်းလင်းတင်ပြပြီး လွှတ်တော်က ဆွေးနွေးမှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့အပြင် နိုင်ငံတော်သမ္မတထံမှ ပေးပို့တင်ပြလာသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် နှစ်ခု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူခြင်းကိစ္စရပ်တစ်ခု တို့ကိုလည်း ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မကြာခင်ကာလတွင် ပြန်လည်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်မှုအရ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပေးနိုင်ရေး အပါအဝင် အခြားသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရဦးမည်ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် မဲဆန္ဒနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီသို့

*စာမျက်နှာ ၈ သို့*

❀ *ကျောဖုံးမှ*

ရခိုင်ပြည်နယ်အတွင်း လူမှု-စီးပွား တိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးခဲ့ကာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် Humanitarian Dialogue Center ၏ အမှုဆောင် ဒါရိုက်တာ Dr. David Harland နှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

၁၆ ကြိမ်မြောက် အော်စလိုဖိုရမ်ကို နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Humanitarian Dialogue Center တို့က ဇွန် ၁၉ ရက်မှ ၂၀ ရက် အထိ ပူးတွဲကျင်းပခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E. Ms. Eriksen Søreide တို့ တွေ့ဆုံစဉ်။**

သတင်းစဉ်



*စာမျက်နှာ ၇ မှ*

၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ နောက်ဆုံးထား ပေးပို့တင်ပြကြရန် ညွှန်ကြားချက်ထုတ်ပြန်အကြောင်းကြားခဲ့ပါကြောင်း၊ သို့သော်လည်း မြို့နယ်ပေါင်း ၃၂၅ မြို့နယ်အနက် ယနေ့အထိ သုံးမြို့နယ် ပေးပို့တင်ပြရန် ကျန်ရှိနေပါကြောင်း၊ ကျန်ရှိသည့်မြို့နယ်များအနေဖြင့် လုပ်ငန်းပြီးစီးမှုများကို အမြန်ဆုံးပေးပို့ကြရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများအတွက် ပိုလျှံငွေများကိုလည်း သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲမှတစ်ဆင့် ပြန်လည်အပ်နှံကြရန် အသိပေးပြောကြားလိုပါကြောင်း။

ထို့အပြင် နောင်လာမည့်ဘဏ္ဍာရေးနှစ်အတွက် မဲဆန္ဒနယ်မြေအလိုက် ဦးစားပေးလုပ်ငန်းများကို ကြိုတင်လေ့လာစိစစ်ထားကြစေလိုပါကြောင်း၊ မြို့နယ်အလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ခွင့်ပြုဘဏ္ဍာနှစ်အတွင်း ပြီးစီးရန် တာဝန်ယူ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအားလုံးအတွက် ငွေပေးချေခြင်း အပါအဝင် အထောက်အထားများ စုံလင်စွာထိန်းသိမ်းထားရှိပြီး စနစ်တကျစစ်ဆေးမှုခံယူနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

လွှတ်တော်အသီးသီး၏ လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလတွင် မိမိတို့၏ မဲဆန္ဒနယ်မြေ အသီးသီးတွင်ရှိသည့် ပြည်သူတို့၏ မှန်ကန်သည့်အသံကို နားထောင်ပြီး နယ်မြေဒေသအလိုက် လိုအပ်ချက်များကို ဥပဒေနှင့်အညီ တတ်စွမ်းသရွေ့ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ခဲ့ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မေလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဇွန် ၂၁**

အလုပ်သမားများ လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပုံစံဖြင့် ကျား ၅၉၉၄ ဦး၊ မ ၁၀၀၅၀ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၅၉၄၄ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် မေလအတွင်း လက်ခံရရှိမှု ၁၆၁ မှုတွင် ကျေအေးမှု ၅၄ မှု၊ ပြည်နယ်နှင့် တိုင်းခုံသမာဓိအဖွဲ့သို့လွှဲပြောင်းမှု ၂၃ မှု၊ ပိတ်သိမ်းမှု ၅ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၇၉ မှုတို့ဖြစ်ပြီး အလုပ်သမား ၁၅၄ ဦးအတွက် ငွေကျပ် ၅၁၅၄၉၆၆၁ နှင့် US$ ၅၀၀ ကို ခံစားစေသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၃၈၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၄၄၄ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၂၉၁ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာ အငြင်းပွားမှု ၅ မှုနှင့် ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှု ၂၀ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံ အလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ် သိန်းပေါင်း ၁၈၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၇၅၀ အတွက် ဆေးဖိုးကုန်ကျငွေကျပ် သိန်း ၆၄၀ ကျော် ပြန်လည် ထုတ်ပေးခဲ့သည်။

အာမခံ အလုပ်သမားများအား မေလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေး ဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအနေဖြင့် အလုပ်သမားဆေးရုံကြီး သုံးရုံ၌ (ပြင်ပလူနာ ၈၀၀၇ ဦး၊ အတွင်းလူနာ ၇၁၇ ဦး)ပေါင်း ၈၇၂၄ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်း၊လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်းသုံးခန်းတို့မှ ဆေးကုသပေးမှုအနေဖြင့် ၆၈၆၁၄ ဦး၊ အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များကွင်းဆင်းဆေးကုသပေးမှု ငါးကြိမ်တွင် ၁၁၇၂ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၉၂ ကြိမ်တွင် ၂၇၆၁ ဦးတို့ကို ဆေးကုသမှုပေးနိုင်ခဲ့သည်။

**သတင်းစဉ်**

## ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ပေးမည်

**နေပြည်တော် ဇွန် ၂၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ခုနှစ် ဇူလိုင်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ၊ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | မိုးကောင်း |
| ၂။ | ကရင်ပြည်နယ် | ကော့ကရိတ် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်၊ မြောင်၊ ကန့်ဘလူ၊ မြို့သစ်၊မင်းသာ |
| ၄။ | တနင်္သာရီတိုင်းဒေသကြီး | ရေဖြူ၊တနင်္သာရီ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | နတ်တလင်း၊ ပေါင်းတည် |
| ၆။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ တောင်တွင်းကြီး၊ ဆော၊ စလင်း၊ အောင်လံ၊ မင်းလှ၊ ကန်ပက်လက် |
| ၇။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ၊တောင်သာ |
| ၈။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊သုံးခွ |
| ၁၀။ | ရှမ်းပြည်နယ် | ပင်လောင်း၊ လဲချား၊ သိန်းနီ၊ သီပေါ |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ညောင်တုန်း၊ ဇလွန် |

**သတင်းစဉ်**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှ ဇွန်လ ၁၉ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မြင်းမိုရ်ထက်မြင့်သော နိုင်ငံအစုံ ဝတ္ထုတိုများ | မောင်ခေတ်ထွန်း | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂ | ရန့်သိုက် စည်းမျဉ်း - ၁၀ | ကလောင်စုံ | ၂၀၀၀ | ကောင်းဆုသာ |
| ၃ | အတွေးနဲ့အရေး (မြန်မာ အတွေးမှ အင်္ဂလိပ်အရေးသို့) | ဒေါက်တာစိုးသန်း | ၃၀၀၀ | စိတ်ကူးချိုချို |
| ၄ | သဘာဝဘေးဒဏ်ခံနိုင်ရည် ရှိသော အဆောက်အအုံများ | ကျော်လင်း (ဆောက်လုပ်ရေး) | ၃၅၀၀ | နှင်းဆီလှိုင် |
| ၅ | မဟာဓမ္မပရဟိတ မိသားစုဝတ်ရွတ်စဉ် | မဟာမိသားစု | ၃၅၀၀ | မဇ္ဈိမ |
| ၆ | ကြိုးကြာငှက်များနှင့် ပုံသံများ | မောင်သာချို | ၂၅၀၀ | ဆန်းစသော်တာ |
| ၇ | အခွင့်သာ၍နှင့် အခြားဝတ္ထုတိုများ | မိုးကျော်စိုး (မကွေး) | ၂၅၀၀ | ယဉ်မျိုး |
| ၈ | မျော | ဟိန်းလတ် | ၄၀၀၀ | ရန်ကုန်လမ်းမများ |
| ၉ | ဘဝဝန်းကျင် ပန်းဥယျာဉ် ကဗျာများ | တက္ကသိုလ်စိုးယဉ် | ၁၅၀၀ | နိုင်ငံ့ဂုဏ်ရည် |
| ၁၀ | မမေ့နိုင်သော လက်ဖက်ရည် လေးတစ်ခွက်နှင့် စစ်သည် နှလုံးသား ပွဲတင်သံများ | ရဲမင်းစိုး | ၃၅၀၀ | နိုင်ငံ့ဂုဏ်ရည် |
| ၁၁ | Only Me ကဗျာနှင့် အက်ဆေးများ | နွေသစ်ငြိမ်း | ၂၀၀၀ | ကိုလတ်စာပေ |
| ၁၂ | စကားလုံးရုပ်ရှင် | ဆန်းကျော်စွာဝင်း | ၃၃၀၀ | ကိုလတ်စာပေ |
| ၁၃ | နိုင်ငံတော်အစိုးရနှင့် ထောက်လှမ်းရေး | လီနင် | ၃၅၀၀ | မြန္နာ |
| ၁၄ | နှလုံးသားစံအိမ် | မောင်သန်းဆွေ (ထားဝယ်) | ၄၀၀၀ | အိပ်မက်သစ် |
| ၁၅ | နားလည်ပေးခြင်းနှင့် စိတ်အားဖြည့် ဘဝဇာတ်လမ်းများ | အောင်အေး | ၂၃၀၀ | စိတ်ကူးချိုချို |
| ၁၆ | စိတ်စွမ်းအားသစ် | အောင်မေဃ | ၂၀၀၀ | ယဉ်မျိုး |
| ၁၇ | ကံယုံသည်ဆိုရာဝယ်နှင့် ဓမ္မအတွေးဘဝအမြင်စာစုများ | တက်တိုး | ၁၅၀၀ | စိတ်ကူးချိုချို |
| ၁၈ | ကလေးတွေရဲ့ အရေပြား ပြဿနာများ | ဒေါက်တာကျော်ကျော် | ၂၀၀၀ | လင်းလွန်းခင် |
| ၁၉ | ဘက်စုံအကျိုးပြု သီးစားပင်ငှက်ပျော | စိုးမြင့်ဒွဏ်း | ၂၅၀၀ | နန်းဒေဝီ |
| ၂၀ | ဆန်းနုသန့်တို့ ခေတ်မှသည် ယနေ့ စုနှင့် ဒီ | လန်တောင် စပ်စုလေး | ၅၀၀၀ | ကျော်မွေး |
| ၂၁ | ငါးပိကြော်နံ့သင်းသောပို့စ်များ | လင်းမြတ် | ၂၀၀၀ | ဂျာနယ်လစ် |
| ၂၂ | ကလေးလူငယ်ဖတ်ဖွယ်သုတ (၁၀) သဘာဝလောက သုတအဖြာဖြာ | မိုးဇက်ပိုင် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၂၃ | Political Cartoons of Harnlay | Harn Lay | ၄၅၀၀ | ရုပ်ပြောင် |
| ၂၄ | Broadcast Receiver Programming အသုံးပြုရေးသားနည်း | မြတ်မင်းခန့် | ၃၅၀၀ | မျက်ပွင့် |

ဆက်လက်ဖော်ပြပါမည်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တောင်ကုတ်မြို့ရှိ ရေဘေးသင့်ပြည်သူများအား ဆန်အိတ်များ ထောက်ပံ့



**စစ်တွေ ဇွန် ၂၁**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဇွန် ၂၀ရက် မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့နယ် လမူးမော်ကျေးရွာအုပ်စု ဘူးရွှေမော်ကျေးရွာ ဘုန်းကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့မှ လှူဒါန်းသော ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရေဘေးသင့်ပြည်သူများအား ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရေဘေးသင့် ပြည်သူများအတွက် တစ်လစာထောက်ပံ့ လှူဒါန်းသော ဆန်အိတ်များကို လည်းကောင်း (ဝဲပုံ)၊ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ဦးဝင်းမြင့်က ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော တစ်တင်းခွဲ ဆန်အိတ် ၄၃ အိတ်ကို လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းသော ဆန်အိတ် ၇၀၀ ကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ် မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံဖြစ်ပွားခဲ့သော ကျော်ကိုင်းကျေးရွာနှင့် ငှက်ပျောတော ကျေးရွာတို့ကို လည်းကောင်း၊ ဘူးရွှေမော်ကျေးရွာတွင် ရေတိုက်စား၍ ကမ်းပြိုနေမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမူးမော်ကျေးရွာတိုက်နယ် ဆေးရုံသို့ သွားရောက်၍ ရေကြီးရေလျှံမှုကြောင့် လူနာများရွှေ့ပြောင်းထားမှုအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆေးရုံအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၁**
ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ အထွေထွေစီးပွားရေး သမဝါယမအသင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနတွင် ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်က အဖွင့်အမှာစကား ပြောကြားသည်။ (ယာပုံ) ထို့နောက် အထွေထွေစီးပွားရေး သမဝါယမအသင်း အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးမြင့်ဝေက အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင်အကျိုးအမြတ်ခွဲဝေမှု အခြေအနေများကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးရဲနိုင်က အသင်းဝင်များကိုယ်စား မန်နေဂျာ ဦးထွန်းဦးအား အမှတ်တရလက်ဆောင် ပစ္စည်းပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြသည့် အသင်းသား အသင်းသူများက အထွေထွေဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**





# တပ်ကုန်းမြို့နယ် သပြေချောင်း အလက အဆင့်တိုးမြှင့်ဖွင့်

**တပ်ကုန်း ဇွန် ၂၁**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တပ်ကုန်းမြို့ နယ်မြေခံတပ်မှ တပ်မှူး ဗိုလ်မှူးချုပ် တင်မောင်လှိုင်၊ ဥတ္တရခရိုင် ပညာရေးမှူး ဦးကြည်ရွှင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြည်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးနှင့် ကျောင်းအကျိုးတော်ဆောင် တာဝန်ရှိသူများက အလယ်တန်းကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် နယ်မြေခံတပ်မှူး ဗိုလ်မှူးချုပ် တင်မောင်လှိုင်က အမှာစကား ပြောကြားကာ ခရိုင်ပညာရေးမှူးက ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

သပြေချောင်းကျေးရွာ မူလတန်းကျောင်းကို ၂၆-၆-၂၀၁၃ ခုနှစ်တွင် မူလတန်းလွန်၊ ၅-၆-၂၀၁၄ ခုနှစ်တွင် အလက(ခွဲ)၊ ၂၃-၅-၂၀၁၈ ရက်တွင် အလကအဖြစ် အဆင့်တိုးမြှင့်ခဲ့ကြောင်း၊ လက်ရှိအဆိုပါကျောင်းတွင် ဆရာ ဆရာမ ၁၅ ဦးနှင့် ကျောင်းသားကျောင်းသူပေါင်း ၄၆၀ ရှိကြောင်း သိရသည်။

ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့မှုနှင့်ပတ်သက်ပြီး သပြေချောင်းကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြည်က“ကျွန်မအနေနဲ့ ဒီကျောင်းမှာ တာဝန်ထမ်းဆောင်ခဲ့တာ ၁၁ နှစ်ကျော်ရှိပါပြီ၊ မူလတန်းကျောင်းအဆင့် သတ်မှတ်ကတည်းက မူလတန်းလွန် အလက(ခွဲ)၊ အခု အလကအထိပါ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် အများကြီးဝမ်းသာဂုဏ်ယူမိပါတယ်”ဟု ပြောသည်။

“ရွာမှာ တစ်ချိန်က မူလတန်းအထိပဲရှိခဲ့တော့ ရွာက မူလတန်းပြီးရင် အနီးဝန်းကျင်ကျေးရွာကို ကျောင်းဆက်တက်ဖို့ အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်၊ အနီးဝန်းကျင်က ကျောင်းတွေကို သွားတက်ဖို့ ဆင်သေချောင်းခြားထားတော့ ရေကူးပြီး သွားရတာရှိသလို ကျောင်းပုံမှန်တက်ခွင့် မရခဲ့တာတွေလည်း ကြုံတွေ့ခဲ့ရပါတယ်၊ အခုလို အလယ်တန်းကျောင်းပွင့်လာတော့ အများကြီး ဝမ်းသာဂုဏ်ယူပါတယ်”ဟု သပြေချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးက ပြောသည်။

**သတင်းနှင့် ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)**

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ လာရောက်မည့်ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနေမှုကို ကြည့်ရှုမည်

**ရန်ကုန် ဇွန် ၂၁**
အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌသည် ရှေ့လာမည့် သီတင်းပတ်တွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနေမှုများကို သွားရောက်ကြည့်ရှုမည် ဖြစ်သည်။

ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အော်ခစ်ဟိုတယ်၌ ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို သတင်းမီဒီယာများသို့ အသိပေးရှင်းလင်းပွဲတွင် ICRC(Myanmar)မှ ပြည်သူ့ဆက်ဆံရေးအရာရှိ Corinne Ambler က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ၎င်းက “ ICRC ဥက္ကဋ္ဌ Peter Maurer ရဲ့ ခရီးစဉ်မှာ ရခိုင်ကိုသွားမယ်၊ ကြက်ခြေနီ လှုပ်ရှားမှုအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ICRC တို့က ရခိုင်မှာ အကူအညီပေးနေတာတွေ သွားကြည့်မယ်၊ အစားအစာထောက်ပံ့နေတာတွေ၊ ကျန်းမာရေးဝန်ဆောင်မှုပေးနေတဲ့ ရွေ့လျားဆေးခန်းတွေ သွားကြည့်မယ်၊ ဘာတွေဆက်ပြီး ထောက်ပံ့ဖို့လိုအပ်သလဲဆိုတာ ကြည့်မယ်၊ မိုးရာသီရောက်နေတဲ့အတွက် ဘာတွေလိုအပ်သလဲဆိုတာ ကြည့်မယ်”ဟု ပြောသည်။

ICRC ဥက္ကဋ္ဌသည် ၎င်း၏ ခရီးစဉ်အတွင်း နေပြည်တော်၌ နိုင်ငံတော်အကြီးအကဲများနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ခရီးစဉ်ပြီးဆုံးပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားရှိ ICRC မှ အကူအညီပေးနေသည့် ဒုက္ခသည်စခန်းများသို့ သွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံသွားမည် ဖြစ်ကြောင်း ယနေ့ ရှင်းလင်းပွဲမှ သိရသည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်မှ စတင်ကာ ကြက်ခြေနီလှုပ်ရှားမှုအဖြစ် မောင်တောဒေသရှိ ကျေးရွာပေါင်း ၁၃၀ ကျော်သို့ သွားရောက်ကာ လူပေါင်း တစ်သိန်းရှစ်သောင်းကျော်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်လျက်ရှိကြောင်း ICRC(Myanmar) မှ သိရသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)သည် ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦးနှင့်မောင်တောမြို့တို့တွင် အမြဲတမ်းအခြေစိုက်ရုံးဖွင့်လှစ်ကာ ၂၀၁၂ ခုနှစ်မှ စတင်၍ အကြမ်းဖက်မှုနှင့် အခြားသော ဘေးအန္တရာယ်များ၏ဒဏ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ခံစားခဲ့ရသူများ၏ ဘဝအခြေအနေများ ပိုမိုကောင်းမွန်လာစေရန် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အာဏာပိုင်အဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာစွာ လုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ ရပ်ရွာလူထု ခေါင်းဆောင်များ၊ အကူအညီရယူသူများနှင့်လည်း ဆွေးနွေးညှိနှိုင်းကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ICRC (Myanmar) မှ သိရသည်။



အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)သည် လက်နက်ကိုင်ပဋိပက္ခ (သို့မဟုတ်) အခြားသော အကြမ်းဖက်မှုဒဏ် ခံစားနေရသူများကို ဘက်လိုက်မှုကင်း၍ ကြားနေကာ ခွဲခြားမှုမရှိဘဲ လွတ်လပ်သော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို ပံ့ပိုးပေးလျက်ရှိပြီး နိုင်ငံပေါင်း ၈၀ ကျော်တွင် ဝန်ထမ်းအင်အား ၁၆၀၀၀ ကျော်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**သတင်း- မင်းသစ် (MNA)**
**ဓာတ်ပုံ - ICRC**

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Vikram Misri အား ဇွန် ၁၉ ရက် မွန်းလွဲ ၃နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

**ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မေ ၁၁ ရက်က မြန်မာ- အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခဲ့မှုနှင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အဆိုပါစာချုပ်အရ တမူး-မိုးရေးနှင့် ရိခေါဒါရ်- ဇိုခေါသာ နယ်စပ်ဝင်/ ထွက်ပေါက်နှစ်ခုအား အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် တိုးမြှင့်ဆောင်ရွက်နေမှု၊ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ် အဆောက်အအုံများ တည်ဆောက်မည့်အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များ၊ နယ်စပ်ဖြတ်သန်းဝင်/ထွက်မှုများ အဆင်ပြေစေရေးအတွက် နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ ပလက်ဝ-ဇိုရမ်ပူ နယ်စပ် ဝင်/ထွက်ပေါက်မှ တာဝန်ရှိသူများ ဝင်ရောက်/ ထွက်ခွာမည့် လုပ်ငန်းစဉ်များအဆင်ပြေချောမွေ့စေရေးဆောင်ရွက်မှု အခြေအနေများ၊ မိမိဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လူတစ်ဦးချင်းစီအား နံပါတ်တစ်ခုစီ UID သတ်မှတ်ထုတ်ပေး၍ ပြည်သူ့ရေးရာမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ - ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ASEAN-Korea Centre (AKC) Secretary General ဖြစ်သူ H.E. Mr. Lee Hyuk ဦးဆောင်သောအဖွဲ့အား အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ASEAN-Korea Centre (AKC) Secretary General H.E. Mr. Lee Hyuk အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

ထိုသို့တွေ့ဆုံစဉ် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အာဆီယံ-ကိုရီးယားပူးပေါင်း ဆောင်ရွက်ရေးတွင် လူငယ်လေ့လာရေး၊ ဖလှယ်ရေးအစီအစဉ်များ ဆောင်ရွက်ရေး၊ စွန့်ဦးတီထွင်လူငယ်များနှင့် သက်ဆိုင်သော အစီအစဉ်များ ဆောင်ရွက်ရေး၊ မြန်မာ-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ စေတနာ့ဝန်ထမ်းလုပ်အားပေး ကိုရီးယားလူငယ်များ ကာလတို ကာလရှည်လာရောက်ကူညီဆောင်ရွက်နိုင် ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်းလှမြို့နယ်၌ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်များ ထောက်ပံ့

**မင်းလှ ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းမှ အသက် ၉၀ နှင့် အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။

လူမှုရေးပင်စင်ပေးအပ်ပွဲတွင် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အမှာစကား ပြောကြားသည်။ ထို့နောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၂ အုပ်စုမှ အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွား ၂၁၉ ဦးအတွက် တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဧပြီ၊ မေနှင့် ဇွန် သုံးလစာအတွက်ငွေကျပ် သုံးသောင်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၆၅၇၀၀၀၀ ကို လူမှုရေးပင်စင်အဖြစ် ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ပြီး ဘိုးဘွားများထံသို့ အိမ်တိုင်ရာရောက် သွားရောက်ကာ ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

## ကြိုးတံတားများကြံ့ခိုင်မှုနှင့် အရည်အသွေးပိုင်းမြှင့်တင်ရေး ပြည်တွင်းပညာရှင်များနှင့် ပြည်ပပညာရှင်များ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၁

**မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ကူး၊ ချောင်းကူးကြိုးတံတားများ ကြံ့ခိုင်မှုပိုင်းနှင့် အရည်အသွေးပိုင်းဆိုင်ရာမြှင့်တင်နိုင်ရေးတို့အတွက် ပြည်တွင်းတံတားဆောက်လုပ်ရေး အင်ဂျင်နီယာပညာရှင်များသည် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့မှ တံတားပညာရှင်များနှင့် ပူးပေါင်းကာ စမ်းသပ်မှုများပြုလုပ်ခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။**



**မကြာမီ ပြန်လည် တည်ဆောက်မည့် ဂျိုင်း တံတားကြီးကို တွေ့ရစဉ်။**

ဓာတ်ပုံ-မင်းထက်

"မြောင်းမြတံတားဖြစ်ပြီးတဲ့နောက်မှာ ခုဆိုရင် ပြည်တွင်းကြိုးတံတားတွေကို ပြည်ပတံတားပညာရှင်တွေနဲ့ ပြည်တွင်းအင်ဂျင်နီယာပညာရှင်တွေပူးပေါင်းစမ်းသပ်မှုတွေ ပြုလုပ်ပြီးဖြစ်ပါတယ်၊ ကျန်တဲ့ ပြည်တွင်းရိုးရိုး တံတားတွေကိုတော့ ပုံမှန်အရင်ကတည်းက စစ်ဆေးနေတာတွေရှိပါတယ်၊ တစ်လတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် သက်ဆိုင်ရာနယ်မြေတွေမှာ သီးခြားဖွဲ့စည်းပြီး စစ်ဆေးမှုတွေလုပ်ပါတယ်၊ ပြောရရင် ပုံမှန်စစ်ဆေးတဲ့လုပ်ငန်းတွေ ဆောင်ရွက်နေတာတွေရှိပါတယ်၊ ခုပြည်ပ ပညာရှင်တွေနဲ့ စစ်ဆေးတာကတော့ ရလဒ်ပေါ် မူတည်ပြီး ပြည်တွင်းကြိုးတံတားတွေကိုဘယ်လောက်အထိ ယုံကြည်စိတ်ချရမယ်၊ ဘယ်လောက်ထိ ကြံ့ခိုင်မှုရှိမယ်ဆိုတာကြည့်ပြီး ပြန်သုံးသပ်ရမှာတွေ ရှိပါတယ်၊ ကြံ့ခိုင်မှုပြည့်ဝတဲ့ တံတားတွေ၊ ယာယီအဆင်ပြေသေးတဲ့ တံတားတွေရှိသလို ကြံ့ခိုင်မှုမပြည့်ဝတော့တဲ့ တံတားတွေဆို အသစ်ပြန်ဆောက်သွားမှာ ဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတာဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးသိန်းမြင့်မွန်က ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနသည် ယခုဇွန်လဆန်းပိုင်းတွင် ဂျပန်၊ တရုတ်နှင့် ကိုရီးယားနိုင်ငံတို့မှ တံတားတည်ဆောက်ရေးပညာရှင်များ ဖိတ်ခေါ်ကာ ပြည်တွင်းကြိုးတံတားများကို ပူးပေါင်းစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယင်းသို့ စစ်ဆေးစမ်းသပ်ရာတွင် ပြည်တွင်းကြိုးတံတားများ၏ ပြင်ပပိုင်းဆိုင်ရာအခြေအနေများကို လက်တွေ့စမ်းသပ်လေ့လာမှုများ ပြုလုပ်ခဲ့သော်လည်း တံတားအတွင်းပိုင်းအခြေအနေများကိုမူ ပြည်ပပညာရှင်များက မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနသို့ တင်ပြအကြံပြုမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ တံတားဦးစီးဌာနအနေဖြင့် ယင်းအဖြေများကိုစောင့်ဆိုင်းလျက်ရှိပြီး ရလဒ်ပေါ်မူတည်ကာ ပြုပြင်မွမ်းမံမှုများ၊ ကြံ့ခိုင်မှုပိုင်းဆိုင်ရာအခြေအနေများကို ပြန်လည်သုံးသပ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"တကယ်တော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ တခြားနိုင်ငံတွေလို ပြည်တွင်းတံတားတွေ ကြံ့ခိုင်မှုပိုင်းဆိုင်ရာစစ်ဆေးသင့်တာကြာပါပြီ၊ ခေတ်ကာလအရ နည်းပညာပိုင်းဆိုင်ရာတွေကလည်း တိုးတက်ပြောင်းလဲနေပေမယ့် ကျွန်တော်တို့နိုင်ငံကပြောင်းလဲလာတဲ့ နည်းပညာပိုင်းဆိုင်ရာတွေကို လိုက်မမီတာမဟုတ်ပါဘူး၊ လိုက်မလုပ်တာ၊ မလိုက်တာလို့ပဲ ပြောရမှာပါ၊ သူများနိုင်ငံတွေမှာ နည်းစနစ်မြင့်တာမှန်သလို၊ နည်းစနစ်ပိုင်းဆိုင်ရာအရလည်း တကယ်ကို စနစ်တကျဆောင်ရွက်ကြပါတယ်၊ သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းစနစ်ကအစတိတိကျကျ ဆောင်ရွက်ကြတာပါ" ဟု ပြည်တွင်းဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးမြင့်အေးက ပြောသည်။

မြန်မာနိုင်ငံတွင် ချောင်းကူး၊ မြစ်ကူးကြိုးတံတားစုစုပေါင်း အစင်း ၃၀ ရှိပြီး ယင်းတံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနတံတားဦးစီးဌာနအနေဖြင့် ပြည်ပပညာရှင်များဖိတ်ခေါ်ကာ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယခုကဲ့သို့ ပြည်ပပညာရှင်များအား ဖိတ်ခေါ်ကာ ပြည်တွင်းကြိုးတံတားများ စစ်ဆေးမှုသည် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပထမဆုံးဖြစ်ပြီး ယင်းစမ်းသပ်မှုသည် ပြီးခဲ့သောဧပြီ ၂ ရက်က ပြတ်ကျခဲ့သော မြောင်းမြတံတားအကြောင်းရင်းကို အခြေခံကာ ဆောင်ရွက်ခြင်းဖြစ်သည်။ ပြတ်ကျခဲ့သော မြောင်းမြတံတားသည် တံတားတည်ဆောက်ရေး လုပ်ငန်းနယ်ပယ်အပါအဝင် ဆောက်လုပ်ရေးလောက၌ တုန်လှုပ်ရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ မြောင်းမြတံတားကို ၁၉၉၆ ခုနှစ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး နှစ်ပေါင်း ၂၀ ကျော်သာရှိသေး၍ သက်တမ်းနုနယ်သေးသော ပြည်တွင်းကြိုးတံတားများထဲတွင် ပါဝင်သေးကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း )**

## လှိုင်သာယာအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးအနီး လေဘာစာရွက်အတု ပြုလုပ်ရောင်းချသူသုံးဦးကို ထပ်မံဖမ်းဆီး

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေအများဆုံးနှင့် အလုပ်သမားအများဆုံးနေထိုင်ရာ လှိုင်သာယာမြို့နယ်တွင် အလုပ်အကိုင်များရရှိရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးအနီးတွင် လေဘာစာရွက်အတုများကို ပြုလုပ်ရောင်းချလျက်ရှိရာ ဦးစွာ ၁၆ ဦးကို ဖမ်းဆီးခဲ့ပြီးနောက် ဆက်လက်လုပ်ကိုင်ကြသည့်အတွက် ဇွန် ၂၀ ရက် နံနက်ပိုင်းက ထပ်မံဖမ်းဆီးခဲ့ရာ လေဘာစာရွက်အတုများ ကိုင်ဆောင်ထားသူ သုံးဦးကိုဖမ်းဆီးခဲ့ကြောင်း သိရသည်။



**အလုပ်အကိုင်ရရှိရန်အတွက် လေဘာလာရောက်လျှောက်ထားသူများကို တွေ့ရစဉ်။**

"အားလုံးသုံးဦးမိတဲ့ထဲမှာ တစ်ဦးကို အမှုစွဲတင်ပြီးတော့ နှစ်ဦးကို ရဲစခန်းက ခြေချုပ်ပေးထားတယ်ပြောတယ်၊ ယခင်မိတဲ့ ၁၆ ဦးကိုလည်း အမှုစွဲတင်ထားလို့ တရားရုံးရောက်နေပါပြီ၊ ရုံးနားမှာ လေဘာစာရွက်အတုရောင်းချတဲ့သူတွေရှိနေဆဲပဲလားဆိုတာ ပြောရခက်တယ်၊ တစ်လကျော်ကျော်က တရားရုံးကို စွဲတင်ထားပြီးတော့ အခုထပ်ပြီး ဖမ်းမိတယ်ဆိုတော့ ရှိနေဆဲပဲလို့ ပြောရမလားပဲ၊ အလုပ်သမားအားလုံးအဆင်ပြေအောင် နံနက် ၇ နာရီကနေ ညနေ ၄ နာရီထိ ဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ပြောသည်။

လုပ်သားဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ်များလာသော လှိုင်သာယာမြို့နယ်တွင် စက်ရုံပေါင်း ၁၀၂၉ ရုံရှိပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ မှတ်ပုံတင်ထားသော အလုပ်သမားပေါင်း နှစ်သိန်းခန့်ရှိပြီး ယခုနှစ်ဆန်းပိုင်းမှစ၍ အလုပ်လျှောက်ထားမှုပို၍များလာလျက်ရှိကြောင်း၊ ပြီးခဲ့သည့်တစ်ပတ်ကအလုပ်သမား ၆၀၀ မှ ၁၅၀၀ အထိ လေဘာစာရွက်လာရောက်လျှောက်ထားခဲ့ပြီး ယခုတစ်ပတ်တွင် ၆၀၀ ကျော်မှ ၇၀၀ ကျော်ထိ ပုံမှန်လျှောက်ထားလျက်ရှိကြောင်းနှင့်စက်ရုံများ လစာထုတ်ရက်ဖြစ် သောလကုန်ပြီး ငါးရက်နောက်ပိုင်းတွင် စက်ရုံပြောင်းအလုပ်သမားများသည့်အတွက် လေဘာစာရွက်လျှောက်ထားမှု အများဆုံးဖြစ်ကြောင်း မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ သိရသည်။

ရန်ကုန်မြို့၌ စက်မှုဇုန်အကြီးဆုံးဖြစ်သော လှိုင်သာယာတွင် ဇုန်အမှတ်စဉ်ဖြင့် စက်မှုဇုန် ခုနစ်ခုနှင့်အမည်မှည့်ခေါ်ထားသောစက်မှုဇုန် ခြောက်ခုရှိရာ စုစုပေါင်းစက်မှုဇုန် ၁၃ ခုတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှဝင်ရောက်သူနှင့် ပြင်ပမှဝင်ရောက်လုပ်ကိုင်သူစုစုပေါင်း နှစ်သိန်းခန့်ရှိ၍ နေ့စဉ်လေဘာစာရွက်လျှောက်ထားမှု အနည်းဆုံး ရာကျော်ရှိသောကြောင့် ပွဲစားများနှင့် လေဘာစာရွက်၊ ရဲစခန်းထောက်ခံစာအတုပြုလုပ်သူများ ငွေရလွယ်သောအလုပ်ဖြစ်သည့်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အထိယူကာ စာရွက်စာတမ်းအတုပြုလုပ်သူများ ပို၍များလာခြင်းဖြစ်ကြောင်း သိရသည်။

"နောက်ပိုင်းမှာ ဆိုင်းဘုတ်ထောင်ပြီး အသိပညာပေးဆောင်ရွက်ဖို့ ရှိပါတယ်၊ အလုပ်သမားတွေကို လေဘာရုံးနဲ့ ရဲစခန်းမှာပဲ လေဘာစာရွက်နဲ့ ထောက်ခံစာ ပြုလုပ်ဖို့၊ အပြင်မှာ တရားမဝင်ပါဘူးဆိုတာသိအောင် ဆိုင်းဘုတ်ထောင်မယ်၊ လက်ကိုင်စကားပြောစက်နဲ့ အသိပေးပါ့မယ်၊ သတင်းရရင်ချက်ချင်းဆောင်ရွက်ပါတယ်"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြတ်စိုးက ပြောသည်။

လေဘာစာရွက်အတုပြုလုပ်သူများထံမှ စာရွက်စာတမ်းများနှင့် တံဆိပ်တုံးများလည်း ဖမ်းဆီးရမိပြီး အများဆုံးဖမ်းမိသောနေရာမှာ ရွှေလင်ဗန်းမှဖြစ်ကြောင်း မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ သိရသည်။

**သတင်း-သန်းထိုက်**

**ဓာတ်ပုံ -သန်းစိုး**

# တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံသည် ဂုဏ်ထူးဆောင်တိုင်းပြည်အဖြစ် ပါဝင်ခွင့်ရရှိ၊ ကုန်စည်ပြခန်း ၆၄ ခန်း ပြသရောင်းချခဲ့



ဦးဝင်းသန်း



ဦးမောင်မောင်ဆန်း



ဦးကျော်သူ



ဦးမြင့်အောင်




ဒေါ်နန်းမိုင်

ပဉ္စမအကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅) ကြိမ်မြောက် တရုတ်နိုင်ငံ ကူမင်း သွင်းကုန် ထုတ်ကုန် ကုန်စည်ပြပွဲကို ဇွန် ၁၄ ရက်မှ ၂၀ရက်အထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ စတုရန်းဧရိယာ ၁၉၀၀၀၀ ကျော်ကျယ်ဝန်းသည့် Kuming Dianchi International Convention and Exhibition စင်တာတွင် ကျင်းပခဲ့သည်။

တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၈၀ ကျော်မှ ကုန်ပစ္စည်းများကို အဆင့်မီ ပြခန်းပေါင်း ၈၅၀၀ ကျော်ဖြင့် ပါဝင်ပြသလျက်ရှိပြီး မြန်မာနိုင်ငံသည် ဂုဏ်ထူးဆောင်တိုင်းပြည်အဖြစ် ပါဝင်ပြသခွင့်ရရှိကာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ၂၈၉ ဦးတို့သည် ကုန်စည်ပြခန်း ၆၄ ခန်းတွင် မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းများကို ပြသရောင်းချခဲ့သည်။

အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာကုန်သည်များအနေဖြင့် ရောင်းချရန်ထက် ကုန်သည်ချင်း တိုက်ရိုက်ချိတ်ဆက်နိုင်ရန်နှင့် ဈေးကွက်ချဲ့ထွင်ရန် သွားရောက်ပြသ ရောင်းချခြင်းဖြစ်ပြီး ပြသရောင်းချလျက်ရှိသည့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်အချို့နှင့် တာဝန်ရှိသူတို့ကို မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးဝင်းသန်း (ဒုတိယညွှန်ကြားရေးမှူး)**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

အခုက ငါးကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနဲ့ (၂၅) ကြိမ်မြောက် တရုတ်နိုင်ငံ ကူမင်း သွင်းကုန် ထုတ်ကုန် ကုန်စည်ပြပွဲဖြစ်ပါတယ်၊ ဒီနှစ် ကုန်စည်ပြပွဲမှာတော့ မြန်မာနိုင်ငံက ပြသတဲ့ ကုန်ပစ္စည်းအသစ်အနေနဲ့ လျှော်ဖြူနဲ့ ဆေးကုလားမကို ပြသရောင်းချပါတယ်၊ နောက်တစ်ခါ ငါးသေတ္တာလို အစားအသောက်နဲ့ ရွှေလုပ်ငန်းရှင်များအသင်းကနေ စနစ်တကျ ထွက်ရှိတဲ့ မြန်မာနိုင်ငံရဲ့ရွှေအကြောင်း ပြသနိုင်ပါတယ်၊ နောက် စီးပွားရေးဦးပိုင်လီမိတက်၊ မြဝတီထရိတ်ဒင်းကနေ ဦးဆောင်ပြီး မြန်မာဘီယာနဲ့ မြန်မာစီးကရက်တွေကိုလည်း ပထမဦးဆုံးအကြိမ် ပြသပါတယ်၊ ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာ အဓိကပါဝင်ပြီး အခြားပစ္စည်းတွေအနေနဲ့ မြန်မာ့လက်မှုထည်ပစ္စည်းများ၊ ကြိမ်ထည်များ၊ မြန်မာ့စားသောက်ကုန်များ၊ လက်ဖက်နှင့် လက်ဖက်ခြောက်၊ မြန်မာ့တိုင်းရင်းဆေး၊ ချင်းပြည်နယ်ထွက် မြန်မာ့ထောပတ်သီး၊ ဝဥခြောက်၊ ငရုတ်သီးခြောက် စတဲ့ပစ္စည်းတွေပြသဖို့ ခေါ်ယူခဲ့ပါတယ်၊ မြန်မာ့လက်မှုပစ္စည်းများအပြင် သစ်ပရိဘောဂအနေနဲ့ ကျွန်းပါကေးပြား ကုမ္ပဏီတစ်ခုကို ခေါ်ဆောင်ပြီး ပြသပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ကျွန်တော်တို့က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myanmar Trade Organization ) ဆိုပြီး ၂၀၁၆ ဧပြီ ၁ ရက်မှာ အစိုးရသစ်နဲ့အတူ ဌာနသစ်ကို ဖွဲ့စည်းခဲ့ပါတယ်၊ ဌာနသစ်ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်က ကုန်သွယ်မှု မြှင့်တင်ရေးကို အထူးပြုဆောင်ရွက်နိုင်ဖို့ပါ၊ နောက်တစ်ခါ မြန်မာ့ထွက်ကုန်ပစ္စည်း (Made in Myanmar) တွေကို ပြည်ပနိုင်ငံများက သိရှိပြီးတော့ ဈေးကွက်ထိုးဖောက်ဝင်ရောက်နိုင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။

**ဦးမောင်မောင်ဆန်း (ဗဟိုအလုပ်အမှုဆောင်)**
**မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

ကျွန်တော်တို့ ကျောက်မျက်အသင်းက ဆိုင်ခန်းပေါင်း ၃၂ ဆိုင် လာရောက်ပြသ ရောင်းချပါတယ်၊ ပြသတဲ့ ရည်ရွယ်ချက်က ကျောက်မျက်အကြမ်းထည်ကနေ အချောထည်အထိ မြန်မာနိုင်ငံဈေးကွက်ကို တစ်ကမ္ဘာလုံးသိအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ပြသခြင်း ဖြစ်ပါတယ်၊ နိုင်ငံတော်အတွက်လည်း အကျိုးရှိသလို ဝတ်ဆင်တဲ့သူက တိုက်ရိုက်ဝယ်ယူရတဲ့အတွက် ပိုမိုနှစ်သက်ပါတယ်၊ မနှစ်ကထက်စာရင် ဒီနှစ်က ပိုမိုရောင်းရသလို လူစိတ်ဝင်စားမှုလည်း ပိုရပါတယ်၊ ပြသတဲ့ ဆိုင်ခန်းအားလုံးလိုလို ရောင်းရပါတယ်၊ ကျောက်စိမ်းကို အဓိကဝယ်ကြပါတယ်၊ အနီနဲ့ အပြာကိုလည်း စိတ်ဝင်စားပြီး လိုက်ဝယ်တာတွေ့ရပါတယ်၊ ကျောက်စိမ်းလက်ကောက်နဲ့ ဆွဲပြား စတဲ့ လက်ဝတ်ရတနာတွေကို နှစ်သက်စွာ ဝယ်ယူကြပါတယ်၊ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ငါးကြိမ်စလုံး လာရောက်ရောင်းချ ပြသပါတယ်၊ MoU ထိုးတာမရှိပေမယ့် နေပြည်တော်မှာ လုပ်မယ့် ပြပွဲအတွက်လည်း ဖိတ်ခေါ်ထားတာ ရှိပါတယ်၊ အဲဒီမှာ အချောထည်သာမကဘဲ အရိုင်းလည်း တရားဝင်ဝယ်ယူလို့ရပါတယ်၊ နောက်ထပ် ဇန်နဝါရီမှာလည်း ရန်ကုန်မှာလုပ်မယ့် ကျောက်မျက်ရတနာ အချောထည်ပြပွဲ ရှိပါတယ်၊ အဲ့ဒီအတွက်လည်း ဖိတ်ထားပါတယ်၊ အခုလို နှစ်နိုင်ငံ ပူးပေါင်းခွင့်ရတဲ့အတွက် အကျိုးအမြတ်တွေ ရှိပါတယ်။

**ဦးကျော်သူ (အတွင်းရေးမှူး )**
**မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် တင်ပို့ရောင်းချသူများအသင်း**

ကူမင်းကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးက ထွက်တဲ့ သစ်သီးဝလံတွေစုပြီး လာရောက်ရောင်းချတာပါ၊ သစ်သီးအနေနဲ့ အခုချိန်ထွက်နေတာက သရက်သီးနဲ့ ထောပတ်သီးပါ၊ ထောပတ်သီးကတော့ ချင်းပြည်နယ်ကထွက်တဲ့ အသီးပေါ့၊ ဝဥ၊ ကယန်းငရုတ်၊ ဖာလာ၊ မျှစ်ချဉ်၊ နနွင်းမှုန့်နဲ့ ချင်းတောင်ထွက် ကော်ဖီတွေပါပါတယ်၊ နောက် မိချောင်းကွမ်းဖတ်ကို စိတ်ဝင်စားလို့ လာမေးပါတယ်၊ အဓိကကတော့ ဈေးကွက်ချဲ့တာပါ၊ ကျွန်တော်တို့ ကုန်တွေကို နယ်စပ်ကနေ ရောင်းနေရတဲ့ အခြေအနေထက် တကယ့်ဝယ်ယူမယ့်သူကို တိုက်ရိုက်ချိတ်ပြီး ရောင်းနိုင်ရင် ဈေးကွက်တစ်ခုကို ခိုင်ခိုင်မာမာရမယ်ဆိုတဲ့ ရည်ရွယ်ချက်ပါ။

အခုပြပွဲမှာ ရောင်းရခြင်းဆိုတာထက် ဈေးကွက်ချိတ်ဆက်နိုင်ဖို့ အဓိကပါ၊ ဝဥဆိုရင် ဒီက ကုမ္ပဏီတစ်ခုနဲ့ ဇွန် ၁၇ ရက်မှာ MoU ထိုးပါတယ်၊ ကျန်တဲ့သီးနှံတွေကိုလည်း ဆွေးနွေးလို့ အဆင်ပြေရင် အရောင်းအဝယ်စာချုပ်တွေ ချုပ်သွားပြီးတော့ ရောင်းချနိုင်ဖို့ ဆောင်ရွက်မှာပါ၊ ကျွန်တော်တို့ သစ်သီးဝလံ ပန်းမန်ကဏ္ဍမှာဆိုရင် တရုတ်ပြည်ကို နံပါတ်တစ်အနေနဲ့ ဖရဲသီး အများဆုံးပို့တယ်၊ တစ်နှစ်ကို တန်ချိန် ခြောက်သိန်းနဲ့ ခုနစ်သိန်းကြားသွားတယ်၊ ဒုတိယက သခွါးမွှေး တန်ချိန် တစ်သိန်းခွဲနဲ့ နှစ်သိန်းကြားသွားတယ်၊ နောက် သရက်သီး၊ ဝဥ၊ ဖာလာ၊ ငရုတ် ပို့တယ်၊ ချင်းထောပတ်သီးကတော့ အခုနည်းနည်းပဲ ထွက်သေးတယ်၊ ကော်ဖီက ဒီကတစ်ဆင့် ရောင်းနေတာလည်းရှိတယ်၊ ကော်ဖီက ဒီဘက်ရော၊ အခြားနိုင်ငံတွေရော နည်းနည်းစီ မျှပြီး ထွက်ပါတယ်။

**ဦးမြင့်အောင် (ဒုတိယဥက္ကဋ္ဌ)**
**ချဉ်ပေါင်ဖာလာအသင်း**

ကျွန်တော်က ပဲခူးတိုင်း တောင်ငူမြို့ သံတောင်ကနေ ချဉ်ပေါင်ဖာလာကို ကရင်လူမျိုးတွေနဲ့ တောင်ငူက ကုန်သည်တွေ ပေါင်းပြီး ကူမင်းပြပွဲမှာ လာရောက်ပြသတာပါ၊ သံတောင်ကြီးမြို့နယ်မှာ ထွက်တဲ့ ကုန်ပစ္စည်းတွေထဲမှာ ချဉ်ပေါင်ဖာလာက အဓိကထွက်ကုန် အသက်သွေးကြောပါပဲ၊ အဓိကရောင်းရတာက တရုတ်ပြည်ပါ၊ ကျွန်တော်တို့ နယ်စပ်ကိုပဲ ရောင်းရပါတယ်၊ ရွှေလီနဲ့ မန္တလေးဘက်က ကုန်သည်တွေက တောင်ငူမြို့မှာ အထိုင်ဝယ်ကြပါတယ်၊ ဈေးကွက်က မမှန်တဲ့အတွက် ဈေးကွက်သစ်ကို ရှာဖွေတဲ့အနေနဲ့ ပြပွဲတွေမှာ လာရောက်ပြသခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့ ပစ္စည်းက အော်ဂဲနစ်ဖြစ်ပေမယ့် လာအိုက ပစ္စည်းက ကျွန်တော်တို့ထက် ၁၀ ဆလောက် ဈေးကွာနေတယ်၊ ဘာကြောင့် ကွာလဲလေ့လာတော့ သူတို့နိုင်ငံရဲ့ စိုက်ပျိုးရေးဝန်ကြီးဌာနကနေ နိုင်ငံခြားပညာရှင်တွေ ခေါ်ပြီးတော့ စိုက်ပျိုးထုတ်လုပ်မှု အစအဆုံးထိ နည်းပညာတွေပေးပြီး အဆင့်ဆင့်ပြုပြင်တဲ့အခါကျတော့ ပစ္စည်းက အရည်အသွေးမြင့်လာပြီး နိုင်ငံခြားဈေးကွက်ကို ထိုးဖောက်တဲ့အခါ ကျွန်တော်တို့ မြန်မာနိုင်ငံထက် ဈေးက ၁၀ ဆလောက် ပိုရနေပါတယ်။

အခုလက်ရှိပေါက်ဈေးက သူတို့နိုင်ငံမှာ ၁ ကီလိုဂရမ်ကို အမေရိကန်ဒေါ်လာ ၆၀ နဲ့ ၇၀ ကြားလောက်ရှိနေပေမယ့် ကျွန်တော်တို့မှာက ၆ ဒေါ်လာ ၇ ဒေါ်လာလောက်ပဲ ရှိတယ်၊ ဈေးကောင်းမရတဲ့ အချက်က မီးခိုးအနံ့ပါတဲ့ အတွက်ကြောင့်ပါ၊ မီးခိုးမပါတဲ့ နည်းပညာကို ဒီနှစ်ကစပြီး ကွာလတီမြှင့်ပြီး ဈေးကွက်ကို ထိုးဖောက်မယ်၊ အဲဒါမှ တောင်သူတွေ ဘဝမှာ အများကြီး ချောင်လည်သွားမယ်၊ နှစ်ပေါင်းများစွာ မိရိုးဖလာနည်းနဲ့ လုပ်လာတာ တစ်ခုပဲသိတော့ ဆင်းရဲတွင်းက မထွက်နိုင်ဘူး ဖြစ်နေတယ်၊ အရည်အသွေး မမှန်ဘူး၊ အသေး၊ အလတ်၊ အကြီး ပုံစံသုံးမျိုး ဖြစ်နေတယ်၊ လာအိုက ပုံစံလည်း မှန်တယ်၊ အရည်အသွေးလည်း မှန်တယ်၊ ဒါကြောင့် ကျွန်တော်တို့က အသိပညာရော၊ နည်းပညာရော နှစ်ခုလုံးသွားမှ အောင်မြင်မယ်၊ ဒါကြောင့် အဖွဲ့အစည်းအားလုံးနဲ့ ပေါင်းပြီး နည်းပညာရော၊ အတတ်ပညာပိုင်းပါ ကောင်းအောင်ကြိုးစားနေပါတယ်။

**ဒေါ်နန်းမိုင် (ပိုင်ရှင်)**
**လှပျိုဖြူ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ရန်ကုန်က လာရောင်းတာပါ၊ ကိုယ်တိုင်ဖော်စပ်ပြီး ကိုယ်တိုင်ထုတ်လုပ်တဲ့ မြန်မာတိုင်းရင်းဆေးတွေ လာရောင်းတာပါ၊ သလိပ်ပျော်ချောင်းဆိုးပျောက်ဆေး၊ အရိုးကျီးပေါင်းလိမ်းဆေး၊ စားဆေး၊ အမာရွတ်ပျောက်လိမ်းဆေးနဲ့ ဒဏ်ကျေလိမ်းဆေးတွေ လာရောက်ပြသ ရောင်းချတာပါ၊ ၂၀၀၃ ခုနှစ်က စတင်ထုတ်လုပ်ပြီး ဒီမှာ လာရောက်ပြသရောင်းချတာက သုံးကြိမ်မြောက်ပါ၊ အဓိက ရောင်းချတာက တရုတ်နိုင်ငံက အအေးပိုင်းဖြစ်တာကြောင့် လိမ်းဆေးကို အဓိကထား ဖြန့်ဖြူးရောင်းချပါတယ်၊ အိမ်နီးချင်းနိုင်ငံကိုလည်း ကျွန်မတို့ရဲ့ မြန်မာတိုင်းရင်းဆေးဝါး အစွမ်းတွေ သိအောင် ရောင်းချတာပါ၊ တရုတ်နိုင်ငံက ကိုယ်စားလှယ်တွေနဲ့ ကျွန်မတို့က အချိတ်အဆက်ရှိပါတယ်၊ အခု ၂၀၁၈ ကုန်စည်ပြပွဲမှာ ပိုမိုရောင်းချနိုင်ပါတယ်၊ အခုလို အိမ်နီးချင်းနိုင်ငံမှာ လာရောက်ရောင်းချနိုင်အောင် နှစ်စဉ် ကုန်စည်ပြပွဲတွေ လုပ်ပေးလို့ ကျေးဇူးတင်ပါတယ်၊ ရောင်းချခွင့်ပေးတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ရော၊ လှပျိုဖြူဆေးတိုက်အနေနဲ့ပါ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်၊ အမြဲဖိတ်ခေါ်တဲ့ စီးပွားကူးသန်းကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးတင်ဝင်း (ဒါရိုက်တာ)**
**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

ကျွန်တော်တို့ ဒီအခေါက် လာရောက်ပြသရောင်းချတဲ့အခါ ထူးထူးခြားခြားအနေနဲ့ မြန်မာဘီယာနဲ့ စီးကရက်ကို ပြသရောင်းချပါတယ်၊ စိတ်ဝင်စားမှုရပါတယ်၊ ကျွန်တော်တို့အဖွဲ့မှာ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်ပါတယ်၊ အဓိပတိပါတယ်၊ မြဝတီထရိတ်ဒင်းပါပါတယ်၊ တရုတ်မှာက ဈေးကွက်အကြီးကြီးရှိတယ်၊ သူတို့ဘက်ကလည်း အများကြီးပြသတယ်၊ ကျွန်တော်တို့ ဒီမှာလာရောက်ပြသတဲ့အခါ လောလောဆယ် MoU နှစ်စောင် ထိုးဖြစ်ပါတယ်၊ မြဝတီလီမိတက်က ပဲ၊ ပြောင်း၊ နှမ်း အမေရိကန်ဒေါ်လာ သန်း ၅၀ ဖိုး ထိုးဖြစ်ပါတယ်၊ ငွေပင်လယ်က ရေငန်ငါးမျိုးစုံ ဒေါ်လာ လေးသန်းဖိုး ထိုးဖြစ်ပါတယ်၊ ရည်ရွယ်ချက်က နှစ်ပိုင်းရှိပါတယ်၊ ပထမအချက်က သူတို့ရဲ့ ခင်းကျင်းပြသရောင်းချမှုကို ချိတ်ဆက်ပြီး ကျွန်တော်တို့ရဲ့ ဈေးကွက်ကို ပိုမိုကောင်းမွန်စေဖို့၊ နောက်တစ်ခုက တိုင်းပြည်ရဲ့ အနာဂတ်အခြေအနေက စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အများကြီး လုပ်ဆောင်နေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ အနာဂတ်ဈေးကွက်အခြေအနေကို ဘယ်လိုပြုပြင်ပြောင်းလဲလို့ ရနိုင်မလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်လေ့လာတာပဲ ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်**
**မြန်မာ့လက်မှုပညာပစ္စည်းများရောင်းချသူ**

မြန်မာ့လက်မှုပညာပစ္စည်းတွေဖြစ်တဲ့ ရွှေချည်ထိုးနဲ့ သစ်သားအသုံးအဆောင် ပစ္စည်းတွေကို ကုန်စည်ပြပွဲမှာ လာရောက်ရောင်းချတာ (၁၉) ကြိမ်ရှိပါပြီ၊ လက်ရာကောင်းမွန်ပြီး သစ်သားဆိုလည်း သစ်သားအစစ်နဲ့ ပြုလုပ်တဲ့အတွက် ဝယ်ယူသူများပါတယ်၊ စိတ်ဝင်စားပြီး အမြဲတမ်းမှာယူသူတွေလည်း ရှိပါတယ်၊ မြန်မာနဲ့တရုတ်က ယဉ်ကျေးမှုချင်းလည်းတူတော့ မြန်မာ့ယဉ်ကျေးမှု လက်မှုပညာကို အားပေးကြတယ်၊ မြန်မာပြည်ရောက်ရင်လည်း လာရှာပြီး မှာယူကြတဲ့အတွက် ပို့ပေးရပါတယ်၊ အခု လာရောက်ရောင်းချတာ လက်မှုပစ္စည်း အမျိုးပေါင်း ၅၀ လောက်ရှိပြီး ရောင်းအားပိုကောင်းလာပါတယ်။



ကုန်စည်ပြပွဲသို့ တက်ရောက်သူများက မြန်မာနိုင်ငံ ချင်းပြည်နယ်ထွက် မြန်မာ့ထောပတ်သီးအား စိတ်ဝင်တစား ကြည့်ရှုဝယ်ယူစဉ်။

**တွေ့ဆုံမေးမြန်း- ရဲခေါင်ညွန့်၊ ဓာတ်ပုံ- ဖိုးထောင်**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်



ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ၇ ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်ကြီးကို တည်ထားလျက်ရှိပါသည်။

ယင်းသို့တည်ထားကိုးကွယ်ရာတွင် ထေရဝါဒသာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ၉ မျိုးနှင့်အညီ ဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါမဟာမင်္ဂလာ ၉မျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်းမဟာမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ၁၉.၆.၂၀၁၈ရက်နေ့တွင် သတ္တဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာကို ကျင်းပမည်ဖြစ်ပြီး အောက်ဖော်ပြပါမဟာမင်္ဂလာ ၅မျိုးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊
(ခ) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ၊
(ဂ) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊
(ဃ) ရွှေထီးတော်တင် မဟာမင်္ဂလာ၊
(င) မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ။

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးတွင် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများနှင့် တန်ခိုးကြီးဘုရားများရှိ အလှူခံနေရာများသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | အမည်/ရာထူး | နေရာ | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဦးသောင်းဝင်း ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ (ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် | ၀၆၇ ၃၄၀၆၂၇၆<br>၀၉ ၄၂၀၇၀၁၄၆၃ |
| (ခ) | ဦးမောင်မောင်မျိုး ညွှန်ကြားရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်၊ နေပြည်တော် | ၀၆၇ ၃၅၅၀၁၀၃<br>၀၉ ၂၁၃၂၁၉၁ |
| (ဂ) | ဦးကြင်ခိုင် ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေးဘုရားဝင်း၊ ရန်ကုန်မြို့ | ၀၁ ၆၆၁၂၇၅<br>၀၉ ၅၁၀၄၄၇၀ |
| (ဃ) | ဦးကျော်စိန်ဝင်း ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ၆၂လမ်း၊ မန္တလေးမြို့ | ၀၂ ၆၆၁၁၃<br>၀၉ ၂၀၀၀၁၀၀<br>၀၉ ၄၃၀၂၅၃၇၃ |
| (င) | ဦးရဲအောင်နိုင် စီမံဌာနမှူး | ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး | ၀၉-၃၃၀၅၂၂၅၈ |
| (စ) | ဦးထွန်းအောင်ငွေ ရုံးအဖွဲ့မှူး | ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး | ၀၉-၇၃၂၄၄၁၄၇<br>၀၁-၃၇၀၀၈၉ |
| (ဆ) | ဦးကျော်နိုင်ထွန်း ရုံးအဖွဲ့မှူး | ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး | ၀၉-၂၅၀၀၀၃၁၈၀<br>၀၁-၂၉၂၁၆၉ |
| (ဇ) | ဦးမြင့်အုန်း ရုံးအဖွဲ့မှူး | ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး | ၀၉-၂၅၀၆၇၇၂၈၉<br>၀၁-၆၆၁၀၀၂ |
| (ဈ) | ဦးမောင်မောင်ဦး အတွင်းရေးမှူး | ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၇၇၇၀၃၅၄၉၈ |
| (ည) | ဦးချစ်ကိုကို ရုံးအဖွဲ့မှူး | ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၇၉၇၁၃၁၈၇၃ |
| (ဋ) | ဦးစိုးလင်း ဥက္ကဋ္ဌ | မဟာမြတ်မုနိဘုရားကြီးဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး | ၀၉-၂၀၀၁၇၆၇ |
| (ဌ) | ဦးသိန်းထွန်း ရုံးအဖွဲ့မှူး | မဟာမြတ်မုနိဘုရားကြီးဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး | ၀၉-၄၄၄၀၄၄၄၇၅ |
| (ဍ) | ဦးသိန်းထွန်း ဥက္ကဋ္ဌ | မန္တလေးတောင်တော်ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး | ၀၉-၂၀၁၂၄၀၂ |



ဇွန် ၂၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ စုပေါင်းယောဂလေ့ကျင့်နေကြစဉ်။ ဓာတ်ပုံ- ရွှေအင်းသားခင်မောင်ဝင်း

## အပြည်ပြည်ဆိုင်ရာ ယောဂနေ့ စုပေါင်းအားကစားလေ့ကျင့်

**ရန်ကုန် ဇွန် ၂၁**

လူတိုင်း ကျန်းမာကြံ့ခိုင်သော လူမှုဘဝကို တည်ဆောက်နိုင်ရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် စုပေါင်းအားကစားလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၆နာရီက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

"ယောဂအားကစားနည်းဟာ စိတ်နဲ့ကိုယ် ပေါင်းစည်းလုပ်ကိုင်ရတဲ့ အားကစားနည်းဖြစ်ပါတယ်၊ ယောဂဆိုတာ ပေါင်းစည်းခြင်းလို့ အဓိပ္ပာယ်ရပါတယ်၊ စည်းကမ်းချက် ရှစ်ခုပေါ်မှာ အခြေခံပြီး လေ့ကျင့်ရပါတယ်၊ ကျွန်တော်တို့ ဒီအားကစားနည်းက ခန္ဓာကိုယ်မှာရှိတဲ့ ကြွက်သားတွေ၊ သွေးကြောတွေ၊ ကလီစာတွေ အားလုံးကို လေ့ကျင့်ခန်းပြုလုပ်ပေးပါတယ်၊ ဒီလေ့ကျင့်ခန်းကို နေ့စဉ်ပြုလုပ်ပေးခြင်းအားဖြင့် သွေးကြော၊ လေကြောတွေ ပွင့်လာပြီး ဖြစ်ပွားနေတဲ့ ဆီးချို၊ သွေးတိုး၊ နှလုံး အစရှိတဲ့ရောဂါတွေ လျော့ကျသက်သာသွားနိုင်သလို မဖြစ်ပွားအောင်လည်း ကာကွယ်နိုင်ပါတယ်" ဟု ယောဂကျင့်စဉ်ဆရာကြီး ဦးခင်မောင်ဆွေက ပြောသည်။

အဆိုပါ ယောဂနေ့ကို အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ၂၀၁၅ ခုနှစ်က ကုလသမဂ္ဂတွင် အဆိုတင်သွင်းခဲ့ပြီး နိုင်ငံပေါင်း ၇၇ နိုင်ငံက ထောက်ခံအတည်ပြုခဲ့သည့်အတွက် နှစ်စဉ် ဇွန်လ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့ကြောင်း ဆရာကြီး ဦးခင်မောင်ဆွေက ရှင်းပြသည်။

ယနေ့အခမ်းအနားတွင် ဆရာကြီး ဦးခင်မောင်ဆွေ ဦးဆောင်၍ ရန်ကုန်မြို့ ယောဂအဖွဲ့အစည်းများမှ နည်းပြများ၊ ယောဂအားကစားလေ့လာလိုက်စားကြသူများ စုပေါင်းကာ ယောဂလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ယောဂနေ့အကြောင်း ဟောပြောခြင်း၊ ယောဂကျင့်စဉ်များအကြောင်း ရှင်းပြခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း၊ လူပေါင်း ၃၀၀ ကျော် စုပေါင်းယောဂအားကစားပြုလုပ်ကြကြောင်း၊ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကို ယခုအကြိမ်သည် ဒုတိယအကြိမ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်း ပြိုင်ပွဲယှဉ်ပြိုင်ရန် စင်ကာပူထွက်ခွာ

**ရန်ကုန် ဇွန် ၂၁**

မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်းသည် ဇွန် ၂၃ ရက်မှ ဇူလိုင် ၁ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည့် Hockey Series Open- Singapore 2018 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက ထွက်ခွာသွားရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောလုလုထော်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကျော်ဝင်း၊ အုပ်ချုပ်သူအဖြစ် ဦးသိန်းထွေးတို့ ဦးဆောင်၍ နည်းပြအဖွဲ့ဝင်များ၊ အားကစားသမား ၁၈ ဦး လိုက်ပါသွားသည်။ ပြိုင်ပွဲတွင် အာရှအသင်းများဖြစ်သည့် တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းအမျိုးသားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပကာ ထိပ်ဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့်(၃/၄) နေရာရအသင်းမှာ တတိယလုပွဲ၊ အဆင့်(၅/၆) နေရာရအသင်းမှာ အဆင့် ၅ နေရာလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇွန် ၂၃ ရက်တွင် ဟောင်ကောင်အသင်း၊ ဇွန် ၂၄ ရက်တွင် စင်ကာပူအသင်း၊ ဇွန် ၂၆ ရက်တွင် တရုတ် (တိုင်ပေ) အသင်း၊ ဇွန် ၂၇ ရက်တွင် ထိုင်းအသင်း၊ ဇွန် ၂၉ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း- ဖိုးသော်ဇင်၊ ဓာတ်ပုံ- ဟော်ကီအဖွဲ့ချုပ်**





## ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲတွင် MIC အသင်းနှင့် VUC အသင်း ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် ဇွန် ၂၁**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် MIC အသင်းအတွက် ရည်ရွယ်ကျင်းပသည့် Imperial Cup 2018 ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက အား/ကာသိပ္ပံ (ရန်ကုန်) ၌ ကျင်းပရာ GV Athletic အသင်းအနိုင်ရပြီး MIC အသင်းနှင့် VUC အသင်းတို့ သရေကျခဲ့သည်။

နောက်ဆုံးနေ့တွင် GV Athletic အသင်းက Titans XII အသင်းကို ၁၃ ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရပြီး MIC အသင်းနှင့် VUC အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ အုပ်စုပွဲများအပြီးတွင် MIC အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်၊ VUC အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်၊ GV Athletic အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်၊ Titans XII အသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရခဲ့ပေ။ အုပ်စုပွဲများအပြီးတွင် အမှတ်အများဆုံးရသည့် MIC အသင်းနှင့် VUC အသင်းက ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

GV Athletic အသင်းနှင့် Titans XII အသင်းက တတိယလုပွဲကစားရမည်ဖြစ်ပြီး ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဇွန် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

❍ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်မှုနည်းပါးခဲ့ပြီး မတ်လက ၂၀၁၉ အာရှဖလားခြေစစ်ပွဲလက်ကျန်ပွဲများဖြစ်သည့် ကာဂျစ္စတန်နှင့် ပြန်ကန်ပွဲ၊ မကာအိုအသင်းနှင့် အိမ်ကွင်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ ထို့ပြင် မေလအတွင်း၌ နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်စ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကို မန္တလေးမြို့ တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကို တရုတ်နိုင်ငံ နန်ကျင်းမြို့၌ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လိဒ်စ်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ တရုတ်လက်ရွေးစင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ဂျာမန်လူမျိုး အန်တွမ်နီဟေးကို တာဝန်ပေးအပ်ထားပြီး တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတွင် ပထမဆုံးပွဲအဖြစ် ကိုင်တွယ်ခဲ့သည်။ မြန်မာအသင်း ယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ ဆုဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွှန့်**

**ကမ္ဘာ့ဖလား အုပ်စုဒုတိယပွဲစဉ် အနိုင်အရှုံးရလဒ်**

အုပ်စု(ဂ) ဒိန်းမတ် ၁-၁ ဩစတြေးလျ
ပြင်သစ် ၁-၀ ပီရူး

အုပ်စု(ခ) အီရန် ၀-၁ စပိန်

# ရုံးထုတ်လာသော အချုပ်သားထံပေးသည့် ထမင်းဘူးအတွင်းမှ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တရားရုံးတွင် ဇွန်၂၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က ရုံးထုတ်လာသူတစ်ဦး၏ ဇနီးဖြစ်သူက ပေးအပ်သည့် ထမင်းဘူးအား တာဝန်ကျရဲအရာရှိက ဖွင့်ဖောက်စစ်ဆေးရာ မူးယစ်ဆေးဝါးများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တရားရုံးတွင် ဇွန် ၂၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က အမှုစစ်ဆေးရန် ရုံးထုတ်လာသောအချုပ်သား တင်ထွဋ်(ခ)ငထွဋ်ထံ ၎င်း၏ဇနီး မနီလာအောင်က ထမင်းဘူး လာရောက်ပေးအပ်စဉ် တာဝန်ကျ ဒုရဲအုပ် ဇော်မင်းထက်က မသင်္ကာ၍ ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားကို စစ်ဆေးတွေ့ရှိသဖြင့် သိမ်းဆည်းထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တင်ထွဋ်(ခ)ငထွဋ် (၂၇နှစ်)နှင့် ၎င်း၏ဇနီးဖြစ်သူ မနီလာအောင် (၃၄နှစ်) တို့နှစ်ဦးအား ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**



**ထမင်းဘူးအတွင်း မူးယစ်ဆေးဝါးများ ထည့်၍ ယူဆောင်လာသူ မနီလာအောင်။**

# စက်ပျက်၍ ရပ်တန့်ထားသောယာဉ်အား နောက်မှဝင်တိုက်မိ၍ တစ်ဦးသေဆုံး



**မူဆယ် ဇွန် ၂၁**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာနှင့် အောက်တုန်ခန်ကြား ပြည်ထောင်စုလမ်းမကြီးဘေး၌ ဇွန် ၂၀ ရက် ညနေ ၃ နာရီခန့်က ရပ်ထားသောယာဉ်ကို နောက်မှ ကားတစ်စီးက ဝင်တိုက်မိခဲ့ရာမှ တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန်၂၀ ရက်က ယာဉ်မောင်း ကိုရန်လင်းအောင် (၂၆နှစ်) မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာနေထိုင်သူနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူတစ်ဦး(စုံစမ်းဆဲ)တို့ မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်သည် ဖြုန်းကျောက်များ တင်ဆောင်မောင်းနှင်လာစဉ် မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာနှင့် အောက်တုန်ခန်ကြားအရောက် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ရပ်တန့်ထားသော ကျောက်တင် ၁၀ ဘီးယာဉ်ကို နောက်မှ ဝင်တိုက်မိကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ခြောက်ဘီးယာဉ်မှာပျက်စီးခဲ့ပြီး မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာနေ ယာဉ်မောင်း ကိုရန်လင်းအောင်တွင် ဒဏ်ရာများရရှိကာ ယာဉ်ပေါ်တွင် လိုက်ပါလာသူတစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ကြောင်း သိရသည်။ ဒဏ်ရာရလူနာကို ဆေးကုသမှုခံယူရန်အတွက် မူဆယ်ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ (၁၀၅)မိုင် ပါရမီ လူမှုကူညီရေးအသင်းယာဉ်ဖြင့် လည်းကောင်း၊ သေဆုံးသူကို မူဆယ်ကရုဏာ လူမှုကူညီရေးအသင်းယာဉ်ဖြင့် လည်းကောင်း ပို့ဆောင်ပေးခဲ့သည်။

**သန့်ဇင်(မူဆယ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၂-၆-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်ကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၅၀ - မျက်မှောက်ရေးရာ အဖြာဖြာ
၁၁း၃၀ - အလုပ်သမားရေးရာ အစီအစဉ်
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ယက်" (အပိုင်း-၅)
၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III) (ပွဲစဉ်-၂) (ရန်ကုန်မြို့) (တတိယပိုင်း)
၁၄း၃၀ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် "ထို့ကြောင့် ဤအရာကို အချစ်ဟုခေါ်သည်" (အပိုင်း-၂)

**ညပိုင်း**

၁၆း၃၅ - "Weekly MNL Review"(Week-16)
၁၈း၂၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ပင်လယ်ကြီးက ဘာပြောလဲ"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ယက်" (အပိုင်း-၆)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းရာတွင် အဓိကလိုက်နာရမည့် အချက်များနှင့် သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲများမှ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ဖွယ် နည်းလမ်းများအကြောင်း သိကောင်းစရာ"
- ဟာသရုပ်စုံစင်တော်ကြီး "ဆိုက်ကို" "မေတ္တာနှင့်သူရာ"
၀၀း၀၀ - ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(Serbia Vs Switzerland)**

# အထောက်အထားမတင်ပြနိုင်သည့် သကြားအိတ်များ မရမ်းချောင်စစ်ဆေးရေးအဖွဲ့ ဖမ်းမိ

**နေပြည်တော် ဇွန် ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၆၉ စီး၊ သွင်းကုန် ၉၇၉ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၆၇ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၁၅၄ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၈၂၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများ၌ ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်စဉ် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သကြားအိတ် (၅၀ ကီလို) ၁၄၇ အိတ်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၂၀၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကသာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ကသာ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူး၌ ဇွန်၂၁ ရက် မွန်းလွဲ ၂နာရီတွင် ဆိုင်ကယ်စီးနင်းလာသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၉ ပြား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ ဒုတိယရဲမှူး မြင့်နိုင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ကသာ-အင်းတော်သွား ကားလမ်းမပေါ်ရှိ ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူး၌ စောင့်ဆိုင်းနေစဉ် ကသာမြို့ဘက်မှ ဗန်းမောက်မြို့နယ် လိပ်စောကျေးရွာနေ စိန်ထွန်း(၂၈နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၉ ပြား (ခန့်မှန်း တန်ဖိုးငွေကျပ်သိန်း ၂၉၄၅၀၀၀)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်သူ စိန်ထွန်းအား ကသာမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

# ဟိုင်းကြီးကျွန်းမြို့အနီး စက်လှေတစ်စင်းနစ်မြုပ်၊ စက်လှေပေါ်ပါသူများ ထိခိုက်မှုမရှိ

**ဟိုင်းကြီးကျွန်း ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျားတန်းကျေးရွာ၏အရှေ့တောင်ဘက် တစ်မိုင်ကျော်ခန့်အကွာ (လိပ်ကျွန်းနှင့် မော်တင်စွန်းအကြား) ပင်လယ်ပြင်၌ စက်လှေတစ်စင်း စက်ချွတ်ယွင်း၍ ပြန်လည်ပြုပြင်နေစဉ် ဇွန် ၂၁ ရက် နံနက်ပိုင်းက လှိုင်းလေကြောင့် ရေဝင်နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါစက်လှေမှာ ငရုပ်ကောင်းမြို့ ကွင်းဘက်ကျေးရွာနေ ဦးသက်ပိုင်စိုး ပိုင်ဆိုင်သောစက်လှေဖြစ်ပြီး သဗ္ဗာန်ကျေးရွာနေ အငယ်ကောင်(ခ)အောင်ဇော်မိုး (စက်လှေဦးစီး) အပါအဝင် လုပ်သားလေးဦး စီးနင်းလိုက်ပါလာခဲ့ကြောင်း၊ ဇွန် ၂၀ ညနေပိုင်းက သဗ္ဗာန်လေးကျေးရွာမှ လပွတ္တာဘက်သို့ သွားရောက်ရန်ထွက်ခွာလာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်လှေပေါ်ပါသူများက တယ်လီဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခံမှုကြောင့် ခမောက်မော်ကျေးရွာနေ ဦးသန်းဇော်(စက်လှေပိုင်ရှင်)ပါနှစ်ဦးက အချိန်မီသွားရောက်ကယ်ဆယ်နိုင်ခဲ့သည့်အတွက် နစ်မြုပ်စက်လှေပေါ်ပါသူအားလုံး ကယ်ဆယ်နိုင်ခဲ့သဖြင့် ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် နစ်မြုပ်စက်လှေပေါ်ပါ လှေသားအားလုံး ဟိုင်းကြီးကျွန်းမြို့ အမှတ် ၃ ရပ်ကွက် မင်းလုစည်သူလမ်းနေ ဦးမောင်မောင်၏ နေအိမ်၌ ခေတ္တတည်းခိုလျက်ရှိပြီး ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ဟိုပင်၌ ကျောင်းသားလေးဦး ပျောက်ဆုံးနေ

**မြစ်ကြီးနား ဇွန် ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ရှိ မြသီတာကျောင်းမှ နဝမတန်းကျောင်းသားနှစ်ဦးနှင့် အဋ္ဌမတန်း ကျောင်းသားနှစ်ဦးတို့မှာ ဇွန် ၁၈ ရက်က ပျောက်ဆုံးလျက်ရှိပြီး ယနေ့အချိန်ထိ အဆက်အသွယ်မရသေးကြောင်း သိရသည်။

ယင်းပျောက်ဆုံးနေသော ကျောင်းသားလေးဦးမှာ မြကျွန်းသာရပ်ကွက်နေသူများဖြစ်ကြပြီး မောင်သန့်ဇင်ထွန်း(ခ)ရှမ်းလေး၊ မောင်ဝေမင်းစိုး၊ မောင်လင်းမြတ်သူနှင့် မောင်ကျော်ဇင်မျိုး(ခ) ကျော်မျိုးသန့်တို့ဖြစ်ပြီး မိမိနေအိမ်သို့ နေ့လယ်စာလာရောက်စားသောက်ကာ ကျောင်းသို့ပြန်လည်ထွက်ခွာသွားပြီးနောက် ပျောက်ဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ၎င်းတို့၏မိဘဆွေမျိုးများက ဟိုပင်နယ်မြေရဲစခန်း၌ လူပျောက်တိုင်ကြားထားကြောင်း သိရသည်။ **မင်းမင်းဦး**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ကော့သောင်း-ဘုတ်ပြင်းလမ်း၌ ယာဉ်တစ်စီး သစ်ပင်ဝင်တိုက်မိ၍ နှစ်ဦးသေဆုံး

**ကော့သောင်း ဇွန် ၂၁**

ကော့သောင်း-ဘုတ်ပြင်းလမ်း ကော့သောင်းမြို့နယ် ၂၂ မိုင်ကျေးရွာအနီး လမ်းဘေးတွင် ဇွန်၂၁ ရက် နံနက်ပိုင်းက ယာဉ်တစ်စီး အရှိန်လွန်၍ သစ်ပင်ဝင်တိုက်မိကာ ယာဉ်ပေါ်ပါသူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန်၂၁ ရက် နံနက်ပိုင်းက ခမောက်ကြီးမြို့မှ ကော့သောင်းသို့ ယာဉ်မောင်း ကျော်ကျော်ရဲ (၃၆နှစ်)မောင်းနှင်ကာ မသူဇာအောင် (၂၉ နှစ်) လိုက်ပါလာသော ဗီဂိုယာဉ်သည် ကော့သောင်း-ဘုတ်ပြင်းလမ်းပိုင်း မိုင်တိုင်အမှတ် ၂၅၁/၆ နှင့် ၂၅၁/၅ အကြား ၂၂ မိုင်ကျေးရွာအနီး အရှိန်လွန်ကာ လမ်းဘေးသို့ ထိုးကျပြီး ဆီအုန်းပင်အား အရှိန်ပြင်းစွာဝင်ရောက်တိုက်မိ၍ ယာဉ်ပေါ်ပါလာသူ နှစ်ဦးစလုံးပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကော့သောင်းမြို့မရဲတပ်ဖွဲ့စခန်းမှ ယာဉ်မဆင်မခြင်မောင်းနှင်မှုဖြင့် ယာဉ်မောင်း ကျော်ကျော်ရဲ(သေဆုံး)အား ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**


တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် ဘက်လိုက်ခြင်းကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။



# မိသားစုခွဲထားမှုများကို ရပ်တန့်ရန် အမိန့်ကြေညာချက်ကို ထရန့်လက်မှတ်ရေးထိုး

**ဝါရှင်တန် ဇွန် ၂၁**

အမေရိကန်နှင့်မက္ကဆီကိုနယ်စပ်၌ တရားမဝင် ဝင်ရောက်လာသူများကို ဖမ်းဆီးထိန်းသိမ်းရာတွင် မိဘနှင့်ကလေးများအား ခွဲထားမှုများပြုလုပ်နေသည်ကို ရပ်တန့်ရန် အမိန့်ကြေညာစာတစ်ခုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က လက်မှတ်ရေးထိုးခဲ့သည်။

တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို လုံးဝသည်းခံမည်မဟုတ်ဆိုသည့် Zero tolerance မူဝါဒကို အမေရိကန်နိုင်ငံက ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ကလေးများကို မိဘများနှင့်ခွဲထားခြင်းမပြုဘဲ အတူတကွထိန်းသိမ်းထားမည်ဖြစ်ကြောင်း ထရန့်က ပြောကြားခဲ့သည်။

၂၀၁၈ခုနှစ် ဧပြီ ၁၉ ရက်မှ မေ ၃၁ ရက်အထိအမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန်ကြိုးစားခဲ့သည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို ဖမ်းဆီးထိန်းသိမ်းခဲ့ရာ အရွယ်မရောက်သေးသည့် ကလေးငယ်ပေါင်း ၁၉၉၅ ဦးကို ၎င်းတို့၏မိဘများနှင့် သီးသန့်ခွဲခြားထိန်းသိမ်းမှုများပြုလုပ်ခဲ့ကြောင်း အမေရိကန်အမိမြေလုံခြုံရေးဝန်ကြီးဌာန၏ ယခုရက်ပိုင်းက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

သီးသန့်ခွဲခြားထိန်းသိမ်းခဲ့သော ကလေးအရေအတွက်သည် အစိုးရထုတ်ပြန်သည့် စာရင်းအရေအတွက်ထက် ပိုမိုများနိုင်သည်ဟု ခန့်မှန်းကြောင်း အမေရိကန်မီဒီယာများက ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရအနေဖြင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို အရေးယူမှုများဆက်တိုက်လုပ်ဆောင်ခဲ့သော်လည်း တရားမဝင် ဝင်ရောက်လာသူအရေအတွက်မှာ ကျဆင်းသွားခြင်းမရှိဘဲ ဆက်လက်တိုးပွားလျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သောမေလက အမေရိကန်-မက္ကဆီကိုနယ်စပ်တွင် ဖမ်းဆီးထိန်းသိမ်းထားသော တရားမဝင်ရွှေ့ပြောင်းနေထိုင်သူအရေအတွက်မှာ ၄၀၀၀၀ ကျော်ရှိကြောင်း အမေရိကန်အမိမြေလုံခြုံရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **အေအက်ဖ်ပီ**



# ဇွန် ၂၂ရက်မှစတင်ကာ အမေရိကန်အပေါ် အခွန်တိုးမြှင့်ကောက်ခံမည်ဟု အီးယူပြော

**ဘရပ်ဆဲလ် ဇွန် ၂၁**

အမေရိကန်နိုင်ငံက သံမဏိနှင့် အလူမီနီယံအပေါ် အခွန်တိုးကောက်လိုက်သည်ကို တုံ့ပြန်သောအားဖြင့် အီးယူက ဇွန် ၂၂ ရက်မှစတင်ကာ အမေရိကန်နိုင်ငံမှ တင်သွင်းသော ယူရိုတန်ဖိုးငွေ ၂ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ ကုန်ပစ္စည်းများကို အခွန်တိုးမြှင့်ကောက်ခံတော့မည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ကြေညာခဲ့သည်။




အီးယူ၏ အခွန်တိုးမြှင့်ကောက်ခံမည့် ကုန်ပစ္စည်းများတွင် အမေရိကန်နိုင်ငံ၏ သံမဏိ၊ အလူမီနီယံထုတ်ကုန်ပစ္စည်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

အီးယူ၏ ယခုလိုလုပ်ဆောင်ချက်က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီကြောင်း ဥရောပကော်မရှင်က ပြောခဲ့သည်။

အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ် မညီမျှသည့် ဆုံးဖြတ်ချက်များသည် အီးယူကို အခြားရွေးချယ်စရာ မရှိအောင်ဖြစ်စေသည်ဟု ဥရောပကုန်သွယ်ရေးကော်မရှင်အဖွဲ့ဝင် ဆီဆီလီယာ မန်စထရောင်းက ပြောခဲ့သည်။

အမေရိကန်နိုင်ငံ စီးပွားရေးဝန်ကြီး ဝယ်လ်ဘာရို့စ်က ဇွန် ၁ ရက်မှစကာ အီးယူ၊ ကနေဒါ၊ မက္ကဆီကိုမှ တင်သွင်းသော သံမဏိနှင့် အလူမီနီယံအခွန်ကို ၂၅ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းစီ အသီးသီးကောက်ခံသွားမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံ၏ သံမဏိ၊ အလူမီနီယံအခွန်စည်းကြပ်မှုသည် ယူရိုငွေ ၆ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ဥရောပပို့ကုန်ပစ္စည်းများကို ထိခိုက်နစ်နာစေကြောင်း အီးယူ၏ တွက်ချက်မှုများအရ သိရသည်။ **ဆင်ဟွာ**

# အမေရိကန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများတွေ့ဆုံမည်

**ဆိုးလ် ဇွန် ၂၁**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က လာမည့်ကြာသပတေးနေ့တွင် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဆောင်ယောင်မိုနှင့်တွေ့ဆုံဆွေးနွေးရန် တောင်ကိုရီးယားနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားဘက်မှ ပြောခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် အမေရိကန်-မြောက်ကိုရီးယားထိပ်သီးအစည်းအဝေးနောက်ဆက်တွဲဆောင်ရွက်မှုများနှင့် ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ချိုင်ဟွန်ဆိုးက ပြောခဲ့သည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် ရပ်နားထားသော နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဒုက္ခသည်အရေး အီတလီနှင့် ဩစတြီးယားတို့ ပူးပေါင်းဆောင်ရွက်သွားမည်

**ဗီယင်နာ ဇွန် ၂၁**

ရွှေ့ပြောင်းအခြေချနေထိုင်သူများကိုဆန့်ကျင်သော အီတလီ ပြည်ထဲရေးဝန်ကြီးနှင့် လက်ယာယိမ်း ဩစတြီးယားအရာရှိများသည် ဥရောပသို့ ဝင်ရောက်ရန်ကြိုးပမ်းကြသော ဒုက္ခသည်များ အလုံးအရင်းနှင့်ရောက်ရှိလာမှုကို ထိန်းချုပ်ရန် သဘောတူခဲ့ကြသည်။

အီတလီပြည်ထဲရေးဝန်ကြီး မက်တီရီယိုဆယ်ဗီနီသည် ဩစတြီးယား ဒုတိယဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးတို့နှင့် ဗုဒ္ဓဟူးနေ့က တွေ့ဆုံခဲ့ကြသည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများ နယ်စပ်တွင် စုပြုံရောက်ရှိခြင်းမှ ကာကွယ်နိုင်ရန် ဥရောပသမဂ္ဂမှ ငွေကြေးများပိုမိုထောက်ပံ့ရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း မစ္စတာဆယ်ဗီနီက သတင်းထောက်များကို ပြောသည်။ အီတလီယခင်အစိုးရလက်ထက်တွင် ရွှေ့ပြောင်းအခြေချနေထိုင်သူ ခြောက်သိန်းခွဲကို လက်ခံထားခဲ့သည်။ ယခုလအစောပိုင်းတွင် အစိုးရဖွဲ့နိုင်ခဲ့သော အီတလီအစိုးရသည် ရွှေ့ပြောင်းဒုက္ခသည်များကို ဆန့်ကျင်သောအစိုးရလည်းဖြစ်သည်။

အီတလီသည် ရွှေ့ပြောင်းဒုက္ခသည်များအရေးနှင့်ပတ်သက်၍ ဩစတြီးယားနှင့် အဆင်မပြေမှုများရှိခဲ့သော်လည်း ယင်းကိစ္စကို ကျော်လွှားနိုင်ရန်မှာ အိမ်နီးချင်းနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုဖြစ်မည်မှာ သိသာထင်ရှားသည်။

ဂျာမနီနှင့်ပြင်သစ်တို့သည်လည်း ယခုလနှောင်းပိုင်းတွင် ပြုလုပ်မည့် အီးယူထိပ်သီးအစည်းအဝေးတွင် ဒုက္ခသည်အရေးဖြေရှင်းရန် ပူးပေါင်းမှုပြုလုပ်ထားသည်။ နှစ်နိုင်ငံစလုံးမှခေါင်းဆောင်များသည် ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့်ဒုက္ခသည်များ ဘက်မှ ရပ်တည်ကြသည်ကို တွေ့ရသည်။

**အင်န်အိတ်ချ်ကေ**

# နယူးဇီလန်ဝန်ကြီးချုပ် သမီးလေးမွေးဖွား

**ဝယ်လင်တန် ဇွန် ၂၁**

နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါ အာဒန်သည် ကြာသပတေးနေ့က အော့ကလန်ဆေးရုံတွင် သမီးမိန်းကလေးမွေးဖွားခဲ့ကြောင်း သိရသည်။ ဤဖြစ်ရပ်မှာ တာဝန်ထမ်းဆောင်နေစဉ် ကလေးမွေးဖွားသည့် ကမ္ဘာ့ခေါင်းဆောင်များထဲတွင် ဒုတိယမြောက်ဖြစ်သည်။

အသက် ၃၇ နှစ်အရွယ် ဂျက်စင်ဒါနှင့် ၎င်း၏ချစ်သူ ကလာ့ခ်ဂေးဖို့ဒ်တို့အတွက် ပထမဦးဆုံးကလေးပင်ဖြစ်သည်။ ကလေးငယ်၏ကိုယ်အလေးချိန်မှာ ၃ ဒသမ ၃ ကီလိုဂရမ်ရှိကြောင်း သိရသည်။ ကလေးမွေးဖွားပြီးနောက် ဝန်ကြီးချုပ် ဂျက်စင်ဒါက "မိဘဖြစ်ရတဲ့အတွက် စိတ်ခံစားမှုကတော့ပြောမပြတတ်အောင်ပါပဲ၊ တစ်ချိန်တည်းမှာပဲ ဝိုင်းပြီးချစ်ခင်ပေးကြတဲ့လူတွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောခဲ့သည်။ ၎င်း၏ အင်စတာဂရမ်တွင်လည်း ကလေးမှာ ကျန်းမာသန်စွမ်းကြောင်း ဖော်ပြထားခဲ့သည်။ အော့ကလန်ဆေးရုံကိုလည်း ကျေးဇူးတင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဂျင်စင်ဒါသည် မီးဖွားခွင့် ခြောက်ပတ်ခံစားနေစဉ်အတွင်း ဒုတိယဝန်ကြီးချုပ် ဝင်စတန်ပီတာက ဝန်ကြီးချုပ်တာဝန်အဖြစ် ထမ်းဆောင်လျက်ရှိသည်။

၁၉၉၀ ခုနှစ်ကလည်း ပါကစ္စတန်ဝန်ကြီးချုပ် ဘနာဇီယာဘူတိုသည် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ရင်း ကလေးမွေးဖွားခဲ့ရာ သမိုင်းတွင် တာဝန်ထမ်းဆောင်ရင်း ကလေးမွေးဖွားသောနိုင်ငံခေါင်းဆောင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဂျက်စင်ဒါသည် ပြီးခဲ့သည့်အောက်တိုဘာလကမှ ဝန်ကြီးချုပ်တာဝန်စတင်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ နယူးဇီလန်မှအတိုက်အခံပါတီခေါင်းဆောင် ဆိုင်မွန်ဘရစ်ဂျ်ကလည်း ဂျက်စင်ဒါ၏ ကလေးမွေးဖွားမှုအတွက် ဝမ်းမြောက်ကြောင်းပြောကြားခဲ့သည်။ မိဘဖြစ်လာရခြင်း



သည် ပျော်ရွှင်စရာပင်ဖြစ်ကြောင်း၊ ယခုမွေးဖွားလာသည့် ကလေးငယ်သည် မိသားစုတွင်း ပျော်ရွှင်ဖွယ်ရာများ သယ်ဆောင်လာမည်ဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။

ဝန်ကြီးချုပ်ဂျက်စင်ဒါသည် မွေးဖွားမည့် ကလေးမှာမိန်းကလေးဖြစ်ကြောင်း ကြိုတင်သိရှိထားသော်လည်း လူထုကိုအသိမပေးရန်ဆုံးဖြတ်ခဲ့ကြသည်။

**အေအက်ဖ်ပီ**

**နိုင်ငံတကာ သတင်းတိုထွာ**

## လူ့အခွင့်အရေးကောင်စီမှ အမေရိကန် နုတ်ထွက်မှု အဖွဲ့ဝင်နိုင်ငံများ စိုးရိမ်

**ဂျီနီဗာ ဇွန် ၂၁**

အမေရိကန်နိုင်ငံ၏ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ နုတ်ထွက်သည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီးကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများက စိုးရိမ်နေကြောင်း သိရသည်။

ဇွန် ၂၀ ရက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေးတွင် အမေရိကန်နိုင်ငံက ထိုသို့ဆုံးဖြတ်ချက်ချခဲ့ခြင်းနှင့် ပတ်သက်ပြီး ကိုယ်စားလှယ်များက စိတ်မကောင်းဖြစ်ခဲ့ကြကြောင်း ဖော်ပြခဲ့သည်။

ဆလိုဗေးနီးယား သမ္မတဘိုရက်ပါဟိုးက အမေရိကန်၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ကုလသမဂ္ဂ၊ အမေရိကန်နှင့် လူ့အခွင့်အရေးကို ဂရုစိုက်သူအားလုံးအတွက် စိတ်မကောင်းစရာသတင်းဟု ပြောခဲ့သည်။

အမေရိကန်မပါသည့်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် ပိုပြီး အင်အားချည့်နဲ့သွားနိုင်ကြောင်း ပြောခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ အမေရိကန် နုတ်ထွက်သွားခြင်းကြောင့် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍပိုမိုအရေးပါလာမည်ကို တချို့နိုင်ငံများက စိုးရိမ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ကိုရီးယားကျွန်းဆွယ် တည်ငြိမ်ရေးနှင့် လုံခြုံရေးတွင် တရုတ်နိုင်ငံကအရေးပါသော ကဏ္ဍမှပါဝင်

**ဆိုးလ် ဇွန် ၂၁**

တောင်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ကန်ဂျွန်ဝါက ကိုးရီးယားကျွန်းဆွယ်တည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ရန် မျှော်လင့်ကြောင်း မကြာသေးမီက ပြောခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်သည် ကိုးရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ရေး ရည်မှန်းချက်နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များ ပါဝင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပေကျင်းမြို့သို့ သွားရောက်ဆွေးနွေးခဲ့သည့် မြောက်ကိုရီးယားခေါင်းဆောင်၏ ဆွေးနွေးမှုသည် ကိုရီးယားကျွန်းဆွယ်ထာဝရငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်ခြင်းနှင့် နျူကလီးယားကင်းစင်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် ပူးပေါင်းပါဝင်ရန်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ရွှေ့ပြောင်းဒုက္ခသည်အရေး ရတက်မအေးဖြစ်နေတဲ့ အီးယူ

**တင်လင်းအောင်**



ရှေ့လာမယ့်အပတ် အဓိကအစည်းအဝေးပွဲကြီး မကျင်းပမီ ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတို့အပါအဝင် အီးယူ ၁၀ နိုင်ငံက ခေါင်းဆောင်တွေဟာ ဇွန် ၂၄ ရက် ဘရပ်ဆဲလ်မှာ ရွှေ့ပြောင်းအခြေချသူတွေရဲ့ ဘေးဒုက္ခအကျပ်အတည်းတွေနဲ့ ပတ်သက်ပြီး အဖြေတစ်စုံတစ်ရာရဖို့အတွက် အကြိုဆွေးနွေးပွဲအနေနဲ့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်မှစကာ အီးယူဟာ သူ့ရဲ့အကြီးမားဆုံးဒုက္ခသည်အရေးကို ရင်ဆိုင်ခဲ့ပြီး သုံးနှစ်အကြာမှာ ယခုတစ်ဖန် ဒုက္ခသည်အရေးဟာ ဥရောပမှာ သဘောထားကွဲလွဲမှုအသစ်တွေကို ဖြစ်စေတယ်လို့ ဥရောပကော်မရှင်အကြီးအကဲ ဂျင်-ကလော်ဒီဂျန်ကာက ဆိုပါတယ်။

### ဒုက္ခသည်အရေး ရတက်မအေး

ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်ညွန့်ပေါင်းအစိုးရဟာလည်း ဒုက္ခသည်အကျပ်အတည်း ကိစ္စနဲ့ပတ်သက်ပြီး ခေါင်းရှုပ်မှုတွေနဲ့ ကြုံတွေ့နေရသလို မြေထဲပင်လယ်ကနေ ကယ်ဆယ်ခဲ့တဲ့ လှေစီးဒုက္ခသည် အရေးကလည်း ရတက် မအေးစရာဖြစ်ခဲ့ပါတယ်။

ဟန်ဂေရီနိုင်ငံကတော့ ဒုက္ခသည်အရေးကိုကူညီတဲ့ အကူအညီပေးရေးအဖွဲ့တွေအတွက် တရားနည်းလမ်းတကျဖြစ်ဖို့ ဇွန် ၂၀ ရက်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ပါတယ်။

### ဒုက္ခသည်အရေး ဆွေးနွေးကြမယ်

တကယ့် ဥရောပကောင်စီရဲ့ အစည်းအဝေးပွဲကြီးမကျင်းပမီမှာ ဒုက္ခသည်အရေးဘယ်လိုဖြေရှင်းမလဲဆိုတာကို စိတ်ဝင်စားတဲ့ အဖွဲ့ဝင်နိုင်ငံတွေရဲ့နိုင်ငံ့ခေါင်းဆောင်တွေနဲ့ အတူတကွလက်တွဲ လုပ်ဆောင်သွားဖို့ ရည်ရွယ်ပြီး ဇွန် ၂၄ ရက်မှာ ဘရပ်ဆဲလ်မှာ ဒုက္ခသည်အရေးနဲ့ပတ်သက်ပြီး အစည်းအဝေးတစ်ခုလုပ်သွားဖို့ စီစဉ်နေတယ်လို့ ဥရောပကော်မရှင်အကြီးအကဲဂျန်ကာက လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ရေးသားဖော်ပြခဲ့ပါတယ်။

အလုပ်သဘော ဆွေးနွေးပွဲကို ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်၊ ပြင်သစ်သမ္မတအီမန်နျူရယ် မက်ခရွန်၊ စပိန်ဝန်ကြီးချုပ် ပီထရိုဆန်ချက်နဲ့ မော်တာဝန်ကြီးချုပ် ဂျိုးဆက်ဖ်မူစကတ်၊ ဒတ်ချ်ဝန်ကြီးချုပ် မာ့ခ်ရုဒ်နဲ့ ဘယ်လ်ဂျီယံဝန်ကြီးချုပ် ချားလ်မီရှယ်တို့လည်း ပါဝင်တက်ရောက်ကြမှာ ဖြစ်ပါတယ်။

ထို့အတူပဲ ဒုက္ခသည်အရေး ရှေ့ဆုံးခံတပ်တွေဖြစ်တဲ့ အီတလီနဲ့ ဂရိတို့အပြင် ဩစတြီးယားနဲ့ ဘူလ်ဂေးရီးယားတို့ကလည်း ပါဝင်ဆွေးနွေးမှာ ဖြစ်ပါတယ်။

အီးယူခေါင်းဆောင်တွေဟာ ၂၀၁၅ခုနှစ် ကတည်းက ပေါက်ကွဲထွက်လာတဲ့ ဒုက္ခသည်အရေးကို ဘယ်လိုဖြေရှင်းမလဲ၊ ဘယ်လိုစနစ်တွေချမှတ်မလဲဆိုတာတွေကို ဆွေးနွေးဖို့ ဇွန် ၂၆ ရက် တကယ့် အစည်းအဝေးပွဲကြီးကို တက်ရောက်ကြမှာဖြစ်ပါတယ်။

စိတ်ကူးသစ်တွေ၊ အကြံကောင်းတွေရလာပြီဆိုတာနဲ့ တစ်ပြိုင်နက်တည်း အီးယူဟာ သူ့အသိုင်းအဝိုင်းရဲ့ အပြင်ဘက်မှာ ဒုက္ခသည်အရေးကို ကိုင်တွယ်ဖို့အတွက် ဒုက္ခသည်အခြေချရေးနဲ့ ပတ်သက်တဲ့ မူဝါဒလမ်းစဉ်တွေကို ချမှတ်သွားဖို့ စဉ်းစားမှာပဲ ဖြစ်ပါတယ်။

### သဘောထားကွဲလွဲမှုတွေရှိနေ

သို့သော်လည်း မြေထဲပင်လယ်ကို ဖြတ်ပြီး အခြေချဖို့ ကြိုးစားတဲ့ ဒုက္ခသည်အရေးဟာ တကယ်တော့မလွယ်ပါဘူး။ များသောအားဖြင့် ဥရောပနိုင်ငံတွေမှာလည်း ဒုက္ခသည်တွေလက်ခံသွားဖို့ အရေးမှာ သဘောထားကွဲလွဲမှုတွေရှိသလို တချို့ကလည်း နောက်ထပ် ထပ်ရောက်လာမယ့် ဒုက္ခသည်တွေကို အခြေချခွင့်တောင် မပေးချင်တာကို တွေ့ရပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်က အကွာရီးယက်စ် ကယ်ဆယ်ရေးလှေပေါ်မှာရှိတဲ့ ဒုက္ခသည် ၆၀၀ ရဲ့ကံကြမ္မာနဲ့ပတ်သက်တဲ့ ကိစ္စကတစ်ဆင့် ဒုက္ခသည်အရေးဟာ အီးယူအစည်းအဝေးကို တစ်ကျော့ပြန်လည်ရောက်ရှိလာခဲ့ ပြန်ပါတယ်။

အီတလီကတော့ သူ့ရဲ့ ဆိပ်ကမ်းတွေမှာ သင်္ဘောတွေကို ကမ်းကပ်ခွင့်တောင်မပေးပါဘူး။

၂၀၁၅ ခုနှစ်ကတည်းက ဂျာမနီနိုင်ငံကို ဒုက္ခသည်ခိုလှုံသူပေါင်း တစ်သန်းကျော် ဝင်ရောက်ခွင့်ပြုလိုက်တာနဲ့ ပတ်သက်ပြီး ပြည်တွင်းတုံ့ပြန်မှုတွေက ပြင်းထန်လာခဲ့သလို မာကယ်အနေနဲ့လည်း သူမရဲ့ နိုင်ငံရေးအနာဂတ်လမ်းကြောင်းအတွက် ခဲရာခဲဆစ်အနေအထားနဲ့ တိုက်ပွဲဝင်နေရတာကို တွေ့ရမှာဖြစ်ပါတယ်။

သူမရဲ့ပြည်ထဲရေးဝန်ကြီး ဟို့စ်ဆီးဟိုဖာကတော့ သူမကို ဇွန်လ ၁၈ ရက်က

> **"တကယ်တမ်းတော့ ရွှေ့ပြောင်းဒုက္ခသည်အရေးအပေါ် အီးယူအဖွဲ့ဝင်နိုင်ငံတွေအကုန်လုံး ပူးပေါင်းအဖြေရှာဖို့ လိုအပ်ပါတယ်။ ဆိုခဲ့သလို သူတို့ကို နေရပ်ပြန်ပို့ဖို့ဆိုတာလည်း အလျင်အမြန်အကောင်အထည်ဖော်ဖို့ လိုပါတယ်။ သို့မဟုတ်ပါက အခြေအနေတွေဟာ နေမြင့်လေ အရှုးရင့်လေဆိုသလို ပိုပိုပြီးဆိုးလာဖို့ပဲ ရှိပါတယ်"**

ဒုက္ခသည်တွေ နေရပ်ပြန်ပို့ဖို့အရေး အီတလီနဲ့ ဂရိနိုင်ငံတို့နဲ့ သဘောတူညီချက်တစ်ရပ်ရရှိအောင်လုပ်ဖို့ ရာဇသံတောင် ပေးပို့ခဲ့ပါတယ်။

### ဒုက္ခသည်တွေကို ပြန်ပို့မယ်

မက်ခရွန်အနေနဲ့လည်း သူ့ရဲ့အီးယူမိတ်ဖက်မာကယ်နဲ့ ဒုက္ခသည်အရေး မြန်မြန်ဆန်ဆန်ပဲ ဆွေးနွေးခဲ့ပါတယ်။ မက်ခရွန်က သူ့အနေနဲ့ မာကယ်နဲ့ ဇွန် ၁၉ ရက်က တွေ့ခဲ့ပြီး အခြားနိုင်ငံတစ်နိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ ဒုက္ခသည်တွေကို သူတို့ရဲ့ မူရင်းနိုင်ငံသို့မဟုတ် နယ်စပ်ကို ပြန်ပို့ဖို့သဘောတူခဲ့ကြောင်း ပြောခဲ့ပါတယ်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်ကတော့ ရွှေ့ပြောင်းအခြေချ ဒုက္ခသည်ကလေးတွေကို မိဘတွေနဲ့ခွဲထားတယ်ဆိုပြီး ပြည်တွင်းမှာ ကန့်ကွက်သံတွေနဲ့ ညံညံစီနေပါတယ်။ ပြီးတော့လည်း လူဝင်မှုကြီးကြပ်ရေးဟာ ဂျာမနီနိုင်ငံကို အမှားအယွင်းတွေဖြစ်စေတယ်လို့ သူက ပြောခဲ့ပါသေးတယ်။

အမေရိကန်ပြည်ထောင်စုဟာ ၂၀၁၇ ခုနှစ်မှာ အခြားနိုင်ငံတွေနဲ့မတူဘဲ ဂျာမနီထက်တောင်သာပြီး ဒုက္ခသည်ခိုလှုံခွင့်အတွက် အမြင့်ဆုံးတောင်းဆိုမှုရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါတယ်လို့ တချို့အစီရင်ခံစာတွေမှာ ရေးသားဖော်ပြခဲ့ပါတယ်။

### ဒုက္ခသည်အရေး အတူတကွမလုပ်ရင် ဝရုန်းသုန်းကားပြန်ဖြစ်နိုင်

ဩစတြီးယားဝန်ကြီးချုပ် ဆီဘတ်ရှန်ကာ့ဇ်က အကယ်၍ ဥရောပဟာ ဒုက္ခသည်အရေးကို ပူးပေါင်းပြီး အတူတကွမတုံ့ပြန်ပါက ၂၀၁၅ ခုနှစ်က ဝရုန်းသုန်းကားအခြေအနေကို ပြန်လည်ရောက်ရှိနိုင်တယ်လို့ ပြောခဲ့ပါတယ်။

ဩစတြီးယားဝန်ကြီးချုပ် ဆီဘတ်ရှန်ကာ့ဇ်နဲ့ သူ့ရဲ့ဝန်ကြီးတွေဟာ လင့်ဇ်မြို့မှာ ဂျာမန်စီအက်စ်ယူပါတီမှ ဘာဗေးရီးယန်းဝန်ကြီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးပြီးနောက် အခုလို ဆီဘတ်ရှန်ကာ့ဇ်ရဲ့ မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်ပါတယ်။

ဩစတြီးယားက အီးယူအလှည့်ကျဥက္ကဋ္ဌအဖြစ် ဇူလိုင်လအစ တာဝန်ယူမယ့်အချိန်မှာ ကာ့ဇ်က သူ့အနေနဲ့ ရွှေ့ပြောင်းဒုက္ခသည်အရေးကို အရေးကြီးဆုံးအဖြစ် ဆောင်ရွက်ချင်ကြောင်း ပြောခဲ့ပါတယ်။

တကယ်တမ်းတော့ ရွှေ့ပြောင်းဒုက္ခသည်အရေးအပေါ် အီးယူအဖွဲ့ဝင်နိုင်ငံတွေအကုန်လုံး ပူးပေါင်းအဖြေရှာဖို့ လိုအပ်ပါတယ်။ ဆိုခဲ့သလို သူတို့ကို နေရပ်ပြန်ပို့ဖို့ဆိုတာလည်း အလျင်အမြန်အကောင်အထည်ဖော်ဖို့ လိုပါတယ်။ သို့မဟုတ်ပါက အခြေအနေတွေဟာ နေမြင့်လေ အရှုးရင့်လေဆိုသလို ပိုပိုပြီးဆိုးလာဖို့ပဲရှိပါတယ်။

အီးယူ ၂၈ နိုင်ငံက ခေါင်းဆောင်တွေပါဝင်မယ့် ဇွန် ၂၆ ရက်မှာ ကျင်းပမယ့် ဆွေးနွေးပွဲမှာ ရွှေ့ပြောင်းဒုက္ခသည်အရေး ဝိုင်းဝန်းအဖြေရှာနိုင်စေဖို့ ညှိနှိုင်းဆွေးနွေးရမှာပဲ ဖြစ်ပါတယ်။

### ဒုက္ခသည်အရေးမှာ အမေရိကန်လိုပဲ ပြတ်သားမလား

အမေရိကန် သမ္မတဒေါ်နယ်ထရန့်ကတော့ ရှင်းတယ်။ သူကဘယ်လိုပြောခဲ့လဲဆိုတော့ ဒုက္ခသည်ခိုလှုံအခြေချနေထိုင်ခွင့် ကန့်သတ်မှုတွေကို ပြုလုပ်ခဲ့တာဟာ နိုင်ငံရဲ့လုံခြုံရေးအတွက်ပါလို့ မကြာသေးခင်ကမှ သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး အမျိုးသားလုံခြုံရေးအတွက် နောက်ထပ်လည်း လူဝင်မှုကြီးကြပ်ရေးနဲ့ဆိုင်တဲ့ ကန့်သတ်မှုတွေ ပိုမိုလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်လို့ သူက ဆက်လက်ပြောခဲ့ပါတယ်။

အမေရိကန်လိုလုပ်ရင် နည်းနည်းတော့ ပွဲဆူမှာဖြစ်ပါတယ်။ ဒါမှမဟုတ် သူ့ထက်ကောင်းတဲ့ အစီအစဉ်တွေ ရှိဦးမလားဆိုတာကတော့ လာမယ့်ရက်မှာကျင်းပမယ့် ဆွေးနွေးပွဲရလဒ်ကို စောင့်ကြည့်ရမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား-အေအက်ဖ်ပီ**

# ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သီပေါအကျဉ်းထောင်နှင့် ကျောက်မဲ၊ နောင်ချို ရဲအချုပ်တို့ကို ကြည့်ရှုစစ်ဆေး

**သီပေါ ဇွန် ၂၁**

ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်သည် ကျောက်မဲခရိုင်တရားသူကြီး ဒေါ်မေမီဝင်းရွှေ၊ ကျောက်မဲ မြို့နယ်တရားသူကြီး ဦးသန်းထွန်း၊ နောင်ချိုမြို့နယ်တရားသူကြီး ဦးအောင်ဇေယျာဝင်း၊ သီပေါမြို့နယ် တရားသူကြီး ဦးထွန်းမျိုးဌေးတို့နှင့်အတူ ဇွန် ၂၀ ရက်က သီပေါအကျဉ်းထောင်၊ သီပေါမြို့မရဲစခန်းအချုပ်နှင့် ကျောက်မဲမြို့မရဲစခန်းအချုပ်တို့ကို လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် နောင်ချိုမြို့မရဲစခန်းအချုပ်ကို လည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၈ နှင့်အညီ သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် ပြည်နယ်တရားသူကြီးချုပ်က ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အချုပ်သားဦးရေနှင့် အကျဉ်းထောင်၊ အချုပ်ခန်းတို့မှ လက်ခံနိုင်သည့် ဦးရေကျော်လွန်မှု ရှိ၊ မရှိ၊ အကျဉ်းသား၊ အချုပ်သားများ၏ နေထိုင်ရေး၊ စားသောက်ရေး အဆင်ပြေချောမွေ့မှု ရှိ၊ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကောင်းမွန်မှု ရှိ၊ မရှိ၊ မိလ္လာစနစ် ကောင်းမွန်မှု ရှိ၊ မရှိ၊ သန့်ရှင်းသော သောက်သုံးရေရရှိမှု ရှိ၊ မရှိ၊ ဥပဒေပါ အခွင့်အရေးများ ဖောက်ဖျက်ခံရမှု ရှိ၊ မရှိ၊ အယူခံ၊ ပြင်ဆင်တက်ရောက်ရန် အခွင့်အရေးရရှိမှု ရှိ၊ မရှိ၊ ရှေ့နေရှေ့ရပ်ငှားရမ်းခွင့် ရ၊ မရ၊ တရားရုံးများနှင့်စပ်လျဉ်း၍ အခက်အခဲတွေ့ကြုံရမှုများ ရှိ၊ မရှိ စသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အကျဉ်းသားများ၊ အချုပ်သားများကို တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့နောက် ပြည်နယ်တရားသူကြီးချုပ်က ထောင်တာဝန်ခံအရာရှိများနှင့် အချုပ်တာဝန်ရှိသူများကို လိုအပ်သည်များ ညွှန်ကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ဖလမ်း၌ စေတနာ့ဝန်ထမ်းများအတွက် တီဘီနှင့်ငှက်ဖျားရောဂါသင်တန်းဖွင့်

**ဖလမ်း ဇွန် ၂၁**

ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးနှင့် Save the Children တို့ပူးပေါင်း၍ တီဘီနှင့် ငှက်ဖျားရောဂါသင်တန်းကို ဇွန် ၁၉ ရက်ကစ၍ ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ဖွင့်လှစ်လျက်ရှိပြီး ဖလမ်းမြို့နယ် ကျန်းမာရေးလုပ်သား စေတနာ့ဝန်ထမ်း ၉၇ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ်

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော်လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော်လည်းကောင်း၊ လူမှုရေးကိစ္စအဆင်မပြေသောကြောင့်သော်လည်းကောင်း မူးယစ်ဆေးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။


မူးယစ်ဆေးဝါးကြောင့် အောက်ပါစိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- စိတ်ကျရောဂါဖြစ်ခြင်း
- မှတ်ဉာဏ်ချို့ယွင်းခြင်း
- အာရုံစူးစိုက်မှု လျော့ပါးလာခြင်း
- မိမိကိုယ်ကို သေကြောင်းကြံခြင်း
- မိမိ မိသားစုနှင့် မိမိလုပ်ငန်းအပေါ် စိတ်ဝင်စားမှုလျော့နည်းလာခြင်း
- ပြင်းထန်စွာ စိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွှန့်တုံးသည်အထိဖြစ်စေနိုင်ပါသည်။**
**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**


## မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် အထက်တန်းဆင့်သင်ကျောင်းအရေအတွက်




ခာစ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# လှိုင်သာယာ အလယ်ကျေးရွာအုပ်စု ကုန်းတွင်းဆိပ်ကမ်းစီမံကိန်းမြေနေရာ မူလပိုင်ရှင်တောင်သူများက မြို့မြေအဖြစ် ၂၀ ရာခိုင်နှုန်း ပြန်ယူရန် သဘောတူခဲ့


ရန်ကုန် ဇွန် ၂၁

**ကုန်းတွင်းဆိပ်ကမ်းစီမံကိန်းဆောင်ရွက်ရာတွင် တောင်သူများအနေဖြင့် အကျိုးအမြတ်ဖြစ်ထွန်းနိုင်ကြောင်း သဘောပေါက်နားလည်၍ မြို့မြေအဖြစ် ၂၀ ရာခိုင်နှုန်း ပြန်လည်ရယူရန် သဘောတူညီမှု ဝန်ခံကတိပြု လက်မှတ်များရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးမှ သိရသည်။**

တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက စီမံကိန်းပြုလုပ်ရန်အတွက် မြေသိမ်းယူခြင်းကို မိမိပိုင်မြေစွန့်လွှတ်လှူဒါန်းပါကြောင်း လက်မှတ်ရေးထိုးခိုင်းသည်မှာ လုပ်ထုံးလုပ်နည်းနှင့် ညီ၊ မညီ။ အဘယ်ကြောင့် မြေယာသိမ်းဆည်းမှုဥပဒေနှင့်အညီ မြေသိမ်းမိန့်ထုတ်ယူ၍ သိမ်းယူခြင်း၊ လယ်ယာမြေပိုင်ဆိုင်သူ တောင်သူများအား ဥပဒေပြဋ္ဌာန်းချက်အတိုင်း ငွေပေးဆောင်မှု ရှိ၊ မရှိ ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်း မေးမြန်းရခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပြောကြားရာတွင် "ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးမှ လှိုင်သာယာမြို့နယ် အလယ်ကျေးရွာအုပ်စု ကွင်းအမှတ် ၃၀၀/ ခ၊ ကုန်းရွာကွင်းရှိ မြေဧရိယာ ၂၄၃ ဒသမ ၆၂ ဧကကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်ပြီး ကုန်းတွင်းဆိပ်ကမ်းကို ဆောင်ရွက်သွားမှာဖြစ်လို့ ၎င်းဧရိယာတွင်ပါဝင်တဲ့ တောင်သူများနဲ့ မြေယာကိစ္စများကို ညှိနှိုင်းခဲ့ပါတယ်၊ အဲဒီလိုညှိနှိုင်းရာမှာ နိုင်ငံတော်က ၈၀ ရာခိုင်နှုန်း၊ တောင်သူလယ်သမားတွေက ၂၀ ရာခိုင်နှုန်းနဲ့ ညှိနှိုင်းခဲ့သော်လည်း အဆင်မပြေခဲ့ပါဘူး၊ သို့သော်လည်း နောက်ဆုံးအခြေအနေမှာတော့ တောင်သူလယ်သမားတွေက ၂၀ ရာခိုင်နှုန်းကို လက်ခံခဲ့ကြပါတယ်၊ ထိုသို့လက်မခံစဉ် အချိန်ကာလတွေမှာ မြေပိုင်ဆိုင်သူ လုပ်ငန်းရှင်တွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကုန်းတွင်းဆိပ်ကမ်းအတွက် မြေစွန့်လွှတ်လှူဒါန်းပါတယ်ဆိုတဲ့ စာချုပ်များရိုက်ကာ ၎င်းစာချုပ်ပေါ်မှာ မြေပိုင်ရှင်တွေကို ခရိုင်အဆင့် လက်ထောက်ဌာနမှူးက တာဝန်ခံကာ လက်မှတ်ရေးထိုးခိုင်းခဲ့ပါတယ်၊ ယနေ့ခေတ် အချိန်အခါမှာ ရန်ကုန်မြို့လိုနေရာကြီးမှာ လက်ရှိမိမိပိုင်ဆိုင်ပြီးတော့ လုပ်ငန်းလုပ်ကိုင်လျက်ရှိတဲ့ မြေနေရာတွေကို သဒ္ဓါတရားထက်သန်စွာနဲ့ အစိုးရကို လှူဒါန်းပါတယ်ဆိုတာ သဘာဝကျပါသလား၊ အမှန်တကယ် စီမံကိန်းတွေ လုပ်ဆောင်ဖို့အတွက် မြေသိမ်းယူဖို့လိုအပ်ပါက ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပြဋ္ဌာန်းပြီးနောက် လယ်ယာမြေတွေကို သိမ်းယူခြင်းအတွက် လျော်ကြေးတွက်ချက်မှုတွေကို အခန်း ၉၊ ပုဒ်မ ၂၆ မှာ ပြဋ္ဌာန်းထားပါတယ်၊ အဲဒီပြဋ္ဌာန်းချက်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်မှာ မည်သို့ပင် ပါရှိစေကာမူ နိုင်ငံတော်အကျိုးအတွက်၄ာဖြစ်စေ၊ အများပြည်သူအကျိုးအတွက်၄ာဖြစ်စေ သိမ်းယူသည့်အခါ မူလလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ ဆောင်ရွက်ထားတဲ့ကိစ္စရပ်တွေအတွက် နစ်နာမှုလုံးဝမရှိစေဖို့ လျော်ကြေးပေးခြင်း၊ အခြားနည်းလမ်းတွေနဲ့ ဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာက ပြုလုပ်ပေးနိုင်တယ်လို့ ပါရှိပါတယ်၊ ဒီလိုစီမံ ဆောင်ရွက်ခြင်းကိစ္စနဲ့ စပ်လျဉ်းပြီး ၂၀၁၇ ခုနှစ် ဧပြီလ နောက်ပိုင်းမှာလည်း ညွှန်ကြားချက်ထုတ်ထားပါတယ်၊ တိုင်းဒေသကြီးအစိုးရက ညှိနှိုင်းသတ်မှတ်ပေးနိုင်တယ်လို့ ပါရှိပါတယ်၊ ဒါ့အပြင် ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးလျက်ရှိတဲ့ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနဲ့ ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းမှာ အများပြည်သူအကျိုး၄ာ ဥပဒေနဲ့အညီ မြေသိမ်းဆည်းခြင်းခံရသူတို့ရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့ ဆွေးနွေးနေဆဲဖြစ်ပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ပြန်လည်ဖြေကြားရာတွင် လှိုင်သာယာမြို့နယ် အလယ်ကျေးရွာအုပ်စု ကွင်းအမှတ် ၃၀၀/ခ၊ ကုန်းရွာကွင်းရှိ လယ်မြေ ၂၄၃ ဒသမ ၆၂ ဧကအား ဒေသခံများ အကျိုးရှိစေမည့် ကုန်းတွင်းဆိပ်ကမ်းစီမံကိန်းအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်ပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းဆောင်ရွက်မည့် ဧရိယာအတွင်း ဥယျာဉ်ခြံမြေအဖြစ် ပုံစံ (၇) ရရှိပြီးသူ တောင်သူငါးဦး၏ မြေဧရိယာ ၂၀၁ ဧကနှင့် ပုံစံ (၇) မရရှိသေးသည့် တောင်သူခြောက်ဦး၏ လယ်မြေဧရိယာ ၄၂ ဒသမ ၆၂ ဧက စုစုပေါင်း တောင်သူ ၁၁ ဦး၊ မြေဧရိယာ ၂၄၃ ဒသမ ၆၂ ဧက ပါဝင်ပါကြောင်း၊



ဦးဟံထွန်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး



ဒေါ်စန္ဒာမင်း ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်

ကုန်းတွင်းဆိပ်ကမ်းစီမံကိန်းဆောင်ရွက်နိုင်ရန် အဆိုပါမြေဧရိယာအတွင်း ပါဝင်သည့် တောင်သူ ၁၁ ဦးအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ တောင်သူများအနေဖြင့် ၎င်းတို့ပိုင်ဆိုင်ထားသည့်မြေများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ မြို့မြေအဖြစ်ရရှိမည်ဖြစ်ရာ ၎င်းတို့အတွက် အကျိုးအမြတ်ဖြစ်ထွန်းနိုင်ကြောင်း သဘောပေါက်နားလည်၍ မြေဧရိယာ ၂၄၃ ဒသမ ၆၂ ဧကတွင် လယ်မြေအား အခြားနည်းအသုံးပြုခွင့်ရရှိရန် ဆောင်ရွက်ပေးပြီး စီမံကိန်းမြေအဖြစ် အသုံးပြုရန် ၈၀ ရာခိုင်နှုန်းအား လည်းကောင်း၊ လက်ရှိပိုင်ဆိုင်သူများက လယ်မြေအား အခြားနည်းအသုံးပြုခွင့်ရပြီး မြို့မြေအဖြစ် ၂၀ ရာခိုင်နှုန်း ပြန်လည်ရယူရန် သဘောတူညီမှုရရှိခဲ့သဖြင့် မူလပိုင်ရှင်တောင်သူများက ၎င်းတို့၏သဘောဆန္ဒဖြင့် ဝန်ခံကတိပြုလက်မှတ်များရေးထိုးခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေသိမ်းအမှုတွဲ ဖွင့်လှစ်ရာ၌ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေပုဒ်မ ၃၁၊ အပိုဒ်(၃)အရ ကော်လိတ်တော် အရာရှိသည် အကျိုးခံစားခွင့်ရှိသူတောင်သူတစ်ဦးနှင့် အလဲအလှယ်ပြုသောအားဖြင့် အခြားသောမြေကို ဂရန်ထုတ်ပေးခြင်း (သို့မဟုတ်) ထိုသူ၏ အခြားမြေအတွက် စည်းကြပ်ထားသော အခွန်ကို လျော်ပစ်ခြင်း၊ သက်ဆိုင်သောအကျိုးခံစားခွင့်ရှိသူအား ညီမျှသော အကျိုးဖြစ်စေမည့် အခြားသောနည်းဖြင့် နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့် သဘောတူချက်တစ်စုံတစ်ရာကို ပြုလုပ်ခြင်း ပြုနိုင်သည်ဟု ဖော်ပြပါရှိရာ ၎င်းဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် လူမှုစီးပွား

**(၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ အဆိုပါပြပွဲနှင့် စပ်လျဉ်းသည့် လူမှုစီးပွား အခြေအနေများကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။**



ဦးလဖိုင်ခွန်ဆာ



ဦးကောင်းကျော်စွာ



မငယ်ငယ်

**ဦးလဖိုင်ခွန်ဆာ (ဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း)**

ကျောက်မျက်ရတနာတူးဖော်မှုလုပ်ငန်း ရာသီပိတ်သိမ်းချိန်မှာ ဒီလိုပြသရောင်းချတဲ့ပွဲတွေ ကျင်းပတာဖြစ်ပါတယ်။ တစ်နှစ်ကို နှစ်ကြိမ်၊ သုံးကြိမ် ကျင်းပနိုင်အောင် ကြိုးပမ်း ဆောင်ရွက်နေပါတယ်။ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း အနေနဲ့ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်။ မြန်မာငွေနဲ့ ပြသရောင်းချတဲ့ပွဲတွေအပါအဝင် နိုင်ငံခြားငွေနဲ့ ပြသရောင်းချတဲ့ပွဲတွေကိုလည်း ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီလိုပွဲတွေ ကျင်းပခြင်းဖြင့် ဟိုတယ်လုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ကျောက်မျက်လုပ်ငန်းတွေနဲ့ ဆက်စပ်နေတဲ့ မိသားစုတွေအပါအဝင် ဒေသခံပြည်သူတွေ အနေနဲ့ အလုပ်အကိုင် အဆင်ပြေကြမှာဖြစ်ပါတယ်။ အခုကျင်းပတဲ့ ပြသရောင်းချပွဲကိုတက်ရောက်တဲ့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်တွေဟာ အရင်နှစ်တွေကထက် ပိုမိုများပြားလာတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ပြည်တွင်းကထွက်တဲ့ ရတနာတွေနဲ့ ပြည်တွင်းမှာပဲ အချောထည်တွေ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီကြိုးပမ်းမှုဟာ နိုင်ငံသူ နိုင်ငံသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ စီးပွားရေးအခွင့်အလမ်းတွေ ပိုမိုရရှိစေမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းမှာ ကျောက်စိမ်း၊ ကျောက်မျက်၊ အချောထည်ဈေးကွက် ပေါ်ပေါက်လာအောင် အသင်းအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါမှလည်း တရားမဝင် ရောင်းဝယ်မှုတွေ ပပျောက်ပြီး ကောင်းမွန်တဲ့ ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက်တွေ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ပြည်တွင်း အချောထည်ဈေးကွက်တွေ ပေါ်ပေါက်လာဖို့အတွက် အသင်းအနေနဲ့ ကျောက်မျက်ရတနာသင်တန်း ကျောင်းကိုလည်း ဖွင့်လှစ်ထားပါတယ်။ ဒါကလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များစေဖို့ ရည်ရွယ်ဖွင့်လှစ်ထားတာ ဖြစ်ပါတယ်။

**ဦးကောင်းကျော်စွာ (ကြီးကြပ်ရေးမှူး ကျောက်စိမ်းမြို့တော်ဟိုတယ်)**

ကျောက်မျက်ပွဲရှိတဲ့အတွက် ကျွန်တော်တို့ ဟိုတယ်မှာ အခန်းငှားတဲ့ ရာခိုင်နှုန်း ၈၀ ရာခိုင်နှုန်း အထိ မြင့်တက်သွားပါတယ်။ အရင်ကဆို တစ်ရက်ကို လေးခန်း၊ ငါးခန်းလောက်ပဲ ငှားရပါတယ်။ အခု ၈၀ ရာခိုင်နှုန်းအထိ မြင့်တက်နေတာတောင်မှ နောက်ထပ် ငှားရမ်းတဲ့သူတွေ ရှိနေပါသေးတယ်။ ကျောက်မျက်ပြပွဲကျင်းပနေတဲ့အချိန်မှာ ဝန်ဆောင်မှုအနေနဲ့ အုပ်စုလိုက်လာရင် ဈေးနှုန်းလျှော့ချပေးပါတယ်။ ကျောက်မျက်ပြပွဲကျင်းပနေတဲ့ အချိန်မှာဆိုရင် ကျွန်တော်တို့ဟိုတယ်မှာ ပြည်ပက ရတနာကုန်သည်တွေ လာရောက်တည်းခိုတာ များပြားပါတယ်။ ကျွန်တော်တို့ ဟိုတယ်ကို www.adoga.com/ Jadecityhotelnaypyitaw ဆိုတဲ့ Oniline ကနေ တစ်ဆင့်လည်း ကြိုတင်ငှားရမ်းလို့ ရပါတယ်။

**မငယ်ငယ် (ဈေးသည်၊ သဲကြီးကုန်းရွာ)**

ကျွန်မက ဒီကျောက်မျက်ရတနာပြပွဲအနီးမှာ ငှက်ပျောသီး၊ မင်းကွတ်သီး၊ ထီးနဲ့ ကွမ်းယာတွေ ရောင်းပါတယ်။ ဒီလို ဈေးရောင်းရတော့ မိသားစု ဝမ်းရေး အဆင်ပြေပါတယ်။ မိုးရာသီဆိုတော့ ထီးရောင်းရတာ ပိုသွက်ပြီး အမြတ်ပိုရပါတယ်။ ကျွန်မတို့ မိသားစုခြောက်ယောက်လုံး ဈေးရောင်းနေကြပါတယ်။

**ဦးကျော်သူ (ကြီးကြပ်ရေးမှူး၊ ရွှေတောင်ကြီးစားသောက်ဆိုင်)**

ကျောက်မျက်ပွဲရှိတဲ့အတွက် ကျွန်တော်တို့ ရွှေတောင်ကြီးစားသောက်ဆိုင်အနေနဲ့ အရင်ကထက် ရောင်းအားတွေ ပိုတက်လာပါတယ်။ အရင်ကရောင်းအားနဲ့ အခုရောင်းအား တော်တော်လေးကွာခြားမှုရှိပါတယ်။ ခါတိုင်းဆိုရင် ပုံမှန် ညှော်သည်လောက်ပဲရှိပါတယ်။ အခုလို ကျောက်မျက်ပွဲရှိတဲ့ကာလမျိုးမှာ ပုံမှန်ထက် ပိုရောင်းကောင်းပါတယ်။

**စောဟီဇာကျော် (အငှားယာဉ်မောင်း)**

ကျွန်တော်က ကားကိုတစ်ရက်သုံးသောင်းနဲ့ အငှားလိုက်ပါတယ်။ ဆီကိုတော့ ငှားတဲ့သူက ထည့်ပေးရပါမယ်။ ခရီးဝေးဆိုရင် တစ်ရက် ငါးသောင်းနဲ့ လိုက်ပါတယ်။ ကျောက်မျက်ပြသရောင်းချတဲ့ ကာလမှာ အငှားယာဉ်မောင်းတော့ မိသားစုအတွက် အပိုဝင်ငွေရပါတယ်။

**မဂျူလိုင်မိုး (ဧည့်ကြိုဝန်ထမ်း၊ မြတ်မင်္ဂလာဟိုတယ်)**

ကျွန်မတို့ ဟိုတယ်မှာ အရင်တုန်းကဆိုရင် ပုံမှန်အားဖြင့် ၁၀ ခန်းလောက်ပဲ ငှားရပါတယ်။ ပုံမှန်အားဖြင့် တစ်ခန်းကို ငွေကျပ် သုံးသောင်းခွဲနဲ့ ငှားပါတယ်။ ကျောက်မျက်ပွဲရှိတဲ့အတွက် ပုံမှန်ထက် ဧည့်သည် ပိုဝင်လာပါတယ်။ ကျောက်မျက်ပွဲ များများကျင်းပနိုင်ရင် ကျွန်မတို့ဟိုတယ်တွေ ပိုပြီး အလုပ်ဖြစ်ပါတယ်။

**ဒေါ်သင်းသင်းချစ် (ကျောက်စောင့် )**

ကျွန်မကတော့ ဒီကျောက်မျက်ပြပွဲမှာ ကုမ္ပဏီက ခင်းကျင်းပြသထားတဲ့ကျောက်တွေကို စောင့်ရတဲ့သူတစ်ယောက် ဖြစ်ပါတယ်။ ကျောက်စောင့်ခအဖြစ် တစ်နေ့ကို ငွေကျပ် တစ်သောင်း ရပါတယ်။ ကျွန်မအမျိုးသားကလည်း ကျောက်စောင့်အဖြစ်လုပ်ကိုင်ပါတယ်။ သူလည်း တစ်ရက်ကို ငွေကျပ် တစ်သောင်းရပါတယ်။ နှစ်ယောက်ပေါင်း တစ်ရက်ကို ငွေကျပ် နှစ်သောင်းဆိုတော့ မိသားစုအတွက် ပိုပြီးအဆင်ပြေပါတယ်။ ဒီလိုပွဲမျိုး မကြာခဏ ကျင်းပစေချင်ပါတယ်။

**အမေးနှင့်အရေး - မွေးကြူဇင်**
**ဓာတ်ပုံ - အေးသန်း**



ဦးကျော်သူ



စောဟီဇာကျော်



မဂျူလိုင်မိုး



ဒေါ်သင်းသင်းချစ်



**ဇွန် ၂၁ ရက်က သန်လျင်မြို့နယ် အ ထ က - ၂ ကျောင်းရှေ့တွင် မြို့နယ်ရဲစခန်းမှူး ဒုရဲမှူး စောထွန်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက မူခင်းအသိပညာပေးယာဉ်ဖြင့် ပြသဟောပြောရာ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။**

ကိုကြီးတင်



## ရောင်းချမည့်ကျောက်စိမ်းအတွဲများ ရတနာကုန်သည်များ စစ်ဆေး

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသော (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် သက်ဆိုင်ရာကုမ္ပဏီများမှ တင်ပြရောင်းချထားသော ကျောက်စိမ်းအတွဲပေါင်း ၆၇၉၅ အတွဲကို ဇွန် ၂၁ ရက်က ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဝယ်ယူရန် အပြိုင်အဆိုင် ကြည့်ရှုစစ်ဆေးနေကြပြီး ဇွန် ၂၄ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၁-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၅/၉၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၈၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၀၀/၉၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၇၁ ・၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၈၆ ・၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၈ ・၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၀၄ ・၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၄၂ ・၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၀၉ ・၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・၇၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・၁၄၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၃ ・၆၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၁ ・၉၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၁ ・၇၁၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီဌေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# နောက်တစ်ဆင့်တက်ဖို့အတွက် နိုင်ပွဲယူမယ့် ဘရာဇီး

ဝေ မိုး ဆက်



**၂၂ ဇွန်လ ၂၀၁၈ | ည ၆း၃၀ | Saint-Petersburg Stadium**

**ဇွန် ၂၂ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (E) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဘရာဇီးနဲ့ကော်စတာရီကာတို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပြီး ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲဆိုတာ စောင့်ကြည့်ရမယ်။**

### ဘရာဇီးရဲ့ အခြေအနေ

ဘရာဇီးအနေနဲ့ အဖွင့်ပွဲစဉ်မှာ ဆွစ်ဇာလန်ကို အနိုင်မယူနိုင်ခဲ့လို့ အုပ်စုအဆင့်ကိုကျော်ဖြတ်နိုင်ဖို့ဆိုရင် ဒီပွဲစဉ်မှာနိုင်ပွဲရဖို့ လိုအပ်နေပါတယ်။ ဒါကြောင့်လည်း ဘရာဇီးတို့အားစိုက်ကစားလာမှာဖြစ်ပါတယ်။ အဖွင့်ပွဲမှာနိုင်ပွဲမရခဲ့ပေမယ့်လည်း ဘရာဇီးရဲ့ကစားပုံကောင်းမွန်ခဲ့ပြီး ဆွစ်ဇာလန်က ခပ်ကြမ်းကြမ်းဟန့်တားခဲ့လို့သာ ဘရာဇီးတို့ ကစားရခက်ခဲ့တာဖြစ်ပါတယ်။

### ကော်စတာရီကာရဲ့ အခြေအနေ

ကော်စတာရီကာကလည်း အဖွင့်ပွဲမှာ ရှုံးပွဲကြုံခဲ့တာကြောင့် နောက်တစ်ဆင့်တက်နိုင်ဖို့ဆိုရင် ဒီပွဲမှာနိုင်ပွဲရဖို့လိုအပ်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာကော်စတာရီကာတို့ အားစိုက်ကစားလာမှာဖြစ်ပြီး အသင်းလိုက်စွမ်းဆောင်ရည်လည်း ကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းကတော့အားနည်းမှုရှိနေတာကို သတိပြုရမှာပါ။

### သုံးသပ်ချက်

ကော်စတာရီကာတို့နိုင်ပွဲလိုနေလို့ ခံစစ်အားပြုကစားဖို့ထက် တိုက်စစ်ကို ပိုမိုအားစိုက်ကစားလာရင် ဘရာဇီးအတွက် ကစားရပိုမိုလွယ်ကူစေနိုင်တယ်။ ကော်စတာရီကာတိုက်စစ်ကလည်း အားနည်းနေတာကြောင့် ဒီပွဲမှာတော့ ဘရာဇီးပဲ နိုင်ပွဲရသွားဖို့ရှိပါတယ်။

**ဘရာဇီး Vs ကော်စတာရီကာ**

**နောက်ဆုံးဆုံတွေ့မှု (၆-၉-၁၅)**

| | | |
|---|---|---|
| ဘရာဇီး | ၁-၀ | ကော်စတာရီကာ |

**ဘရာဇီးအသင်း၏နောက်ဆုံး ၄ ပွဲ**

| | | |
|---|---|---|
| ဘရာဇီး | ၁-၁ | ဆွစ်ဇာလန် |
| ဩစတြီးယား | ၀-၃ | ဘရာဇီး |
| ဘရာဇီး | ၂-၀ | ခရိုအေးရှား |
| ဂျာမနီ | ၀-၁ | ဘရာဇီး |

**ကော်စတာရီကာအသင်း၏နောက်ဆုံး ၄ ပွဲ**

| | | |
|---|---|---|
| ကော်စတာရီကာ | ၀-၁ | ဆားဘီးယား |
| ဘယ်ဂျီယံ | ၄-၁ | ကော်စတာရီကာ |
| အင်္ဂလန် | ၂-၀ | ကော်စတာရီကာ |
| ကော်စတာရီကာ | ၃-၀ | မ/အိုင်ယာလန် |

# ဒုတိယပွဲစဉ်မှာလည်း ခြေစွမ်းကောင်းပြမယ့် အိုက်စလန်

**၂၂ ဇွန်လ ၂၀၁၈ | ည ၉း၃၀ | Volgograd Arena**

**ဇွန် ၂၂ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (D) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ နိုင်ဂျီးရီးယားနဲ့အိုက်စလန်တို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပြီး အိုက်စလန်နိုင်ပွဲရမလား စောင့်ကြည့်ရမယ်။**

### နိုင်ဂျီးရီးယားရဲ့ အခြေအနေ

နိုင်ဂျီးရီးယားအနေနဲ့ အဖွင့်ပွဲမှာ ရှုံးပွဲကြုံခဲ့တာကြောင့် နောက်တစ်ဆင့် တက်နိုင်ဖို့ဆိုရင် ဒီပွဲမှာနိုင်ပွဲရဖို့လိုအပ်လို့ မော့ဆက်၊ အီနာချိုတို့လို ကစားသမားတွေနဲ့ တိုက်စစ်အားပြုကစားလာမှာ ဖြစ်ပါတယ်။ နိုင်ဂျီးရီးယားအနေနဲ့ တိုက်စစ်ပိုင်းအားနည်းပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်တော့ မာကျောမှုရှိကာ တန်ပြန်တိုက်စစ်ကစားပုံလည်း ကောင်းမွန်မှုရှိပါတယ်။

### အိုက်စလန်ရဲ့ အခြေအနေ

အိုက်စလန်ကတော့ အဖွင့်ပွဲမှာ အာဂျင်တီးနားကိုသရေကစားနိုင်ခဲ့တဲ့အတွက် ဒီပွဲအနိုင်ရလိုက်တာနဲ့ နောက်တစ်ဆင့်ကို တက်နိုင်ဖို့အခွင့်အရေး ပိုမိုကောင်းသွားမှာ ဖြစ်ပါတယ်။ အိုက်စလန်ဟာ အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်တဲ့အသင်းဖြစ်သလို ဖင်ဘိုဂါ ဆန်၊ ဆီဂတ်ဆန်တို့လို ကစားသမားတွေလည်း ရှိနေပါတယ်။

### သုံးသပ်ချက်

နိုင်ဂျီးရီးယားတို့ တိုက်စစ်ဖွင့်ကစားလာမှာဖြစ်ပေမယ့် အဆုံးသတ်အားနည်းမှုကြောင့် မာကျောတဲ့ အိုက်စလန်ခံစစ်ကို ကျော်ဖြတ်ဖို့ခက်သလို အိုက်စလန်ရဲ့ တန်ပြန်တိုက်စစ်ကိုလည်း ထိန်းချုပ်နိုင်ဖို့ခက်မှာပါ။ အိုက်စလန်ကသာ နိုင်ပွဲရနိုင်ပါမယ်။




**နိုင်ဂျီးရီးယား Vs အိုက်စလန်**

**နောက်ဆုံးဆုံတွေ့မှု**

မရှိ

**နိုင်ဂျီးရီးယားအသင်း၏နောက်ဆုံး ၄ ပွဲ**

| | | |
|---|---|---|
| ခရိုအေးရှား | ၂-၀ | နိုင်ဂျီးရီးယား |
| နိုင်ဂျီးရီးယား | ၀-၁ | ချက် |
| အင်္ဂလန် | ၂-၁ | နိုင်ဂျီးရီးယား |
| နိုင်ဂျီးရီးယား | ၁-၁ | ကွန်ဂို |

**အိုက်စလန်အသင်း၏နောက်ဆုံး ၄ ပွဲ**

| | | |
|---|---|---|
| အာဂျင်တီးနား | ၁-၁ | အိုက်စလန် |
| အိုက်စလန် | ၂-၂ | ဂါနာ |
| အိုက်စလန် | ၂-၃ | နော်ဝေ |
| အိုက်စလန် | ၁-၃ | ပီရူး |

# ဆားဘီးယားခံစစ်ကို ကျော်ဖြတ်ဖို့ခက်တဲ့ ဆွစ်ဇာလန်

**၂၃ ဇွန်လ ၂၀၁၈ | နံနက် ၀၀း၃၀ | Kaliningrad Stadium**

**ဇွန် ၂၃ ရက်မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (E) ဒုတိယ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဆားဘီးယားနဲ့ ဆွစ်ဇာလန်တို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပြီး ဆားဘီးယားတို့နိုင်ပွဲရမလား စောင့်ကြည့်ရမယ်။**

### ဆားဘီးယားရဲ့ အခြေအနေ

ဆားဘီးယားအနေနဲ့ အဖွင့်ပွဲမှာ ကော်စတာရီကာကို အနိုင်ရခဲ့လို့ ဒီပွဲမှာ သရေကစားနိုင်ခဲ့မယ်ဆိုရင်တောင်မှ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။ ဆားဘီးယားက တစ်ဦးချင်းခြေစွမ်းကောင်းမွန်တဲ့ကစားသမားတွေရှိသလို ခံစစ်ကစားပုံကောင်းမွန်ပြီးအသင်းလိုက်ချိတ်ဆက်ကစားမှုလည်း ညီညွတ်မျှတမှုရှိတဲ့အသင်း ဖြစ်ပါတယ်။

### ဆွစ်ဇာလန်ရဲ့ အခြေအနေ

ဆွစ်ဇာလန်ကတော့ ဘရာဇီးကို သရေကစားနိုင်ခဲ့တာမှန်ပေမယ့် အဆိုပါပွဲမှာ ခံစစ်ကိုသာအားစိုက်ကစားခဲ့တာဖြစ်ပြီး သူတို့ရဲ့တိုက်စစ်ကစားပုံကတော့ အားနည်းမှုတွေရှိခဲ့တာကိုတွေ့ရပါတယ်။ အထူးသဖြင့် ဆွစ်ဇာလန်ရဲ့ကွင်းလယ်စုဖွဲ့မှုဟာ တောင့်တင်းမှု မရှိတာကြောင့် ပြိုင်ဘက်တိုင်းကို ခက်ခက်ခဲခဲထိုးဖောက်ရလေ့ရှိပါတယ်။



### သုံးသပ်ချက်

ဆွစ်ဇာလန်တို့သရေတစ်မှတ်သာ ရရှိထားတာကြောင့် ဒီပွဲမှာနိုင်ပွဲလိုအပ်တဲ့အတွက် တိုက်စစ်အားပြုလာမှာဖြစ်ပေမယ့် အဆုံးသတ်အားနည်းလို့ မာကျောတဲ့ဆားဘီးယားခံစစ်ကိုကျော်ဖြတ်ဖို့ခက်ခဲနိုင်ပါတယ်။ ဆားဘီးယားပဲအနိုင်ရနိုင်ပါမယ်။

**ဆားဘီးယား Vs ဆွစ်ဇာလန်**

**နောက်ဆုံးဆုံတွေ့မှု**

မရှိ

**ဆားဘီးယားအသင်း၏နောက်ဆုံး ၄ ပွဲ**

| | | |
|---|---|---|
| ကော်စတာရီကာ | ၀-၁ | ဆားဘီးယား |
| ဆားဘီးယား | ၅-၁ | ဘိုလီးဗီးယား |
| ဆားဘီးယား | ၀-၁ | ချီလီ |
| နိုင်ဂျီးရီးယား | ၀-၂ | ဆားဘီးယား |

**ဆွစ်ဇာလန်အသင်း၏နောက်ဆုံး ၄ ပွဲ**

| | | |
|---|---|---|
| ဘရာဇီး | ၁-၁ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၂-၀ | ဂျပန် |
| စပိန် | ၁-၁ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၆-၀ | ပနားမား |

# ကမ္ဘာ့ဖလားဇာတ်ခုံမှာ မက္ကဆီကိုနဲ့အတူ တောက်ပလာမယ့် လိုဇာနို

**ကမ္ဘာ့ဖလားမတိုင်ခင်ကတော့ လိုဇာနိုဆိုတဲ့ ကစားသမားကို လူအနည်းငယ်ကသာ ကြားဖူးကြပါတယ်။ ဒါပေမယ့် အခုတော့ မက္ကဆီကိုအသင်းရဲ့အဖွင့်ပွဲစဉ်မှာ ဂျာမနီဘက်ကို ဂိုးသွင်းယူနိုင်ခဲ့ပြီးတဲ့နောက်မှာတော့ ကမ္ဘာ့မီဒီယာတွေရဲ့အာရုံစိုက်ခြင်းနဲ့အတူ ကမ္ဘာ့ဘောလုံးပရိသတ်တွေရဲ့အထူးစောင့်ကြည့်ခြင်းကိုခံနေရပြီ ဖြစ်ပါတယ်။**





မက္ကဆီကိုအသင်းရဲ့ လူငယ်တောင်ပံ ကစားသမား လိုဇာနိုဟာ မက္ကဆီကို ကလပ် ပါချူကာမှာကစားသမားဘဝကို စတင်ခဲ့တဲ့သူဖြစ်ပါတယ်။ သူဟာ ပါချူကာအသင်းနဲ့အတူ လိဂ်ပွဲပေါင်း ၁၂၀ ပါဝင်ကစားကာ ဂိုးပေါင်း ၃၁ ဂိုးသွင်းယူပေးထားသူလည်းဖြစ်ပါတယ်။ သူဟာဇာတိမြေကို စွန့်ခွာခဲ့တာက ပြီးခဲ့တဲ့ နှစ်နွေရာသီကမှပါ။ သူ့ရဲ့ တောက်ပတဲ့ခြေစွမ်းကို နှစ်သက်တဲ့ အိုင်ဟိုဗင့် အသင်းရဲ့ခေါ်ယူမှုကြောင့်လည်း သူဟာဟော်လန်လိဂ်ကို စတင် ခြေချမိခဲ့တာ ဖြစ်ပါတယ်။ ဒါဟာသူ့အတွက်တော့ ဥရောပကိုပထမဦးစွာအခြေချခြင်းလို့လည်း ပြောရမှာပါ။ အိုင်ဟိုဗင့်အသင်းကသူ့ရဲ့ခြေစွမ်းနဲ့ပတ်သက်ပြီး ယုံကြည်မှုကိုလည်း သူကစိတ်မပျက်စေခဲ့ပါဘူး။ တစ်ခါတလေမှာတော့ ဗဟိုအမေရိကနဲ့တောင်အမေရိကကလာတဲ့ ကစားသမားတွေဟာ ဥရောပဘောလုံးလောကနဲ့ အံဝင်မှုမရှိတာကြောင့် ရုန်းကန်ရတတ်တဲ့အလေ့အထတွေတော့ ရှိတတ်ပါတယ်။ ဒါပေမယ့် လိုဇာနိုကတော့ အဲဒီလိုအခြေအနေမျိုးတွေမရှိပါဘူး။ သူဟာ နယ်မြေသစ်ဖြစ်တဲ့ ဥရောပမှာ ပျော်ရွှင်နေသလို လျင်မြန်စွာနဲ့ အသားကျခဲ့တယ်လို့ ပြောရမှာပါ။ သူဟာ အိုင်ဟိုဗင့်အသင်းနဲ့အတူ ၂၉ ပွဲသာပါဝင်ကစားခွင့်ရခဲ့ပေမယ့် ၁၇ ဂိုးအထိသွင်းယူကာ ခြေစွမ်းပြကစားနိုင်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။

ဇွန် ၁၇ ရက်မှာ မော်စကိုရဲ့ အဓိကကွင်းကြီးဖြစ်တဲ့ Luzhniki ကွင်းကြီးမှာ ဂျာမနီနဲ့မက္ကဆီကို အသင်းတို့ ရင်ဆိုင်ကစားခဲ့တယ်။ ကမ္ဘာ့ဖလားလက်ရှိချန်ပီယံနဲ့ လူအထင်မကြီးတဲ့ တောင်အမေရိက အသင်းတစ်သင်းရဲ့ ပွဲလို့လည်း ပြောရမှာပါ။ ကမ္ဘာတစ်ဝန်းလုံး ဘောလုံး ပရိသတ်သန်းပေါင်းများစွာကလည်း ဂျာမနီအသင်းအနေနဲ့ မက္ကဆီကိုကို ဘယ်လောက်အထိ စိုးမိုးအနိုင်ယူပြီး ကစားသွားမလဲဆိုတဲ့ စိတ်တွေနဲ့စောင့်ကြည့်နေခဲ့ကြပါတယ်။ ဒါပေမယ့် အထင်နဲ့အမြင်က လွဲခဲ့တယ်။ မက္ကဆီကိုဟာ လက်ရှိချန်ပီယံဂျာမနီကို တစ်ချက်မှ ကြောက်ရွံ့မှုမရှိဘဲ တန်ပြန်တိုက်စစ်ဆင်မှုတွေက ကမ္ဘာ့ဘောလုံးပရိသတ်ကို ဟင်ခနဲ၊ ဟာခနဲဖြစ်စေခဲ့တယ်။

ပွဲမစခင်မှာ လိုဇာနိုနဲ့ပတ်သက်ပြီး သတိထားရမယ့်ကစားသမားတစ်ဦးအဖြစ် ခန့်မှန်းပြောကြပေမယ့် ဂျာမနီလိုအသင်းမျိုးကို တုန်လှုပ်သွားလောက်အောင် ကစားနိုင်လိမ့်မယ်လို့တော့ ဘယ်သူကမှ မထင်မှတ်ကြဘူး။ အဲဒီပွဲစဉ်မှာတော့ ဟာနန်ဒက်ဇ်ရဲ့ ကွင်းလယ်လောက်ကနေ ဆွဲပြေးလာတဲ့ ဘောလုံးကို လိုဇာနိုဆီပေးပို့လိုက်ချိန်မှာ သူဟာ နောက်တန်းကစားသမား တစ်ယောက်ကိုလိမ်ပြီး လှပစွာကန်သွင်းနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီဂိုးကိုကြည့်တာနဲ့ သူ့ရဲ့ လျင်မြန်မှု၊ ပါးနပ်မှု၊ အကွက်မြင်မှုတွေနဲ့ အခွင့်အရေးကိုကောင်းစွာအသုံးချနိုင်မှုတွေကိုလည်းတွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ အဲဒီပွဲစဉ်မှာတော့ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့တာ ဖြစ်ပါတယ်။

လိုဇာနိုဟာ ရပ်တန့်ဖို့မလွယ်တဲ့ ကစားသမားတစ်ဦးဆိုတာကတော့ သေချာတယ်။ သူ့အနေနဲ့ ထိပ်တန်းအဆင့်ကို ရောက်ရှိဖို့ လိုသေးတယ်ဆိုပေမယ့် ထူးချွန်ပြောင်မြောက်တဲ့ အရည်အချင်းတွေရှိနေတယ်။ သူဟာ ကမ္ဘာ့ဖလားမှာ ကမ္ဘာ့ထိပ်တန်းအသင်းကြီးဂျာမနီကို ဂိုးသွင်းရတဲ့အတွက်လည်း သူ့ဘဝမှာ အကောင်းဆုံး ဂိုးလို့တောင် ပြောခဲ့တယ်။ အခုလိုအချိန်မှာ သူ့ရဲ့ စိတ်ဓာတ်ပိုင်းတွေက အမြင့်ဆုံးမှာရှိနေတယ်။ သူ့အနေနဲ့ အခုမှကမ္ဘာ့ဖလား တစ်ပွဲသာ ကစားရသေးတယ်။ ပြိုင်ပွဲတွေ မပြီးဆုံးသေးဘူးလို့တော့ ပြောနိုင်တယ်။ ဒါပေမယ့် မမေ့သင့်တာက သူဟာပြီးခဲ့တဲ့နှစ် ဟော်လန်ကလပ်မှာလည်း အကောင်းဆုံးခြေစွမ်းတွေကို ပြနိုင်ခဲ့တယ်ဆိုတာပါ။ ဒါကိုကြည့်တာနဲ့ သူဟာ တစ်ပွဲကောင်းကစားသမားလို့ နာမည်တပ်လို့မရပါဘူး။ သူ့အနေနဲ့ စဉ်ဆက်မပြတ်တိုးတက်ဖို့ ရှိနေတဲ့ ကစားသမားတစ်ဦးလို့သာ ပြောရမယ်။ သူ့ရဲ့လက်ရှိယုံကြည်မှု၊ ခြေစွမ်း၊ နည်းစနစ်ပိုင်းကောင်းမွန်မှုတွေနဲ့အတူ ဥရောပထိပ်တန်းအသင်းကြီးတစ်သင်းကိုသာ ပြောင်းရွှေ့နိုင်ခဲ့မယ်ဆိုရင် တောက်ပတဲ့ကစားသမားတစ်ဦးအဖြစ်တောင် တွေ့မြင်ရနိုင်ပါတယ်။

ဒါကြောင့်လည်းသူ့အနေနဲ့ လက်ရှိအချိန်မှာတော့ မက္ကဆီကိုအသင်းနဲ့ အတူ ကမ္ဘာ့ဖလားဇာတ်ခုံမှာ ဘယ်လောက်အထိ တောက်ပပြီး ဘယ်လောက်အထိ အောင်မြင်လာနိုင်မလဲဆိုတာကို ရုရှားမြေရဲ့မြက်ခင်းစိမ်းတွေပေါ်က ပြိုင်ပွဲတွေနဲ့အတူ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ။

**အောင်က**

**ကမ္ဘာ့ဖလားမှာ ကမ္ဘာ့ထိပ်တန်းအသင်းကြီးဂျာမနီကို ဂိုးသွင်းရတဲ့အတွက်လည်း သူ့ဘဝမှာတော့အကောင်းဆုံး ဂိုးလို့တောင် ပြောခဲ့တယ်။ အခုလိုအချိန်မှာ သူ့ရဲ့ စိတ်ဓာတ်ပိုင်းတွေကတော့ အမြင့်ဆုံးမှာ ရှိနေတယ်။**

| ၂၀၁၈ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ် (၂) | | | |
|---|---|---|---|
| သောကြာနေ့ (၂၂-၆-၁၈) | | | |
| ည ၆း၃၀ | ဘရာဇီး | - | ကော်စတာရီကာ |
| ည ၉း၃၀ | နိုင်ဂျီးရီးယား | - | အိုက်စလန် |
| နံနက် ၀၀း၃၀ (စနေနံနက်) | ဆားဘီးယား | - | ဆွစ်ဇာလန် |
| စနေနေ့ (၂၃-၆-၁၈) | | | |
| ည ၆း၃၀ | ဘယ်လ်ဂျီယံ | - | တူနီးရှား |
| ည ၉း၃၀ | တ/ကိုရီးယား | - | မက္ကဆီကို |
| နံနက်၀၀း၃၀(တနင်္ဂနွေနံနက်) | ဂျာမနီ | - | ဆွီဒင် |
| တနင်္ဂနွေနေ့ (၂၄-၆-၁၈) | | | |
| ည ၆း၃၀ | အင်္ဂလန် | - | ပနားမား |
| ည ၉း၃၀ | ဂျပန် | - | ဆီနီဂေါ |
| နံနက် ၀၀း၃၀ (တနင်္လာနံနက်) | ပိုလန် | - | ကိုလံဘီယာ |

| ၂၀၁၈ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ် (၃) | | | |
|---|---|---|---|
| တနင်္လာနေ့ (၂၅-၆-၁၈) | | | |
| ည ၈း၃၀ | ဥရုဂွေး | - | ရုရှား |
| ည ၈း၃၀ | ဆော်ဒီအာရေဗျ | - | အီဂျစ် |
| နံနက် ၀၀း၃၀ (အင်္ဂါနံနက်) | အီရန် | - | ပေါ်တူဂီ |
| နံနက် ၀၀း၃၀ (အင်္ဂါနံနက်) | စပိန် | - | မော်ရိုကို |
| အင်္ဂါနေ့ (၂၆-၆-၁၈) | | | |
| ည ၈း၃၀ | ဒိန်းမတ် | - | ပြင်သစ် |
| ည ၈း၃၀ | သြစတြေးလျ | - | ပီရူး |
| နံနက် ၀၀း၃၀ (ဗုဒ္ဓဟူးနံနက်) | နိုင်ဂျီးရီးယား | - | အာဂျင်တီးနား |
| နံနက် ၀၀း၃၀ (ဗုဒ္ဓဟူးနံနက်) | အိုက်စလန် | - | ခရိုအေးရှား |
| ဗုဒ္ဓဟူးနေ့ (၂၇-၆-၁၈) | | | |
| ည ၈း၃၀ | တ/ကိုရီးယား | - | ဂျာမနီ |
| ည ၈း၃၀ | မက္ကဆီကို | - | ဆွီဒင် |
| နံနက် ၀၀း၃၀ (ကြာသပတေးနံနက်) | ဆားဘီးယား | - | ဘရာဇီး |

# ရုရှားနိုင်ငံအား ဗြိတိသျှဂါးဒီးယန်းသတင်းစာ ချီးကျူးရေးသားမှုပြုလုပ်ခဲ့

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ရုရှားနိုင်ငံအား ဗြိတိသျှနေ့စဉ်သတင်းစာတစ်စောင်ဖြစ်သည့် The Guardian သတင်းစာက ချီးကျူးရေးသားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

The Guardian သတင်းစာတွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါးတစ်ပုဒ်ဖြစ်သည့် "၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပထမပွဲများအပြီး လေ့လာတွေ့ရှိခဲ့သည့် အချက် ၁၀ ချက်" ဟု ခေါင်းစဉ်တပ်ထားသည့် ဆောင်းပါးတွင် ရုရှားနိုင်ငံသည် ကမ္ဘာ့ဖလားပြိုင်ပွဲအား လက်ခံကျင်းပရာနိုင်ငံများအနက်မှ အကောင်းဆုံးနိုင်ငံဖြစ်လာနိုင်သည်ဟု ချီးကျူးရေးသားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဆောင်းပါးတွင် "ရုရှားအစိုးရနှင့် နိုင်ငံရေးဆိုင်ရာ ဆက်ဆံရေး တင်းမာမှုများ၊ အခြားကိစ္စရပ်များ ရှိနေသော်လည်း လူပေါင်းများစွာသည် ရုရှားနိုင်ငံမှ ထွက်ခွာလာချိန်တွင် အကောင်းဆုံးသော အမှတ်တရများ ရရှိလာနိုင်မည်ဖြစ်ကာ ရုရှားနိုင်ငံနှင့်ပတ်သက်သည့် အမြင်များလည်း ပြောင်းလဲလာနိုင်သည်။ ရုရှားပြည်သူတွေဟာ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ဒီပြိုင်ပွဲဆီလာရောက်ကြတဲ့ ပရိသတ်တွေကို စိတ်လှုပ်ရှားဖွယ်ဖြစ်အောင် ကြိုဆိုခဲ့ကြသည်" ဟု ချီးကျူးရေးသားခဲ့သည်။

ရုရှားနိုင်ငံသည် ဖီဖာကမ္ဘာ့ဖလား ပြိုင်ပွဲအား ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိခဲ့ခြင်းဖြစ်ပြီး ရုရှားနိုင်ငံမှ မြို့ပေါင်း ၁၁ မြို့ရှိ ဘောလုံးကွင်း ၁၂ ကွင်းတွင် ဖီဖာကမ္ဘာ့ဖလားပွဲများကို ကျင်းပနေခြင်းဖြစ်သည်။

ကျင်းပခဲ့ပြီးသည့် ကမ္ဘာ့ဖလား ပြိုင်ပွဲအကြိမ် ၂၀ အား နိုင်ငံပေါင်း ၁၇ နိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်ကာ ၂၀၀၂ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲအား တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့် ရရှိခဲ့သည်။ မက္ကဆီကို၊ အီတလီ၊ ပြင်သစ်နှင့် ဘရာဇီး နိုင်ငံတို့သည် ကမ္ဘာ့ဖလားပြိုင်ပွဲအား အိမ်ရှင်အဖြစ် နှစ်ကြိမ်စီ လက်ခံကျင်းပခွင့် ရရှိခဲ့သည့် နိုင်ငံများဖြစ်ကာ လာမည့် ၂၀၂၂ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲကို ကာတာနိုင်ငံတွင် ကျင်းပမည်ဖြစ်ကာ ၂၀၂၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲကို ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်များအဖြစ် လက်ခံကျင်းပခွင့် ရရှိထားသည်။

**ထက်အောင်**

# ရီးရဲလ်၏ ပစ်မှတ်ဖြစ်နေသည့် ဂိုးသမား ဒီဂီယာအား မန်ယူအသင်း စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်ထား

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် အသင်း၏ အဓိက ဂိုးသမားဖြစ်သူ ဒေးဗစ်ဒီဂီယာအား စာချုပ်သစ်တစ်ရပ် ချုပ်ဆိုသွားရန် ပြင်ဆင်နေပြီး အဆိုပါစာချုပ်အရ စပိန်ဂိုးသမား ဒီဂီယာသည် ကမ္ဘာပေါ်တွင် လုပ်ခလစာအများဆုံး ရရှိသည့် ဂိုးသမား ဖြစ်လာမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒီဂီယာအား စပိန်ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန် ရည်ရွယ်နေခြင်းကြောင့် မန်ယူအသင်း တာဝန်ရှိသူများက ဒီဂီယာအား ဆက်ထိန်းထားနိုင်ရန်အတွက် ယခုကဲ့သို့ စာချုပ်သစ် ချုပ်ဆိုသွားရန် ပြင်ဆင်နေခြင်း ဖြစ်သည်။ အသက် ၂၇ နှစ်အရွယ်ရှိ ဒီဂီယာသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် မန်ယူအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ကာ နောက်ထပ် တစ်နှစ်စာချုပ်သက်တမ်းတိုးမြှင့်ရန် အခွင့်အရေးလည်းရှိနေသူ ဖြစ်သည်။

ယခုအခါ မန်ယူအသင်း တာဝန်ရှိသူများက ဒီဂီယာအား တစ်ရာသီလုပ်ခလစာ ပေါင် ၁၈ ဒသမ ၄ သန်း ဖြင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုသွားရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း မာကာသတင်းစာက ရေးသားဖော်ပြခဲ့သည်။ လက်ရှိအချိန်တွင် လုပ်ခလစာအများဆုံး ရရှိသည့် ဂိုးသမားအဖြစ် ရပ်တည်နေသူမှာ ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီ ဂိုးသမား မန်နူရယ် နူအာဖြစ်ပြီး နူအာသည် ဘိုင်ယန်မြူးနစ်အသင်းထံမှ တစ်ရာသီလျှင် လုပ်ခလစာ ပေါင် ၁၃ သန်း ရရှိနေသူ ဖြစ်သည်။

ဒီဂီယာသည် မန်ယူအသင်းတွင် ပျော်ရွှင်နေသည့် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းနှင့်အတူ ပါဝင်ယှဉ်ပြိုင်ပြီး မန်ယူအသင်းထံသို့ ပြန်လည်ရောက်ရှိလာချိန်တွင် မန်ယူအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုနိုင်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်၊ အက်ဖ်အေဖလား၊ ကားလင်းဖလား၊ ယူရိုပါလိဂ်ဖလားတို့ကို တစ်ကြိမ်စီ၊ ကွန်မြူနတီဒိုင်းအား သုံးကြိမ် ရယူထားနိုင်ခဲ့သူ ဒီဂီယာသည် ၂၀၁၇-၁၈ ခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် စုစုပေါင်း ၄၆ ပွဲ ပါဝင် ကစားခွင့်ရရှိခဲ့သူ ဖြစ်သည်။

**ထက်အောင်**



# မန္တလေးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပပြီးစီး

**မန္တလေး ဇွန် ၂၁**
မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများကို မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။ အမျိုးသားပြိုင်ပွဲတွင်ချမ်းအေးသာစံမြို့နယ် အသင်းနှင့် ပြင်ဦးလွင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချမ်းအေးသာစံမြို့နယ်အသင်းက အနိုင်ရရှိသွားပြီး အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ချမ်းမြသာစည်အသင်းက ပြင်ဦးလွင်မြို့နယ်အသင်းကို အနိုင်ရရှိသွားခဲ့သည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီး ဘတ်စကက်ဘောဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဆရာရောဘတ်ချိုင်းကနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝေဇင်တို့က အမျိုးသမီးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရအသင်းများအား ဆုများနှင့် တစ်ဦးချင်းဆုများကို ချီးမြှင့်ပြီး အား/ကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်တို့က အမျိုးသားပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရအသင်းများနှင့် တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ကြသည့် ချမ်းမြသာစည်အမျိုးသမီးအသင်းနှင့် ချမ်းအေးသာစံ အမျိုးသားအသင်းတို့အား ဆုငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို ချီးမြှင့်ပေးခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စိုက်ခင်းများ၏ချို့ယွင်းချက် သိရှိနိုင်သည့် ကောင်းကင်မြေပုံထုတ်ခြင်းနည်းပညာ နေပြည်တော်၌ စမ်းသပ်ပြသ

**နေပြည်တော် ဇွန် ၂၁**
ကျယ်ပြန့်သော စိုက်ပျိုးမြေဧရိယာတွင် ဖြစ်ပေါ်လျက်ရှိသည့် သီးနှံပင်၏ ကျန်းမာသန်စွမ်းမှု၊ စိုက်ကွင်း၏ ရေစီမံခန့်ခွဲမှု၊ မြေဆီမြေသြဇာထက်သန်မှုနှုန်း စသည်တို့ကို အချိန်တိုအတွင်း တိကျစွာ သိရှိနိုင်မည့် ကောင်းကင်မြေပုံထုတ်ခြင်းနည်းပညာ သရုပ်ပြပွဲကို ဇွန် ၂၀ ရက်က ဇေယျာသီရိမြို့နယ် ရွှေပေးကျေးရွာ၌ ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးကိုကိုကြီး၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ဘယ်လ်ဂျီယံနိုင်ငံ CSMT ကုမ္ပဏီမှ ပညာရှင်က လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးခဲ့သည်။

"ကောင်းကင်မြေပုံထုတ်တာက မြေတိုင်းဦးစီးဌာနမှာလည်း ရှိပါတယ်၊ မြေတိုင်းမှာ ရှိတာက ကွင်းအကျယ်ရဲ့ ဧရိယာကိုပဲ တိုင်းတာဖြစ်ပါတယ်၊ ခုဟာကကျတော့ စိုက်ကွင်းအကျယ်ကြီးထဲကို Drone လွှတ်လိုက်တယ်၊ အဲဒီမှာပါတဲ့ Sensor က ကာလာတွေကို မှတ်တမ်းတင်တာ၊ မှတ်တမ်းတင်ပြီး သူ့မှာပါတဲ့ ဆော့ဖ်ဝဲနဲ့ ကြည့်လိုက်လို့ရှိရင် အဲဒီစိုက်ကွင်းမှာ ရေလိုတာလား၊ မြေမှာ မြေသြဇာလိုတာလား၊ မြေမှာ ဘာဓာတ်ချို့ယွင်းနေတာလဲ စတာတွေကို ကာလာနဲ့ ပြန်ခွဲပြတယ်၊ သီးနှံစိုက်ကွင်းတွေက ကျယ်တဲ့အခါကျတော့ အခြေအနေအရ လူမဝင်နိုင်တဲ့ နေရာတွေ၊ ကေကျယ် တစ်ရာ နှစ်ရာလောက် ရှိမယ်ဆိုပါစို့၊ တချို့သီးနှံတွေဆို တစ်လ နှစ်လလောက်မှာပဲ ပေါ်တယ်၊ အဲဒီလိုသီးနှံတွေကို တစ်လကို သုံးကြိမ်လောက် ရိုက်ကြည့်မယ်ဆိုရင် ဘယ်နေရာမှာ ဘာလိုအပ်တယ်ဆိုတာ ချက်ချင်းသိပြီး တန်းပြင်လို့ရတယ်၊ တကယ်လို့ လူအင်အားသုံးပြီးသာ စိုက်ကွင်းထဲဆင်းကြည့်မယ်ဆိုရင် လူအင်အား အများကြီးသုံးဖို့ လိုတယ်၊ သူတို့ဆီကဒေတာတွေကို စောင့်ပြီးယူရင်လည်း အချိန်ယူရမှာဖြစ်တယ်၊ သီးနှံကို သုံးကြိမ်ပြန်စစ်ဖို့ မဖြစ်နိုင်တော့ဘူး၊ အခုပြသတဲ့ ဘယ်လ်ဂျီယံနိုင်ငံ CSMT ကုမ္ပဏီကထုတ်တဲ့ ကောင်းကင်မြေပုံတိုင်းစက်နဲ့ တိုင်းမယ်ဆိုရင် ပထမတစ်ကြိမ်ရိုက်လိုက်တာကနေ တစ်ပတ် ဆယ်ရက်အတွင်းမှာ စိုက်ခင်းဟာ ဘယ်လောက်ထူးခြားတယ်ဆိုတာ သိရမယ်၊ အချိန်နဲ့အမျှ စိုက်ခင်းဧကေ အကျယ်ကြီးတွေကို နည်းပညာနဲ့ ထိန်းချုပ်ထားတဲ့အတွက် ဘယ်နေရာမှာ ဘာဖြစ်တယ်ဆိုတာ တန်းသိမယ်"ဟု ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်က ပြောသည်။

အဆိုပါ စက်ကို သုံးခြင်းအားဖြင့် ကောင်းကင်မြေပုံထုတ်ရာတွင် လူအင်အားသက်သာပြီး အချိန်ကုန်လည်း သက်သာမည်ဖြစ်သည်။ ထို့အပြင် သီးနှံစိုက်ခင်းများတွင် ချို့ယွင်းချက်များကိုလည်း တိတိကျကျ မှန်မှန်ကန်ကန် သိရှိရမည်ဖြစ်သည်။ အဆိုပါမြေတိုင်းစက်ကို စိုက်ပျိုးရေးတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုမည်ဆိုပါက စိုက်ခင်းတွင်ဖြစ်ပေါ်နေသည့် မြေဆီမြေသြဇာ၏ ပါဝင်မှုဓာတ်ကိုပါ သိရှိနိုင်သည့်အတွက် သဘာဝဘေးကျရောက်သည့် ဒေသများရှိ စိုက်ခင်းများအတွက်လည်း များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကောင်းကင်မြေပုံထုတ်ခြင်း နည်းပညာသရုပ်ပြပွဲကို ဘယ်လ်ဂျီယံနိုင်ငံမှ လာရောက်ပြသခြင်းဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တာဝန်ရှိသူများက သွားရောက်လေ့လာကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ Drone နည်းပညာမှာ ရိုးရိုးမြေပုံဆွဲသည့် နည်းပညာများနှင့် ပစ္စည်းများသာရှိကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံမှ လာရောက်ပြသသည့် ကောင်းကင်မြေပုံထုတ်သည့်စက်မှာ စိုက်ပျိုးရေးကို များစွာအထောက်အပံ့ဖြစ်စေသည့်အတွက် စိုက်ပျိုးရေးဌာနများတွင် ရှိသင့်ပြီး တောင်သူများအတွက် ဝန်ဆောင်မှုပေးနိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍတွင် အဆင်ပြေမည်ဖြစ်ကြောင်း၊ နည်းပညာပိုင်းပြုလုပ်သည့် ကုမ္ပဏီများအနေဖြင့်လည်း ယခုလိုစက်များကို ထုတ်လုပ်သင့်ကြောင်း၊ စက်တန်ဖိုးမှာ ကျပ်သိန်းနှစ်ရာကျော် ကျသင့်သည့်အတွက် တောင်သူတစ်ဦးချင်း ဝယ်ယူအသုံးပြုနိုင်ရန် ခက်ခဲသောကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ဝန်ဆောင်မှုပေးနေသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့်လည်း ဝယ်ယူရင်းနှီးမြှုပ်နှံပြီး တောင်သူများအား ဝန်ဆောင်မှုပေးမည်ဆိုပါက တောင်သူအတွက်ရော၊ ကုမ္ပဏီအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း ဦးမျိုးနိုင်က မှတ်ချက်ပြုပြောကြားထား သည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ထန်းတပင်မြို့နယ်မှ ကျွန်းငူကုက္ကိုဝမြစ်ကမ်းပါး အချိန်အခါမရွေး ပြိုကျနိုင်

**ထန်းတပင် ဇွန် ၂၁**
ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ ကျွန်းငူကုက္ကိုဝမြစ်ကမ်းပါးသည် လက်ရှိအချိန်တွင် မြစ်ရေတိုက်စားသဖြင့် အချိန်အခါမရွေး ကမ်းပြိုကျနိုင်သည့် အနေအထား ဖြစ်နေကြောင်းနှင့် မြစ်ကမ်းပါး၏ အခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းဇော်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်ခင်ဌေး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ခိုင်ထွန်းနှင့် အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မြင့်တို့ အဖွဲ့က ဇွန် ၂၀ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါမြစ်ကမ်းပါးသည် ယခင်နှစ်များကလည်း ကမ်းပြိုကျမှုဖြစ်ပေါ်ခဲ့ပြီး မြစ်ကမ်းစပ်တွင် ကျောက်များချ၍ ကမ်းထိန်းအုတ်နံရံ တည်ဆောက်ခဲ့ပြီးဖြစ်သော်လည်း ယခုနှစ်အတွင်း မြစ်ရေတိုက်စားသဖြင့် တဖြည်းဖြည်း ထပ်မံပြိုကျလာကာ ယခုအခါ အချိန်မရွေး ကမ်းပြိုကျနိုင်သည့်အနေအထား ဖြစ်လာခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် လက်ရှိအချိန်တွင် မြစ်ကမ်းနဖူးတွင် ဝါးတန်းများကာရံ၍ သတိပေးစာတန်းများ ကပ်ထားခြင်း၊ စက်လှေဆိပ်ကိုလည်း ဘေးလွတ်ရာဘက်တွင် ခရီးသည်များ အတက်အဆင်းပြုလုပ်စေခြင်း၊ လူနေအိမ်နှင့် ဈေးဆိုင်များကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ဖယ်ရှားရေးအတွက် ကာယကံရှင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ထားသလို ကမ်းပြိုတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် ဆောင်ရွက်နေသည့် ကွန်ကရစ်ဘိုးပိုင်များဆောက်လုပ်နေမှု လုပ်ငန်းများကိုလည်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# ကျေးလက်ဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်း ကျောက်ဆည်၌ကျင်းပ

**ကျောက်ဆည် ဇွန် ၂၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့ငယ်တိုးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့စကားဝိုင်းကို မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဇွန် ၁၉ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စောလွင်က ပြည်သူ့စကားဝိုင်း ပြုလုပ်ဆောင်ရွက်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပေါင်းစည်းမေတ္တာလူမှုကွန်ရက် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုထွေးက ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်း ခေါင်းစဉ်တွင် ဦးဆောင်ဆွေးနွေးမည့်ပုဂ္ဂိုလ်များကို မိတ်ဆက်ပေးပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့တာဝန်ထမ်းဆောင်နေကြသည့် ဌာနများအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးကြကာ ကျေးရွာနေပြည်သူများကလည်း သိရှိလိုသည်များနှင့် မိမိတို့ကျေးရွာအတွက် လိုအပ်မှုများကို တင်ပြပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ် မဲဇလီဆည်ရေသောက်စနစ်မှ တောင်မုန်းမြောက်မုန်း တူးမြောင်းမကြီးပျက်စီးမှုကို ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဇွန် ၂၁**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဲဇလီဆည်ရေသောက်စနစ်အတွင်းရှိ တောင်မုန်း၊ မြောက်မုန်း တူးမြောင်းမကြီး၏ အခြေအနေများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများက ဇွန် ၁၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်သည် မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက်၊ မင်းဘူးခရိုင်နှင့် ပွင့်ဖြူမြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးသည့် တောင်မုန်းမြောင်းမကြီး ပေတိုင် ၆၇၅၀၀ ရှိ ဝရာရေဆိုးထုတ်၊ ပေတိုင် ၅၈၀၀၀ ရှိ ကျောင်းကုန်းကြီးရေဆိုးထုတ်၊ ပေတိုင် ၈၀၀၀ ရှိ အင်းကုန်းရေဆိုးထုတ်နေရာများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် မြောက်မုန်းမြောင်းမကြီး မြောင်းပေါင်တစ်လျှောက် မိုးရေတိုက်စားမှုကြောင့် ကျိုးပေါက်မှုအခြေအနေများနှင့် မြောက်မုန်းလက်တံ(၁၂) ရေကြီးနစ်မြုပ်မှုတို့ကို အရေးပေါ် ပြုပြင်ဆောင်ရွက်သွားရန်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးစိုက်ပျိုးရေပေးဝေချိန်အမီ အမြန်ဆုံး ပြန်လည်ပြုပြင်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မိတ္ထီလာတွင် တစ်ပိုင်တစ်နိုင်မျိုးသန့်ပွားခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ကျင်းပ

**မိတ္ထီလာ ဇွန် ၂၁**
မိတ္ထီလာမြို့နယ်မှ တောင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင် မျိုးသန့်ပွားစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ကိုယ့်မျိုးကိုယ်ထား တစ်ပိုင်တစ်နိုင် မျိုးသန့်ပွား ကွင်းသရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၂၀ ရက်က ဇောင်ချမ်းကုန်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးသိန်းက ဒေသခံတောင်သူများအနေဖြင့် အဆင့်မြင့်မျိုးများ ဝယ်စိုက်နေရသည့် ကုန်ကျစရိတ်များ သက်သာအောင် ကိုယ်တိုင် မျိုးကောင်းမျိုးသန့်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ရန် ရည်ရွယ်ပြီး ကွင်းသရုပ်ပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ တစ်ဆက်တည်းတွင် နွေရာသီ၌ ရေလိုအပ်ချက်နည်းသည့် ပြည်တော်ရင်စပါးမျိုးသစ်ကိုလည်း ပြသခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် တောင်သူများအစိုက်များသည့် မနောသုခစပါးမျိုးက ၁၃၅ ရက်မှ ၁၄၅ ရက်အတွင်း စိုက်ပျိုးရိတ်သိမ်းရပြီး ပြည်တော်ရင်စပါးက ၁၂၅ ရက်မှ ၁၃၀ ရက်အတွင်း စိုက်ပျိုးရိတ်သိမ်းနိုင်ကြောင်း၊ ပြည်တော်ရင်စပါးကို နွေစပါး၊ မိုးစပါးအပြင် ဆောင်းသီးနှံအဖြစ်လည်း စိုက်ပျိုးနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ဒေသခံတောင်သူများအနေဖြင့် စပါးမျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးသင့်ပြီး သက်တမ်းအနည်းနှင့် ရိတ်သိမ်းနိုင်သလို ဈေးကွက်တွင် ဈေးကောင်းရရှိနိုင်သည့် စပါးမျိုးကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ကာ ကျောက်ဆည်မြို့ စိုက်ပျိုးရေးဦးစီးဌာန သုတေသနခြံမှ ဦးတင့်လွင်က ပြည်တော်ရင်စပါးမျိုးအကြောင်းကို အသေးစိတ် ဆွေးနွေးပြောကြားခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဝက်လက်မြို့နယ်မှ တောင်သူများအား မိုးစပါးမျိုးသန့် တင်း ၁၀၀ ထောက်ပံ့ပေးအပ်

**ဝက်လက် ဇွန် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာတွင် KOPIA Project နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးမျိုးသန့် စံပြရွာ၈ ၁၀၀ အတွက် ရောမင်းမျိုးစပါးတင်း ၁၀၀ ထောက်ပံ့ပေးအပ်ပွဲကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။

မျိုးစပါးများ ထောက်ပံ့ပေးအပ်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်းက စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ပါက ဝက်လက်မြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက မျိုးစေ့ထုတ်လုပ်ငန်း စတင်စိုက်ပျိုးသည်မှ မျိုးအဖြစ် တောင်သူများထံဖြန့်ဖြူးမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးတို့က ရောမင်းစပါးမျိုးသန့်များကို စိုက်ပျိုးမည့်တောင်သူ ၃၀ ထံသို့ ပေးအပ်ခဲ့သည်။ အဆိုပါ မျိုးစပါးများကို ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာသို့ ပထမဦးဆုံးအကြိမ် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျောက်မျက်ရတနာသင်တန်းကျောင်း(နေပြည်တော်)မှ သင်တန်းသားများ၏လက်ရာ ကုန်ချောများ ပြသရောင်းချ



**နေပြည်တော် ဇွန် ၂၁**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန် ၂၀ ရက်မှ စတင်ကျင်းပလျက်ရှိရာ အဆိုပါပြပွဲတွင် ကျောက်မျက်ရတနာ သင်တန်းကျောင်း (နေပြည်တော်) မှ ကျောင်းအုပ်ကြီး ဦးသောင်းကြည် ဦးစီးဆောင်ရွက်သည့် သင်တန်းသား သင်တန်းသူများ၏ လက်ရာဖြစ်သော အချောထည်ထုတ်ကုန်ပစ္စည်းများကို ပထမဆုံးအကြိမ်အဖြစ် အခြားကျောက်မျက်ရတနာအရောင်းဆိုင်များနည်းတူ ခင်းကျင်းရောင်းချကြောင်း သိရသည်။

ဒက္ခိဏသီရိမြို့ ရွှေကြာပင်ရပ်ကွက် ကျောက်မျက်ရတနာ သင်တန်းကျောင်း အမှတ်စဉ် (၂) မှ သင်ကြားပေးသည့် ကျောက်စိမ်းပုတီးသင်တန်း၊ ကျောက်မျက်သွေးသင်တန်း၊ ပယင်းအပွင့်သွေးသင်တန်း၊ ကျောက်စိမ်းလက်ကောက် သင်တန်း၊ ပန်းထိမ်သင်တန်း၊ လက်ပန်းပုသင်တန်း၊ ကွန်ပျူတာ ပန်းပုသင်တန်း၊ ကျောက်မျက်ပန်းချီနှင့် ကျောက်ကပ်ပန်းချီ သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများ၏လက်ရာ အချောထည်ထုတ်ကုန်ပစ္စည်းများကို ရောင်းချပေးခြင်းဖြစ်သည်။

ယခုလို ပြသရောင်းချခြင်းမှာ လေ့ကျင့်ပေးထားသည့် သင်တန်းသား သင်တန်းသူများ၏ လက်ရာများကို ထုတ်ဖော်ပြသလို၍ ဖြစ်ကြောင်း၊ ပြုလုပ်စဉ်က ရောင်းဖို့ရည်ရွယ်၍ လုပ်ထားခြင်း မဟုတ်ပါကြောင်း၊ ပစ္စည်းမှန်ရမည် ဈေးနှုန်းသက်သာရမည်ဟု ရည်ရွယ်ပြီး အမြတ်နည်းနည်းနှင့် ရောင်းချပေးကြောင်း၊ ရရှိမည့် ရန်ပုံငွေများဖြင့် ကျောင်းအတွက်လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဝယ်ယူဖြည့်ဆည်း၍ ထပ်မံတက်ရောက်မည့် သင်တန်းသားများအား အဆင့်မြင့် အချောထည်သင်တန်းများ သင်ကြားပေးနိုင်ရန်ဖြစ်ကြောင်း၊ စည်းကမ်းကောင်းပြီး ထူးချွန်သော သင်တန်းသား သင်တန်းသူများသည် ဆက်၍ ပညာ သင်ယူနိုင်ပါကြောင်း၊ အောင်မြင်မှုရှိလျှင် ဈေးကွက်တိုးမြှင့်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားသွားမည် ဖြစ်ကြောင်း သင်တန်းကျောင်းမှ ပန်းထိမ်သင်တန်းနည်းပြ ဆရာတစ်ဦးဖြစ်သူ ကိုကျော်သူရက ပြောသည်။

နေပြည်တော် ဒက္ခိဏသီရိမြို့ ရွှေကြာပင်ရပ်ကွက်ရှိ ကျောက်မျက်ရတနာသင်တန်းကျောင်းတွင် သင်တန်းအမှတ်စဉ် (၂) ကို နိုဝင်ဘာ ၂၂ ရက် ၂၀၁၇ ခုနှစ်မှ စတင်၍ ၂၀၁၈ ဩဂုတ်လ ဒုတိယပတ်အထိ သင်တန်းကာလ ရှစ်လကြာဖွင့်လှစ်ပေးနေပြီး သင်တန်းနည်းပြ ဆရာ ဆရာမ ၂၀ က သင်ကြားပေးလျက်ရှိကာ ထပ်မံ၍လည်း သင်တန်းများကို ဆက်လက်ဖွင့်လှစ် သင်ကြားပေးရန်ရှိကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## ရှင်ဗွေယန်၌ သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

**ရှင်ဗွေယန် ဇွန် ၂၁**

မိုးတွင်းကာလတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများ လျော့နည်းကျဆင်းစေရန်အတွက် အသိပညာပေး ဆွေးနွေးခြင်း၊ ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ပေးခြင်းတို့ကို ဇွန် ၂၀ရက်က ကချင်ပြည်နယ် ရှင်ဗွေယန်မြို့ပေါ် ရပ်ကွက်(၁)နှင့်(၂)၌ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကလေးသူငယ်များ၊ ကျောင်းသူ ကျောင်းသားများ မိုးရာသီကာလတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်အတွက် ကြိုတင်ဆောင်ရွက်သင့်သည်များကို ရပ်ကွက်နေ ပြည်သူများအနေဖြင့် ဆောင်ရွက်ထားရန် ရှင်ဗွေယန်မြို့ကျန်းမာရေးမှူး ဦးထိန်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများပူးပေါင်း၍ အသိပညာပေး ဆွေးနွေးခဲ့ကြပြီး ပြည်သူများ အသုံးပြုနေသော ရေကန်၊ ရေစည်များအတွင်း ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန် အဘိတ်ဆေးခတ်ခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေး တပ်ကုန်း၌ ပညာပေးဟောပြော

**တပ်ကုန်း ဇွန် ၂၁**

နေပြည်တော် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်အတွင်းရှိ စေတနာ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သာဦးက အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပရိုဂျက်တာဖြင့်ပြသ၍ ရှင်းလင်းဟောပြောပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မျိုးဝင်းက မူခင်းကျဆင်းရေးဆိုင်ရာများ ရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ထွန်းက ကူးစက်တတ်သောရောဂါများအကြောင်း အသိပညာပေး ဟောပြောပြီးနောက် တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ အား မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **တင်စိုးလွင်**

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ အထက(၁)ကျောင်း ဗဟိုစံပြ ခန်းမ၌ ဇွန် ၁၈ ရက်က ကျင်းပခဲ့ရာ လသာမြို့မရဲစခန်းမှူး ဒုရဲမှူးယဉ်ထွေးက ကျောင်းသား ကျောင်းသူများအား ဟောပြောနေစဉ်။** မီးမီး(လှိုင်)




## မိုင်းယောင်းမြို့နယ်၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**မိုင်းယောင်း ဇွန် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်းမှ ပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများကို နယ်ခြေခံတပ်မှ တပ်ခွဲမှူး ဦးစီးသော နယ်လှည့်ဆေးကုသရေး အဖွဲ့က ဇွန် ၂၀ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်သူလူထုအခြေပြု အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှုအဖြစ် မုန်းလိုက်ကျေးရွာအုပ်စု ဝမ်လျှန်းဖိုင်ကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် ယာယီနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး နေလင်းစိုးက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကာ လာရောက်ဆေးကုသမှုခံယူသော သက်ကြီးရွယ်အိုများနှင့် ကျေးရွာပြည်သူများအား အားပေးစကားပြောခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဝမ်လျှန်းဖိုင်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၈၀ အား သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အစာအိမ်ရောဂါ၊ အဆစ်အမျက်ကိုက်နှင့် ကိုယ်လက်ကိုက်ခဲရောဂါ၊ အထွေထွေရောဂါ စသည့် ရောဂါရှာဖွေစမ်းသပ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အမက (ဝမ်လျှန်းဖိုင်)မှ ကျောင်းသား ကျောင်းသူ ၃၀ ခန့်ကိုလည်း မိုးရာသီအတွင်း အဖြစ်များသော ကူးစက်ရောဂါများနှင့် ဖျားနာ တုပ်ကွေးဖြစ်ပွားမှုမရှိစေရေး ကျန်းမာရေးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အားချော (ပြန်/ဆက်)**



## ပူတာအိုခရိုင်၌ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး တောင်သူပညာပေးဟောပြော



**ပူတာအို ဇွန် ၂၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် နမ်ခမ်းကျေးရွာတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် တောင်သူပညာပေးဟောပြောပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ဆောင်းနှင့် မချမ်းဘောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်ထုန်းဒီးရမ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဇွန် ၂၀ ရက်က မချမ်းဘောမြို့နယ် နမ်ခမ်းကျေးရွာ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက မိုးစပါးစိုက်ပျိုးရာတွင် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်စပါးမျိုးများကို စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် တစ်ဧကကောက်ကွက် ပြည့်မီရေးအတွက် ကောက်စိုက်လုံမေများက စနစ်တကျ အတန်းလိုက်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ စိုက်ခင်းမြေပြင်ရာတွင် သမန်းကောင်းရရှိအောင် စနစ်တကျထွန်ယက်စိုက်ပျိုးရမည်ဖြစ်ကြောင်းနှင့် ပိုးမွှားကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောပြီး မချမ်းဘောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်ထုန်းဒီးရမ်က တောင်သူလယ်သမားများ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် စိုက်ပျိုးရေးနည်းပညာများကို စနစ်တကျမှတ်သားပြီး လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းလွင်က ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် ပတ်သက်၍ ဟောပြောပြီး မချမ်းဘောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနန်ခေါ့ယောဟန်က တောင်သူလယ်သမားများ ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို လေ့လာနိုင်ရန်အတွက် စံပြကွက်များစိုက်ပျိုးပြီး ပညာပေး ပြသလျက်ရှိကြောင်းနှင့် တောင်သူများအနေဖြင့် စံပြကွက်များကိုလေ့လာပြီး စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းတိုးတက်ပြီး ဝင်ငွေများရရှိမည်ဖြစ်ကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြသည်။ **ဖုန်ကန်(ပူတာအို)**

## ကျိုက်ထိုမြို့နယ်တွင် မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

**ကျိုက်ထို ဇွန် ၂၁**

ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး ဦးဆောင်၍ ကျောင်းသား ကျောင်းသူများ မူခင်းများနှင့် ပတ်သက်၍ အသိပညာရရှိစေရန် ရည်ရွယ်လျက် ကျိုက်ထိုမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုတူးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး က မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲပြုလုပ်သည့် ရည်ရွယ်ချက်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်မျိုးလွင်က မူးယစ်ဆေးဝါး၏ဆိုးကျိုးနှင့် ပြစ်မှုပြစ်ဒဏ်များ၊ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်(ကျိုက်ထို)မှ ဒုရဲအုပ်ထွန်းထွန်းဝင်းနှင့် တပ်ကြပ်ကြီး ထွန်းအေးသိန်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောခဲ့သည်။ **ကိုရဲ**

# ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဖွဲ့စည်းရန် မကွေး၌ တွေ့ဆုံဆွေးနွေး



**မကွေး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီးအတွင်း ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၀ ရက်က မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာက အသင်းပေါ်ပေါက်လာပုံနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် အသင်း၏အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားကာ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ အထိမ်းအမှတ်သီချင်းဖြင့်ဖျော်ဖြေပြီး အသင်းဖွဲ့စည်းပုံ စာအုပ်များနှင့် သီချင်းခွေများကို တိုင်းဒေသကြီးအမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးထံ ပေးအပ်ခဲ့ကာ ဆက်လက်၍ မြို့နယ်များမှ အသင်းဝင်အဆိုပြုလွှာများကို ပေးအပ်ခဲ့သည်။

ယင်းနောက် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဝင် ဒေါ်တင်တင်ဝင်းက အသင်း၏ လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းစဉ်များ၊ အသင်းမှ အထောက်အကူပြုအဖွဲ့ဝင် ဦးမောင်အေးက အသင်း၏ သဘောထားရပ်တည်ချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်သီတာက အသင်း၏ အမှတ်တံဆိပ်၊ အသင်းဝင်ဖွဲ့စည်းပုံ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များအကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေးပြီး အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာက မကွေးတိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဖွဲ့စည်းရန် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**သန်းနိုင်ဦး(ဇဖဲ)**

---

# တာချီလိတ်၌ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေး

**တာချီလိတ် ဇွန် ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရှိ ကွင်းဝန်ထမ်းများအနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ပိုမိုသိရှိ တတ်ကျွမ်းလာစေရေး၊ ဒေသခံတောင်သူများ နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းပေးနိုင်ရေးနှင့် တောင်သူဆွေးနွေးပွဲများ၊ ဟောပြောပွဲများတွင် ဒေသနှင့်ကိုက်ညီပြီး လက်တွေ့အသုံးပြုနိုင်သောစိုက်ပျိုးရေးနည်းပညာများ လက်ဆင့်ကမ်းဖြန့်ဖြူးပေးနိုင်ရေး ရည်ရွယ်လျက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၈)ကို ဇွန်လ ဒုတိယပတ်အတွင်း ခရိုင်ဦးစီးမှူးရုံးရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးကိုယ်စား ပြည်နယ် သီးနှံကာကွယ်ရေးဌာနခွဲ တာဝန်ခံ ဒေါ်သင်းသင်းလဲ့က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးလှဝင်းက တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် မိမိတို့စိုက်ပျိုးရေး ဝန်ထမ်းများက လက်တွေ့အသုံးချနိုင်မည့် ခေတ်မီနည်းပညာများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးနိုင်အောင် ဝန်ထမ်းများအနေဖြင့် နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာကြရန် အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြေဆီလွှာအတွင်း မြေဆီလွှာအာဟာရဓာတ်လျော့ကျမှုမှ ကာကွယ်ရန်နှင့် ရေရှည်တည်တံ့သော နည်းပညာများ၊ စပါးသီးနှံ၏ အပင်လက္ခဏာ ခွဲခြားခြင်းနည်းပညာများ၊ မျိုးသန့်မျိုးစေ့များကို စနစ်တကျ အရည်အသွေးထိန်းသိမ်းခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းနည်းပညာများနှင့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအတိုင်း စိုက်ပျိုးရေး စသည်တို့ကို ခရိုင်အတွင်းရှိ စိုက်ပျိုးရေးဝန်ထမ်းများအား အသေးစိတ် ရှင်းလင်းသင်ကြားပေးခဲ့ပြီး သင်တန်းတက်ရောက်သော စိုက်ပျိုးရေးဝန်ထမ်းများကလည်း သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

**မေမိုးသဲ**

---

# မလှိုင်မြို့နယ်၌ အလှူမုန့်ဟင်းခါးစားမိရာမှ ဝမ်းလျှောသူ ၆၂ ဦးရှိရာ ၁၉ ဦး ဆေးကုသမှုခံယူနေရ

**မလှိုင် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျပ်ဆည်ကျေးရွာအုပ်စုအဆုံကျေးရွာတွင် ယမန်နေ့ နံနက်ပိုင်းက အလှူမုန့်ဟင်းခါးစားမိရာမှ ဝမ်းလျှောသူ ၆၂ ဦးရှိရာ ၁၉ ဦး ဆေးရုံ၌ ဆေးကုသခံယူနေရကြောင်း အဆိုပါဖြစ်စဉ်အား အကူအညီပေးနေသည့် ဆည်တိုတိုက်နယ် ကျေးရွာ စိတ္တသုခလူမှုရေးအသင်းအတွင်းရေးမှူး ဦးရဲကျော်သူက ဆိုသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးရဲကျော်သူက "ကျပ်ဆည်ကျေးရွာအုပ်စုအဆုံကျေးရွာမှာ နေထိုင်သူ အလှူရှင် ဦးလေးဝင်း-ဒေါ်တူးမာ နေအိမ်မှာဇွန် ၂၀ ရက် နံနက် ၁၁ နာရီက ဝါဆိုသင်္ကန်းကပ်လှူပြီးနောက် လာရောက်ကြတဲ့ ဒေသခံကျေးရွာနေ ပြည်သူများကို မုန့်ဟင်းခါးကျွေးမွေးဧည့်ခံခဲ့ပါတယ်။

"အလားတူအဆိုပါည ၁၀ နာရီမှာလည်း လာရောက်ကြသူများကို မုန့်ဟင်းခါးကျွေးမွေးဧည့်ခံခဲ့ပြီးနောက် ဇွန် ၂၁ ရက် နံနက် ၁၁ နာရီမှာ စတင်ပြီး ဒေသခံကျေးရွာသား၊ ကျေးရွာသူ ၆၂ ဦး ဝမ်းလျှောရောဂါတွေဖြစ်ခဲ့ပြီး ၁၉ ဦး မသက်သာလို့ ကျောက်တန်းပြည်သူ့ဆေးရုံကို ၁၄ ဦးနဲ့ မလှိုင်ပြည်သူ့ဆေးရုံကို ငါးဦး စုစုပေါင်း ၁၉ ဦး ဆေးဝါးကုသဖို့အတွက် ကျွန်တော်တို့ ဆည်တိုစိတ္တသုခလူမှုရေးအသင်းပိုင်ကားတွေနဲ့ အခမဲ့ပို့ဆောင်ပေးခဲ့တယ်၊ ဇွန် ၂၁ ရက် ည ၈ နာရီအထိ တော့ ဝမ်းလျှောလူနာ ၆၂ ဦးအနက် ၁၉ ဦးကို ဆေးရုံမှာ ဆေးကုသနေပြီး ကျန်လူနာတွေကိုတော့ မလှိုင်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ နေမင်းမျိုးထွန်း ဦးဆောင်တဲ့ ဆရာ၊ ဆရာမတွေကိုယ်တိုင် ကျေးရွာအရောက်လာရောက် ကုသနေပါတယ်"ဟု ပြောသည်။

**မနားတမ်းဝမ်းလျှော**

"ကျွန်တော်တို့လည်း အလှူအိမ်က မုန့်ဟင်းခါးတွေစားပြီး မနားတမ်း ဝမ်းတွေလျှောခဲ့ပါတယ်၊ ကျွန်တော့်အထင်တော့ မနက်ပိုင်းကစားတဲ့ မုန့်ဟင်းခါးကဘာမှမဖြစ်ဘဲ ညပိုင်းကစားတဲ့ မုန့်ဟင်းခါးကြောင့်လို့ ထင်ပါတယ်၊ အခုတော့ သက်သာနေပါတယ်"ဟု ဆေးကုသမှု ခံယူနေသူတစ်ဦးက ပြောသည်။

**ကျော်ကျော် (မလှိုင်)**

---

# မိုးညှင်းမြို့နယ်တွင် ဝရမ်းထုတ်ခံထားရသူ တစ်ဦးထံမှ မူးယစ်ဆေးနှင့် လက်နက်များ ဖမ်းမိ

**မိုးညှင်း ဇွန် ၂၁**

မိုးညှင်းမြို့နယ် တောင်အင်းကျေးရွာအုပ်စု အောင်မြေကျေးရွာတွင် ယခင်က မူးယစ်ဆေးဝါးပုဒ်မဖြင့် ဖမ်းဝရမ်းထုတ်ခံထားရသူတစ်ဦး၏ နေအိမ်သို့ ရဲတပ်ဖွဲ့ဝင်များက ဇွန် ၂၀ ရက်၌ ဝင်ရောက်ရှာဖွေစဉ် မူးယစ်ဆေးနှင့်အတူ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဝရမ်းထုတ်ခံထားရသူမှာ အောင်မြေကျေးရွာနေ အောင်ဝင်းထွန်း(ခ) ထွန်းထွန်း(၄၅ နှစ်)ဖြစ်ပြီး ၎င်းသည် ဝရမ်းပြေးနေရာမှ ၎င်း၏နေအိမ်သို့ ရောက်နေကြောင်း သတင်းအရ မိုးညှင်းခရိုင် မူခင်းနှိမ်နင်းရေးဌာနစိတ်မှ ဒုရဲအုပ်ဇော်လွင်နှင့် တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင် အောင်ဝင်းထွန်းမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ၎င်းကိုင်ဆောင်သည့် ပစ္စတိုသေနတ်နှစ်လက်၊ လက်ပစ်ဗုံးသုံးလုံးနှင့် ကျည်ဆန် ၂၅ တောင့်ကို ဇနီးဖြစ်သူနှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရေးအဖွဲ့က ၎င်း၏အိမ်အတွင်း ဆက်လက်ရှာဖွေရာ ကော်ဘူးနှင့်ထည့်ထားသည့် ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ်ကိုလည်း တွေ့ရှိခဲ့၍ သက်သေများရှေ့တွင် သိမ်းဆည်းခဲ့ပြီး မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းမိသော မဆိုင်းပန်နှင့် ထွက်ပြေးလွတ်မြောက်နေသူ အောင်ဝင်းထွန်း(ခ) ထွန်းထွန်းတို့အား နန်းမားနယ်မြေ ရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**သန်းထွန်း(မိုးညှင်း)**

---

# မြို့နယ်များ၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တိုက်ရိုက်တွေ့ဆုံပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို တင်ပြနိုင်စေရေးနှင့် ပြည်သူများအနေဖြင့် မိမိတို့ လိုလားချက်များကို တင်ပြတောင်းဆို ဆွေးနွေးသည့် အလေ့အထများရှိလာစေရေး ရည်ရွယ်ချက်များဖြင့် မြို့နယ်အသီးသီးတွင် ပြည်သူ့စကားဝိုင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျင်းပလျက်ရှိသည်။**

## ဝေါ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အုတ်ဖိုကျေးရွာအုပ်စု ကျောက်ပုံကျေးရွာ ဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၀ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းတို့က အမှာစကားပြောကြားပြီး ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်သက်ဦးက ပြည်သူ့စကားဝိုင်းကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သမဝါယမဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်နှင့် ပတ်သက်သည့် အခြေအနေများ၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်တိုးတက်ဖွံ့ဖြိုးလာစေရေး စသည်တို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်သူများကလည်း သိရှိလိုသည်များကို ပြန်လည်တင်ပြမေးမြန်းခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျိုင်းလပ်

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၀ ရက်က မိုင်းပါလျှိုးကျေးရွာအုပ်စု နမ့်ကိုင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့ရာ ကျိုင်းလပ်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်လင်းအောင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူးနှင့်အတူ တိုက်နယ်ဆေးရုံ၊ မိုင်းပါလျှိုးနယ်မြေရဲစခန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ကျေးရွာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဇော်တို့က ကျေးလက်လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ မိုးရာသီကာလတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနေမှုများ၊ တောင်သူများ မိုးစပါးစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ လယ်ယာမြေမှတ်ပုံတင်ခြင်းဆိုင်ရာများ၊ နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲနေမှုများနှင့် မိဘဆရာပူးပေါင်း၍ ပညာရေးကဏ္ဍတိုးတက် အောင်မြင်ရေးစသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပင်ကျေးရွာအုပ်စု လက်ပံပင် ကျေးရွာတိုက်ကျောင်းဓမ္မာရုံ၌ ဇွန် ၂၀ ရက်က ပြုလုပ်သည့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးခေါင်းစဉ်ဖြင့် ဒုတိယအကြိမ်မြောက် ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုတို့က အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မြလွင်က ကျေးလက်စကားဝိုင်းများ ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက မိုးရေလှောင်ကန်တိုးချဲ့တူးဖော်ပေးနိုင်ရေး၊ ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ကျေးရွာစက်ရေတွင်းအသစ် ပြန်လည်တူးဖော်ပေးနိုင်ရေး၊ ကျေးရွာကျောင်းတွင် အားကစားကွင်း စနစ်တကျဖြစ်ပေါ်ရေး၊ ကျောင်းတွင်းမုန့်ဆိုင်များတွင် အန္တရာယ်ကင်းသော အစားအသောက်များရောင်းချရေး၊ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းပေးရေး စသည်တို့ကို တင်ပြဆွေးနွေးခဲ့ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ညောင်ဦးခရိုင်နှင့် မြို့နယ် ပြန်/ဆက် ဦးစီးဌာနမှ တာဝန်ရှိသူများက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြား ပေးခဲ့သည်။ **နေအောင်(ပြန်/ဆက်)**

## ရန်ကုန်

မြောက်ဥက္ကလာပမြို့နယ် ACA ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ACA ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲတွင် ACA ကျောင်းအကြံပေး အဖွဲ့ဝင် ဆရာကြီးဦးကြည်သန်းက အမှာစကားပြောကြားပြီး မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးထွန်းလှိုင်၊ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်၊ ကျောင်းသားလူငယ်ထုသံတမန်ရုပ်ရှင်သရုပ်ဆောင် ဦးချစ်ချော၊ နှင့် လူငယ်စာရေးဆရာ အလင်းဆက်(IR) တို့က ယနေ့ကမ္ဘာ့လူသားထု တစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပေးနေသော မူးယစ်ဆေးဝါး၏ အန္တရာယ်များနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ အကြောင်းကို အသေးစိတ် ဆွေးနွေးဟောပြောခဲ့ကြပြီး ကျောင်းသူ ကျောင်းသားများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ကြကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ ဆွေးနွေးပွဲသို့ ACA ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများ အင်အား ၃၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# အွန်လိုင်းအသုံးပြုရာတွင် ဘေးကင်းစေရေး သင်ကြားပေးမည့်ဂိမ်းကို စတင်မိတ်ဆက်

**ရန်ကုန် ဇွန် ၂၁**

ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးငယ်များ အွန်လိုင်းအသုံးပြုရာတွင် ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် သင်ကြားပေးမည့် ဂိမ်းတစ်ခုဖြစ်သော Digiworld အမည်ရှိ ဂိမ်းအမျိုးအစားအသစ်ကို တယ်လီနောက မိတ်ဆက်လိုက်ပြီးနောက် ကမ္ဘာတစ်ဝန်းရှိ စာသင်ကျောင်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများနှင့်အတူ ပြည်တွင်း၌လည်း အသုံးပြုနိုင်ရန် တယ်လီနောက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်သုံးစွဲသူများအနေဖြင့် သိရှိသင့်သော အချက်များဖြစ်သည့် အွန်လိုင်းတွင် မည်သူကို ယုံကြည်နိုင်မည်နည်း၊ မိတ်ဆွေတစ်ဦး၏ဓာတ်ပုံကို ခွင့်ပြုချက်မရှိဘဲ လူမှုကွန်ရက်ပေါ်တွင် တင်ခွင့်ရှိပါသလား၊ နောက်ပြောင်ခြင်းနှင့် စော်ကားခြင်း မည်သို့ ကွာခြားသနည်း၊ အကူအညီလိုအပ်သည့်အခါတွင် မည်သူများက ကူညီပေးနိုင်မည်နည်း စသည့် အကြောင်းအရာများ အပါအဝင် အွန်လိုင်းအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အခြားအန္တရာယ်များကိုလည်း သိရှိထားရန်လိုအပ်၍ ထိုအချက်များကို သင်ကြားပေးမည့် အဆိုပါဂိမ်းကို တယ်လီနောက ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။




တယ်လီနောမှ တာဝန်ရှိသူတစ်ဦးက "အခုခေတ်လူငယ်အများစုဟာ သူတို့ရဲ့မိဘတွေထက် နည်းပညာပိုင်း ပိုမိုကျွမ်းကျင်မှုရှိကြတာ တွေ့ရပါတယ်။ ဒါပေမယ့် ဒီအချက်တစ်ချက်ကိုပဲကြည့်ပြီး အွန်လိုင်းမှာ လုံခြုံစိတ်ချရအောင် ဘယ်လိုပြုမူနေထိုင်ရမယ်ဆိုတာ ဒီလူငယ်တွေ သိရှိနားလည်ပြီးဖြစ်တယ်လို့ ပြောလို့မရပါဘူး။ ဒီအတွက်ကြောင့် တယ်လီနောအနေနဲ့ ဒစ်ဂျစ်တယ်မိသားစုရေးရာ ကျွမ်းကျင်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Parent Zone နဲ့ ပူးပေါင်းပြီး အင်တာနက်ကို ဘယ်လိုအကျိုးရှိရှိအသုံးချရပြီး ဘယ်လို ဘေးကင်းလုံခြုံအောင် နေထိုင်ရမယ်ဆိုတဲ့ အချက်တွေကို ကလေးငယ်တွေ၊ ဆယ်ကျော်သက်လူငယ်တွေနဲ့ သူတို့ရဲ့မိဘတွေကို သင်ကြားပေးနိုင်မယ့် အွန်လိုင်းသင်ရိုးညွှန်းတမ်းဖြစ်တဲ့ Digiworld ဆိုတဲ့ ဂိမ်းကို တီထွင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

Parent Zone သည် ဒစ်ဂျစ်တယ်မိသားစုရေးရာ ကျွမ်းကျင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး Digiworld ဂိမ်းမှာ အသက် ငါးနှစ်မှ ၁၆ နှစ်အရွယ်ရှိ ကလေးငယ်များ၊ ၎င်းတို့ မိသားစုများနှင့် စာသင်ကျောင်းများအား ကူညီပေးနိုင်ရန် ရည်ရွယ်၍ တယ်လီနောအတွက်သာ သီးသန့်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ ထိုဂိမ်းသည် အွန်လိုင်းအခြေပြုဖြစ်ပြီး အချက်အလက်များအား ဒေါင်းလုပ်ရယူ၍ အမေးအဖြေအစီအစဉ်များဖြင့် သင်ကြားပြသပေးသွားမည်ဖြစ်သလို ဂိမ်း၏ အချို့အပိုင်းများကို အင်တာနက်မလိုဘဲ အသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည့်အတွက် အင်တာနက်ချိတ်ဆက်မှုမရှိသည့် စာသင်ကျောင်းများတွင်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း တယ်လီနောမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Parent Zone ၏ အမှုဆောင်အရာရှိချုပ် Vicki Shotbolt က "လူငယ်တွေနဲ့ သူတို့ရဲ့မိသားစုတွေကို အွန်လိုင်းမှာ ပိုမိုလုံခြုံမှုရှိပြီး ပိုမို သက်တောင့်သက်သာရှိစေဖို့ အထောက်အကူဖြစ်စေမယ့် ဗဟုသုတတွေ၊ ကျွမ်းကျင်မှုတွေနဲ့ ဒစ်ဂျစ်တယ် နည်းပညာပိုင်းဆိုင်ရာ တတ်သိကျွမ်းကျင်မှုတွေကို သင်ကြားပေးနိုင်မယ့် ကမ္ဘာလုံးဆိုင်ရာ စီမံကိန်းတစ်ခုကို တယ်လီနောနဲ့ အခုလို ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ရတဲ့အတွက် အလွန်ဝမ်းမြောက်ပါတယ်"ဟု ပြောသည်။

အဆိုပါ Digiworld ဂိမ်းကို အွန်လိုင်းအနိုင်ကျင့်မှုပပျောက်ရေးနေ့ (Stop Cyber Bullying Day)ဖြစ်သော ဇွန် ၁၅ ရက်မှစ၍ တယ်လီနော၏ဝက်ဘ်ဆိုက်ဖြစ်သည့် telenor.com တွင် မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး ဂိမ်းကို မြန်မာနိုင်ငံအပါအဝင် အာရှနှင့် ဥရောပရှိ တယ်လီနော၏ ဈေးကွက်နေရာတိုင်းတွင် ဒေသနှင့် လိုက်လျောညီထွေမှုရှိစေရန် ပြန်လည်ပြင်ဆင်ကာ ကလေးငယ်များနှင့် လူငယ်များအသုံးပြုနိုင်စေရန် မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ တယ်လီနောအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးမှ ကလေးငယ်ပေါင်း လေးသန်းခန့်အား အွန်လိုင်းတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ပြုမူတတ်အောင် သင်ကြားပေးသွားနိုင်ရန် ရည်ရွယ်ထားကြောင်းလည်း သိရသည်။

**သူရဖြိုး**

## ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ အရောင်းအဝယ်အေးလာ

**ရန်ကုန် ဇွန် ၂၁**

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သည့် ယခု ဇွန်လဆန်းပိုင်းမှစ၍ ရန်ကုန်မြို့ ကွန်ပျူတာဈေးကွက်တွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အမျိုးမျိုးရောင်းအား ယခင်ကထက် လျော့နည်းခဲ့ပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။

နှစ်စဉ် ဇွန်လမှစ၍ မိုးရာသီကာလ တစ်လျှောက်လုံးသည် ကွန်ပျူတာနှင့် လက်ပ်တော့များ၊ အခြားဆက်စပ်ပစ္စည်းများ အရောင်းအဝယ်အေးတတ်သည့် အချိန်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများသာမက ကွန်ပျူတာသင်တန်းများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများကလည်း မိုးရာသီတွင် ကွန်ပျူတာများကို ဝယ်ယူမှု နည်းတတ်ကြောင်း၊ ကွန်ပျူတာများကို ဝယ်ယူမှုအများဆုံး ကာလမှာ ကျောင်းများပိတ်သည့် ဖေဖော်ဝါရီလမှ မေလအတွင်းဖြစ်ကာ ဘတ်ဂျက်ကုန်ဆုံးသည့် ဧပြီလမှာ ဝယ်ယူမှုအများဆုံးဖြစ်လေ့ရှိကြောင်း သိရသည်။

"ဒီအချိန်ကတော့ ပုံမှန် ရောင်းအားကျသွားတတ်တဲ့အချိန်ပါပဲ၊ ဝယ်သူအများစုက တစ်ဦးချင်း အိမ်သုံးအတွက် ဝယ်ကြတာလောက်ပဲ ရှိတယ်၊ နွေရာသီ ကျောင်းတွေပိတ်ခါနီးအချိန်ကျမှ ကွန်ပျူတာသင်တန်းတွေက အရေအတွက် များများဝယ်ကြတယ်၊ ဌာနဆိုင်ရာတွေ ကုမ္ပဏီတွေကလည်း ပွင့်လင်းရာသီမှာပဲ အလုံးရေများများ ဝယ်ကြတယ်၊ ဒီနှစ်မှာ ဘတ်ဂျက်ကာလက ပြောင်းထားတာဆိုတော့ စက်တင်ဘာလောက်ကျရင်တော့ ဝယ်လိုအားပြန်တက်လာမယ်ထင်တယ်"ဟု ဆိပ်ကမ်းသာလမ်းရှိ ရန်ကုန်မြို့ ကွန်ပျူတာဆိုင်ရှင်တစ်ဦးက ပြောသည်။

စားပွဲတင်ကွန်ပျူတာ(Desktop)နှင့် လက်ပ်တော့အသစ်များ ဈေးကွက်တွင်သာမက ဂျပန်နိုင်ငံသုံး တစ်ပတ်ရစ် လက်ပ်တော့ပ်များ ရောင်းချသည့် ဈေးကွက်တွင်လည်း အရောင်းအဝယ်အေးနေကြောင်း သိရသည်။

ကွန်ပျူတာနှင့် လက်ပ်တော့များ၏ ဈေးနှုန်းများမှာမူ ဝယ်လိုအားကျခြင်း၊ တက်ခြင်းအပေါ် မူတည်လေ့မရှိဘဲ ဒေါ်လာဈေးအပေါ်မူတည်၍ ပုံမှန် ဈေးနှုန်းများအတိုင်းသာ ရောင်းချနေကြပြီး ယခုရက်ပိုင်းတွင် ဒေါ်လာဈေးနှုန်းများမှာ ငြိမ်နေသောကြောင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများမှာလည်း ဈေးငြိမ်နေကြောင်း သိရသည်။ **သူရဖြိုး**

## New Product — ဈေးနှုန်းအသင့်အတင့်နဲ့ အရည်အသွေးကောင်းမွန်တဲ့ Redmi S2

Redmi S2 ဟာ Xiaomi ရဲ့တန်ဖိုးနည်းဖုန်းစီးရီးစ်ဖြစ်တဲ့ Redmi ထဲက နောက်ဆုံးထွက်ထားတဲ့ ဖုန်းတစ်မျိုးဖြစ်လို့ တန်ဖိုးသိပ်မများသလို အရည်အသွေးလည်း ကောင်းမွန်တဲ့ဖုန်း ဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ မေလအတွင်းက စတင်ရောင်းချခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ အခု ဇွန်လဆန်းပိုင်းက စတင်ဝင်ရောက်ထားတာဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်က ၅ ဒသမ ၉၉ လက်မရှိလို့ အရွယ်အစားကြီးတဲ့အမျိုးအစားထဲမှာ ပါဝင်ပြီး resolution က 720x1440 pixels ရှိပါတယ်။ မျက်နှာပြင်ဟာ အခုနောက်ပိုင်းထွက်တဲ့ ဖုန်းသစ်တွေမှာပါဝင်တဲ့ အရွယ်အစားဖြစ်တဲ့ ၁၈း၉ အရွယ်အစားဖြစ်ပါတယ်။ စက်လည်ပတ်မှုစနစ်အနေနဲ့ နောက်ဆုံးထွက်ဖြစ်တဲ့ အန်းဒရွိုက် 8.1(Oreo)ကို MIUI 9.5 နဲ့တွဲပြီး သုံးထားပါတယ်။ CPU က Octa-core 2.0 GHz Cortex-A53 ဖြစ်ပြီး RAM အပိုင်းမှာတော့ 3GB နဲ့ 4GB လို့ နှစ်မျိုးခွဲထွက်ထားပါတယ်။ အင်တာနယ်မင်မိုရီကလည်း RAM 3GB ဖုန်းမှာ 32GB နဲ့ RAM 4GB ဖုန်းမှာ 64GB လို့ နှစ်မျိုးထွက်ထားပါတယ်။

မင်မိုရီကတ် ထပ်စိုက်သုံးရင် 256GB အထိကို ထောက်ပံ့ပေးထားပြီး မင်မိုရီကတ်အတွက် သီးသန့်အပေါက်ပါဝင်လို့ မင်မိုရီကတ်သုံးရင်လည်း ဆင်းကတ်နှစ်ကတ်ကို သုံးနိုင်မှာဖြစ်ပါတယ်။ ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၂ မဂ္ဂါပစ်ဇယ်နဲ့ ၅မဂ္ဂါပစ်ဇယ် ကင်မရာနှစ်လုံးပေါင်းထားတဲ့ Dual Camera ဖြစ်ပြီး ရှေ့ဘက်ကင်မရာကတော့ ၁၆ မဂ္ဂါပစ်ဇယ်ရှိပါတယ်။ ဆယ်လ်ဖီကင်မရာဟာ HD အရည်အသွေး ဓာတ်ပုံနဲ့ ဗီဒီယိုတွေ ရိုက်နိုင်မယ့်အပြင် ထူးခြားချက်အနေနဲ့ ရှေ့ဘက်က ဆယ်လ်ဖီကင်မရာအတွက်ပါ ဖလက်ရှ်မီးပါဝင်ပါတယ်။

လက်ဗွေစနစ်ကတော့ အရင်ထွက်ထားတဲ့ ဖုန်းတွေလိုပဲ နောက်ကျောဘက်မှာ ပါဝင်ပါတယ်။ ဘက်ထရီပိုင်းမှာလည်း 3080 mAh Li-po ဘက်ထရီကို အသုံးပြုထားလို့ စွမ်းရည်မြင့်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ မီးခိုးရောင်၊ ရွှေရောင်နဲ့ နှင်းဆီရွှေရောင်လို့ အရောင်သုံးမျိုး ရနိုင်ပါတယ်။ ပြည်တွင်းဈေးကွက်မှာ လက်ရှိရောင်းချနေတဲ့ ဈေးနှုန်းက မင်မိုရီ 32GB ဖုန်းက ကျပ် ၁၉၀၀၀၀ ကျော်နဲ့ 64GB



ဖုန်းက ကျပ် ၂၂၀၀၀၀ ခန့်ရှိပါတယ်။ ကိုယ်ထည်အရောင်တွေအပေါ် မူတည်ပြီးတော့ ဈေးနှုန်းကွာခြားမှုလည်း အနည်းငယ်ရှိတာကို တွေ့ရပါတယ်။ **သူရဖြိုး**


### အမည်ပြောင်း

ဦးကြည်စိုးမင်း၏သား အိမ်မဲမြို့၊ အထက ကြို့ကုန်း ဒုတိယတန်းမှ မောင်သုတစိုးအား မောင်သူရလင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သူရလင်း**

### အမည်မှန်

ဦးမျိုးတင့်၏သား ကျောက်ဆည်မြို့၊ ညောင်ရွှေ အထက(ခွဲ)၊ ပဥ္စမတန်း(A)မှ ဦးမျိုးတင့်၏သား မောင်ရှိုင်းကိုကိုဇင်(ခ) မောင်ရှိုင်းထက်အောင်၏ အမည်မှန်မှာ မောင်ရှိုင်းကိုကိုဇင် ဖြစ်ပါကြောင်း။

**မောင်ရှိုင်းကိုကိုဇင်**

### မိဘအမည်မှန်

ဝက်လက်မြို့နယ်၊ သမရိုးကျေးရွာ အထက(ခွဲ)၊ အဋ္ဌမတန်းမှ မောင်ဇင်လင်းထက်၏မိဘအမည်မှန်မှာ ဦးကျော်မျိုးနိုင် ၅/ဝလန(နိုင်)၁၁၂၃၂၈ နှင့် ဒေါ်ဖြူဖြူဝင်း ၅/ဝလန(နိုင်)၁၂၇၈၀၆ ဖြစ်ပါကြောင်း။

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၈၆) ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ ခြောက်ထပ်တိုက်အဆောက်အအုံ၏ ၄လွှာ တိုက်ရှေ့မျက်နှာမူလျှင်(ဝဲ)၊ အကျယ်အဝန်း(၁၂ပေခွဲ×၅၈ပေ)ရှိ တိုက်ခန်းအား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမျိုးအောင် ၁၂/သလန(နိုင်)၀၆၄၁၆၃ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိ ပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း(LL.B)(စဉ်-၂၇၀၇၅)**
**လင်းအကျိုးဆောင်အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)ဘီ၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၇၉၀၁၈၉၈၆၀၊ ၀၉-၉၇၄၀၀၂၄၅၂**

### ဖခင်အမည်မှန်

ချောက်မြို့နယ် အထက စလေ တက္ကသိုလ်ဝင်တန်းမှ မအိအိမွန် ၈/စလန(နိုင်)၂၃၅၈၂၄၏ ဖခင်အမည်မှန်မှာ ဦးပေါက်ကျော် ၈/စလန(နိုင်) ၁၇၉၃၅၅ ဖြစ်ပါကြောင်း။

**ဦးပေါက်ကျော်**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်မြင့်စိုး ၃/လဘန(နိုင်) ၁၆၂၉၃၇၏ ပတ်စပို့စ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၅၈၅၉၇၈**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/5252,Nissan Wingroad Y12 Station Wagon (4×2) Rယာဉ်လက်ဝယ်ရှိသူ ဒေါ်နီ၁၂/ရပသ(နိုင်)၀၁၁၇၄၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ပြင်စာကျေးရွာ၊ ကွင်းအမှတ်(၉)၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(၀ဒသမ၉၂)ဧကရှိ ပုံစံ-၇ရရှိထားခြင်းမရှိသေးသည့်မြေကွက်အား ဦးအောင်သန်း ၅/ပလဘ(နိုင်)၀၀၉၀၆၁က လယ်ယာမြေအခြားနည်းအသုံးပြုခွင့်(ပုံစံ-၃၀/ခ) လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်အမှတ် ၁၇၂၊ စတုတ္ထထပ်(ငါးလွှာ)၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်စပ်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်မြင့်မြင့်စန်း ၆/ပလန(နိုင်)၀၁၃၈၈၁ထံမှ ကျွန်ုပ်က ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်ကျော်**
**၁၀/မလမ(နိုင်)၀၀၈၃၉၃**
**အမှတ် ၁၄/၆-က၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၁၄၁၂၉၁၄၊ ၀၉-၉၅၁၉၇၃၆၉၅၊ ၀၉-၇၈၂၉၈၅၃၅၅**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/2417 Toyota Hilux LN106, PICKUP 4x4 Double Cab ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိန်တွမ်ရှမ်း ၁၃/ကခန(နိုင်)၀၄၉၁၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မူဆယ်) မူဆယ်မြို့**

### သားအဖြစ်မှ အမွေစားအမွေခံစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ် ၅၀နေ ဦးခင်မောင်အေး-ဒေါ်မြင့်မြင့်ဝင်းတို့၏သား နေထွန်းအောင် ၁၂/မရက(နိုင်)၀၄၀၉၂၅ သည် မိဘတို့ခွင့်မလွှတ်နိုင်သောအမှားများကို အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေစားအမွေခံ စွန့်လွှတ်လိုက်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ဝင်း**
**၁၂/မရက(နိုင်)၀၈၁၆၄၇**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ မကျည်းတန်း ၁လမ်း၊ အမှတ် ၈၈နေ ဦးမြင့်အောင် ၇/ရကန(နိုင်)၀၄၅၀၇၅ နှင့် ဒေါ်ရီရီသိန်း ၇/ရကန(နိုင်)၀၄၅၀၇၃ တို့၏ သမီး မလွင်လွင်အေး ၇/ရကန(နိုင်)၀၄၅၅၄၀သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘနှင့်ညီအစ်ကို မောင်နှမများ စိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သည့်အပြင် ခွင့်မလွှတ်နိုင်သော အပြုအမူအမျိုးမျိုးကိုပြုလုပ်ခဲ့ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ အထက်ပါနေအိမ်နှင့်လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အသိပေးအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

**ဦးမြင့်အောင်-ဒေါ်ရီရီသိန်း**




## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိုးလွင်၏သား ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် မတဂ- ၁၅၀၁ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော မောင်ငြိမ်းချမ်းအေး ၁၃/ကလန(နိုင်)၁၃၁၈၉၃နှင့် မောင်ချမ်းငြိမ်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမက (၂၂)၊ စတုတ္ထတန်း(B)မှ မငြိမ်းသဇင်ဗိုလ်၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးအောင် ၁၂/တမန(နိုင်) ၀၁၂၅၈၇ဖြစ်ပါ ကြောင်း။ **ဦးနေမျိုးအောင်**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ)၊ အလယ်ရွာ၊ အဋ္ဌမတန်းမှ စောမျိုးအောင်ခိုင်၏ဖခင်အမည်မှန်မှာ ဦးဒါးကျော် ၁၀/ပမန(နိုင်) ၁၃၂၂၀၀ဖြစ်ပါကြောင်း။ **ဦးဒါးကျော်**

## ဖခင်အမည်မှန်

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ဝက်ချောင်းကျေးရွာအုပ်စု၊ ရွှေလှေကြီးကျေးရွာနေ မရွှေစင်ဝင်း ၁၄/ကကန(နိုင်) ၁၆၈၃၇၇ ၏ ဖခင်အမည်မှန်မှာ ဦးခင်စိုး(ခ) ဦးခင်မောင်စိုး ဖြစ်ပါကြောင်း။ **ဦးခင်စိုး(ခ)ဦးခင်မောင်စိုး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက(စစ်ကွင်း)၊ နဝမတန်း(D)မှ မစုပိုအေး၏ ဖခင်အမည်အမှန်မှာ ဦးချစ်သန်း ၇/သဝတ(နိုင်) ၀၇၀၂၈၇ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အောင်လံမြို့နယ်တရားရုံး
## ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၉

မောင်အောင်လှိုင်ဝင်း နှင့် မလှလှဝင်း
**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ ဇေယျဝတီရပ်ကွက်၊ ရွှေနှင်းဆီလမ်းနေ မလှလှဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မောင်အောင်လှိုင်ဝင်းမှ လင်မယားကွာရှင်းပေးစေလိုမှုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ်၊ ဇွန် ၂၆ ရက် (၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ ဇွန် ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖော်လင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**အောင်လံမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်းအတွက်
## အသိပေးကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ)ခြောက်လငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း(၃၁၃)ခုနှင့် Water Supply တစ်ခု ဆောင်ရွက်ရန်ခေါ်ယူထားသောတင်ဒါတွင် ပါဝင်သော အချို့ Lot များကို ပြန်လည်ရုပ်သိမ်းခြင်း၊ Lot တန်ဖိုးငွေများပြောင်းလဲခြင်းများ ရှိပါသဖြင့် Lot ဝယ်ယူထားသည့် ကုမ္ပဏီများသည် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး တင်ဒါရောင်းချသည့်ဌာနသို့အမြန်လာရောက် ဆက်သွယ်ရန်နှင့် တင်ဒါတင်သွင်းရမည့်ရက်အား ၂၉-၆-၂၀၁၈ရက် ညနေ၄း၃၀နာရီအထိ ထပ်မံတိုးမြှင့်ပေးထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၈၃၀၂၄၇၇**
**ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၁၀၁၄၇၊ ၀၉-၂၅၁၀၀၀၈၅၅**

## မိခင်အမည်မှန်

ကော့ကရိတ်မြို့၊ အထက(၁)၊အဋ္ဌမတန်း(B)မှ မောင်ကျော်လွင်အောင်၏ မိခင်အမည်မှန်မှာ နော်အဲသကျေးဖေါ ၃/ကကရ(နိုင်)၁၃၈၁၇၀ ဖြစ်ပါကြောင်း။ **နော်အဲသကျေးဖေါ**

## ဖခင်အမည်မှန်

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အ.ထ.က (၂) ဒသမတန်း (G) မှ မလှဲ့ရည်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးဖုန်းမြင့် (၁၂/သကတ(နိုင်)၀၀၃၇၃၀) ဖြစ်ပါကြောင်း။ **ဦးဖုန်းမြင့်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နေ မနိုဝေမီ (သူနာပြု) မကွေးတိုင်းဆေးရုံကြီး၊ မယွန်းဝေမီ (စီးပွားရေး)၊ မအယ်ဝေမီ (တက္ကသိုလ်ဝင်တန်း၊UHW) ကိုယ်ပိုင်အထက်တန်းကျောင်းစလင်းမြို့တို့၏ ဖခင်အမည်မှန်မှာ ဦးဘုန်းမြင့်စိုး ၈/စလန(နိုင်)၀၀၄၅၄၀ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊အထက(ခွဲ)ကွမ်းစိုက်တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ခိုင်ဇော်၏ ဖခင်အမည်မှန်မှာ ဦးနေလင်း ၉/မခန(နိုင်)၃၁၁၂၀၃ ဖြစ်ပါကြောင်း။ **ဦးနေလင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဆိပ်ဖြူမြို့နယ်၊ သဖန်းတောင့်ကျေးရွာနေ မအေးအေးမွန်(BA. Eco)၊ မောင်ကြံတိုင်းအောင်၊ မောင်မြတ်သူအောင် Final Year Hist နှင့် မဖြိုးဖြိုးမွန် Third Year Hist တို့၏ဖခင် ဦးစန်းအောင် ၈/ဆဖန(နိုင်) ၀၂၄၂၀၂နှင့် ဦးမောင်စန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ မြို့မအခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်း(A)တွင်ပညာသင်ကြားနေသော မောင်မှိုင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးတင့်လွင်ဖြစ်ပါကြောင်း။ **ဦးတင့်လွင်**
**၉/နထက(နိုင်)၀၂၅၀၃၉**




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/3810 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**



**homemyan.com**

ရောင်း/ဝယ်/ငှား

" FREE " ကြော်ငြာတင်ပေးပါသည်၊

Operated by SHOWA

**(၇)မိုင် ကုန်းမြင့်ရိပ်သာရှိ မြေကွက်ရောင်းမည်။**

(K-4900L) (ညှိနှိုင်း)

(40x60)ပေ၊ မြေပိုင်မြေ (အမည်ပေါက်မြေကွက်ခွဲပေးပါမည်။)

(ခြံရှေ့ကွန်ကရစ်လမ်း)ကုန်းမြင့်ရိပ်သာ အဝင်လေးတင်နေရာ

(အကျိုးဆောင်လက်ခံသည်၊)

TEL : 0950-72745 , 0951-33131


**၁။ ကလေးမြို့ဗိုလ်ချုပ်လမ်းတိုက်ရောင်းမည်။**

ကလေးမြို့ဗိုလ်ချုပ်လမ်း မြို့မဈေးမျက်စောင်းထိုး ယခင်ဒဂုံမိသားစု မျက်နှာစာအကျယ် (၄၀)ပေနောက်အရှည်(၁၁၂)ပေ၊ (၄)ခန်း×(၅)ခန်း RC နှစ်ထပ်တိုက်နှင့် (၃၅)ပေ×(၃၅)ပေ မီးခံတိုက်

**၂။ ကလေးမြို့မြေကွက်နှစ်ကွက်တွဲရောင်းမည်။**

ကလေးမြို့တပ်ဦးသီတာ(ပင်လုံ)ရပ်ကွက်၊ ဘူတာရုံလမ်း(ဝေဘူလလမ်း)ကားကြီးဝင်း မျက်နှာချင်းဆိုင်ရှေ့တွင်ရှိသော (၆၀)ပေ×(၈၀)ပေစီရှိသော မြေကွက်နှစ်ကွက်တွဲ (၆၀)ပေ×(၁၆၀)ပေခြံဝင်း။

**၃။ ကလေးမြို့ ညောင်ပင်သာရပ်ကွက်ရှိ ဂိုဒေါင်ရောင်းမည်။**

ကလေးမြို့ညောင်ပင်သာရပ်ကွက် မိုးလေဝသရုံးအနီး(၅၂)ပေ×(၁၂၀)ပေ ခြံအတွင်း၌ ကြမ်းခင်းအထူ (၂)လက်မ နံရံအထူ(၁)လက်မရှိ (၁၈)ပေ×(၁၈)ပေ (၄)ခန်းတွဲနှင့် အကျယ် (၆)ပေ၊ ပရပ်ပါ(၇၂)ပေ×(၂၄)ပေရှိ ဂိုဒေါင်တို့ကို ညှိနှိုင်းဈေးဖြင့် ဂရန်အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ဆက်သွယ်ရန်ဖုန်း - ၀၉-၅၀၁၃၂၂၈၊ ၀၉-၇၆၅၀၁၃၂၂၈၊ ၀၁-၃၆၈၀၆၂၃**

# လက်ထပ်ပြီးစီးခြင်း

ညောင်တုန်းမြို့နေ

ဦးလှခင်၊ ဒေါ်သန်းငွေ၊ ဦးလှဆွေတို့၏တူ

ရန်ကုန်မြို့နေ

ဦးကျော်မင်း-ဒေါ်မြမြငွေးတို့၏ တစ်ဦးတည်းသောသား

**ဒေါက်တာပြည့်ဖြိုးကျော်**

**M.B.,B.S (Ygn), M.Med. Sc (Preventive & Tropical Medicine)**

**သုတေသနအရာရှိ ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်မြို့**

နှင့်

ရန်ကုန်မြို့နေ

ဦးကျော်သာ-ဒေါ်သိန်းတင်တို့၏သမီးထွေး

ဦးရဲမြင့်အောင်-ဒေါ်ခင်အေး၊ ဦးနေဝင်းအောင်-ဒေါ်ခင်အေးလှိုင်၊

ဦးကျော်ဝင်းလှိုင်-ဒေါ်မြနှင်းဖြူတို့၏ညီမ

**ဒေါက်တာခင်အေးမွန်**

**M.B.,B.S (Ygn), M.Med.Sc (Microbiology)**

**လက်ထောက်ဆရာဝန် (အဏုဇီဝဗေဒ)၊ တိုင်းပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့**

တို့သည် နှစ်ဖက်သောလူကြီးမိဘများ၏ သဘောတူညီချက်ဖြင့် ၁၇-၅-၂၀၁၈ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ လက်ထပ်ပြီးစီးပါကြောင်း။

**ဒေါက်တာပြည့်ဖြိုးကျော်-ဒေါက်တာခင်အေးမွန်**

## ဖခင်အမည်မှန်

အလုံမြို့နယ်၊ အထက(၄)အလုံ တက္ကသိုလ်ဝင်တန်း(E)မှ မောင်အောင်ခန့်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွန်း ဖြစ်ပါကြောင်း။

**ဦးဇော်ထွန်း**

## ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက(ခွဲ) သင်ပုန်းတန်း တက္ကသိုလ်ဝင်တန်းမှ မစုမြတ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးကုလားမောင် ၁၁/စတန(နိုင်)၀၈၄၇၂၀ ဖြစ်ပါကြောင်း။

**ဦးကုလားမောင်**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(I)မှ မနန်းဟန်သီ၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုးထိုက် ၁၃/မပန(နိုင်)၀၀၇၇၄၁ ဖြစ်ပါကြောင်း။

**ဦးသိန်းစိုးထိုက်**

## အမည်မှန်

ဦးထွန်းထွန်းဇော်၏သား အထက ပုတီးကုန်း အဌမတန်းမှ မောင်အောင်သူရိန်ထွန်း၏ အမည်မှန်မှာ မောင်အောင်သက်ပိုင်ဖြိုး ဖြစ်ပါကြောင်း။

**မောင်အောင်သက်ပိုင်ဖြိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲမြို့နေ ဦးကျန်သိန်းမောင်၏သား မောင်ထက်ထက်လင်း ၁၁/တပဝ(နိုင်)၀၀၀၄၂၄ နှင့် မောင်နေလင်းထက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအောင်ကျော်မြင့် ၉/ပသက(နိုင်)၀၀၁၁၂၂၏သား မိတ္ထီလာမြို့ အထက(၁) ပဉ္စမတန်း(A)မှ မောင်ဟံသာကောင်း ဆက်အား မောင်ဟိန်းသန့်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းသန့်စံ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ သံကလောင်ကျေးရွာ၊ အမက(မူလွန်) ပဉ္စမတန်းမှ မင်းစွန်းရတ်မွန်၏ ဖခင်အမည်မှန်မှာ မောင်ဝေ ၁၀/ကမရ(နိုင်)၁၅၀၆၅၀ ဖြစ်ပါသည်။ **မောင်ဝေ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အရှေ့လက်ပံခုန်ရပ်ကွက်နေ မအိကေခိုင်ဇင်၊ မောင်မင်းထက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမိုးအောင် ၇/သဝတ(နိုင်)၁၀၅၆၀၉ ဖြစ်ပါကြောင်း။ **ဦးမိုးအောင်**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ တောင်ကန်ကြီး အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ ပဉ္စမတန်းမှ မောင်မျိုးထက်အောင်၏ဖခင် ဦးနိုင်စိုး၏ အမည်မှန်မှာ ဦးနိုင်မိုး ၉/ရမသ(နိုင်)၁၁၂၄၀၂ ဖြစ်ပါကြောင်း။

**ဦးနိုင်မိုး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ သံကလောင်ကျေးရွာ၊ အမက (မူလွန်) တတိယတန်းမှ မိနန်းရွှေရီဦး၏ ဖခင်အမည်မှန်မှာ မောင်ဝင်းနိုင် ၁၀/ကမရ(နိုင်)၁၂၅၃၇၃ ဖြစ်ပါသည်။

**မောင်ဝင်းနိုင်**

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဖြိုးလ၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဦး ၇/သဝတ(နိုင်)၀၆၇၃၉၄ ဖြစ်ပါကြောင်း။

**ဦးသက်နိုင်ဦး**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ရွာတန်း အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်လှိုင်းသူအောင်၏ဖခင် ဦးခင်မောင်ကြည်၏ အမည်မှန်မှာ ဦးမောင်ကြည် ၉/ရမသ(နိုင်)၁၆၁၁၃၈ ဖြစ်ပါကြောင်း။

**ဦးမောင်ကြည်**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**အမရပူရမြို့နယ် တရားရုံးတော်၌**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၇၇**

**ဦးဝင်းထွန်းအောင်** နှင့် **ဒေါ်သန့်သဇင်စိုး**

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ မိုးကောင်းရပ်နေ ဒေါ်သန့်သဇင်စိုး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းထွန်းအောင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇူလိုင် ၉ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို့စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**အမရပူရမြို့နယ်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မကွေးမြို့နယ်တရားရုံးတော်၌**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၅၅**

**ဦးမျိုးသော်** နှင့် **ဒေါ်ဇီးကွက်**

**တရားလို** **တရားပြိုင်**

မြင်သာရပ်၊ မေတ္တာလမ်းနှင့် (၂၆)လမ်းထိပ်၊ အမှတ် (၃၂)၊ မကွေးမြို့နေ ဒေါ်ဇီးကွက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးသော်က မြေကွက်အရောင်းအဝယ် တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇူလိုင် ၂ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်လင်းဦး)**
**ဒုတိယမြို့နယ်တရားသူကြီး (၂)**
**မကွေးမြို့နယ်တရားရုံး**



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းနှစ်ခုမှတ်တမ်းတင်ခြင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့် **ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော် သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍

*စာမျက်နှာ ၇ ကော်လံ ၁* ■

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ၁၆ ကြိမ်မြောက် အော်စလိုဖိုရမ်သို့ တက်ရောက်ဆွေးနွေး

## ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ ဆွေးနွေးခဲ့

**နေပြည်တော် ဇွန် ၂၁**


နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နော်ဝေနိုင်ငံတွင် ကျင်းပသည့် ၁၆ကြိမ်မြောက် အော်စလိုဖိုရမ်သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါ ဖိုရမ်သို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ဆိုမာလီဝန်ကြီးချုပ်၊ ဥရောပလုံခြုံရေးနှင့် ပူးတွဲဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂနိုင်ငံရေးဌာန လက်ထောက်အတွင်းရေးမှူးချုပ်၊ အယ်လ်ဂျီးရီးယား၊ ဂျော်ဒန်၊ အိုမန်နှင့် တန်ဇန်နီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် “မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးလမ်းကြောင်း” စကားဝိုင်းဆွေးနွေးပွဲတွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အော်စလိုတွင် ရောက်ရှိနေစဉ် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E. Ms. Eriksen Søreide၊ နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီး H.E. Mr. Nikolai Astrup တို့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား အပြန်အလှန် ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❁



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နော်ဝေနိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီး H.E. Mr. Nikolai Astrup တို့ အော်စလိုတွင် တွေ့ဆုံဆွေးနွေးစဉ်။



မြန်မာ့လက်ရွေးစင်အသင်း မေလအတွင်းက လေ့ကျင့်စဉ်။

# မြန်မာ့လက်ရွေးစင်အသင်း စက်တင်ဘာနှင့် အောက်တိုဘာလတွင် နိုင်ငံတကာခြေစမ်းပွဲများ ကစားမည်

**နေပြည်တော် ဇွန် ၂၁**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မေလအတွင်းက နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ပြီးနောက်ပိုင်း လေ့ကျင့်မှုရပ်နားထားပြီး စက်တင်ဘာလမှသာ အသင်းပြန်လည်ဖွဲ့စည်းပြီး နိုင်ငံတကာခြေစမ်းပွဲများ ပြန်လည်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် အောက်တိုဘာလမှ စတင်စခန်းဝင် လေ့ကျင့်မည်ဖြစ်သော်လည်း စက်တင်ဘာလတွင် နိုင်ငံတကာခြေစမ်းပွဲများအတွက်သာ ဖွဲ့စည်းခြင်း ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် အာရှအသင်းများ၊ အာဆီယံအသင်းများကို ဖိတ်ကြားထားပြီး စက်တင်ဘာလတွင် နှစ်ပွဲ၊ အောက်တိုဘာတွင်နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စုပွဲများအား အိမ်ကွင်း၊ အဝေးကွင်းကစားရမည် ဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် နိုင်ငံတကာခြေစမ်းပွဲများကို အိမ်ကွင်း၊ အဝေးကွင်းယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍


စေတနာကောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

ပရဟိတပါသောစီးပွားရေးလုပ်ငန်း "Social Business" အဖြစ် ရည်ရွယ်လုပ်ကိုင်ခြင်းကြောင့် ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးဝန်ဆောင်မှုများကို နိုင်ငံကျော် ဆရာ ဆရာမကြီးများက ဂုဏ်ယူစွာသင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၁-တန်း | ။ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၂-တန်း | ။ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၃-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၄-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၅-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ | ၅၀,၀၀၀ | ၄၀၀၀၀ |
| ၉-တန်း | ။ | ၅၅,၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ။ | ၆၅,၀၀၀ | ၄၀၀၀၀ |

(ကျောင်းပြောင်းလက်မှတ်ကို ဖွန်လ မှပေးပါ)

**တန်းခွဲအားလုံးစတင်ဖွင့်လှစ်နေပါပြီ**

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

**ပညာနန်းတော်**

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း**

စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ဆရာကောင်းမှ တပည့်ကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

**ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။

**အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်း ကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။

**ကျောင်းမှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။

**ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။

**ဖွံ့ဖြိုးရေး** ပြဋ္ဌာန်းသင်ရိုးအစီအစဉ်များအပြင် အထူးအစီအစဉ်အဖြစ် ကွန်ပျူတာသင်ကြားရေးကို ကျောင်းသားတစ်ဦးလျှင် Laptop တစ်လုံးစီ(ကျောင်းမှပေး)ဖြင့် Projector, Powerpoint, documentary များနှင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားပေးသည်။ သို့သော် Mobile Phone ကို လုံးဝ ယူခွင့်မပြုပါ။

**Repeater တန်းခွဲဖွင့်ပြီ**

ရုံးချုပ် - မြေအမှတ် 118 A/B ကျွန်းတချွမြိုင်လမ်း VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 782 216 338 pnndschool ကျောင်းရုံးခန်း > A-8 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။